DHAMMAVIJJĀLAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၅၆)

# ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏
# ဘဝ နှင့် ဓမ္မအမြင်

(ပထမတွဲ)

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဓမ္မဒါနကုသိုလ်ရှင်

(ဗိုလ်ချုပ်ကြီး မဟာသရေစည်သူစိုးဝင်း)+ဒေါ်သန်းသန်းနွဲ့

သား၊ သမီး၊ မြေးများ မိသားစု

ကောင်းမှု

နတ်လူသာစုခေါ်စေသော်

**အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဘဝနှင့် ဓမ္မအမြင်

(ပထမတွဲ)

တရားစာအုပ်များကို

ဓမ္မစာပေ အလှူငွေဖြင့်

ပုံနှိပ်ဖြန့်ဝေသည်

# ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဘဝနှင့် မေ့အမြင်
# အပိုင်း (၁)

သာသနာတော်နှစ် ၂၅၅၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်(၁၂)ရက်၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးအတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်းအနားဝယ် ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းမကြီး အမှတ် (၄၅) မြေညီထပ်၊ အဖိုး ဦးခင်ဝင်း၊ အဖွား ဒေါ်အမာတို့အား ရည်စူး၍ နားနားပန်ပန် (ပန်ပန် ဆံပင်မိတ်ကပ်အလှပြုပြင်ရေး) မိသားစုတို့၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားတော်မူသည်။

## ပစ္စေကဗုဒ္ဓ

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာလို့ မြန်မာစာပေမှာ မကြာခဏ တွေ့ကြရတယ်။ ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တွေ လေ့လာဖတ်ရှုတဲ့အခါမှာလည်း ပစ္စေကဗုဒ္ဓတို့၏အကြောင်းကို တွေ့ရှိကြရတယ်။ သို့သော် ပစ္စေကဗုဒ္ဓဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးဖြစ်သလဲ၊ ဘယ်လို ဓမ္မအမြင်တွေ ရှိသလဲ၊ ထိုပစ္စေကဗုဒ္ဓတို့ရဲ့ ဘဝအဋ္ဌုပ္ပတ် ဘယ်လိုရှိသလဲဆိုတာ မှတ်သားနာယူကြရအောင် ဒီတရားခေါင်းစီးကိုရွေးပြီး ဒီကနေ့ညမှ စတင်ဟောပြောပေးမှာပါ။

## ဣသိဂိလိသုတ်

ပစ္စေကဗုဒ္ဓါအကြောင်းနဲ့ ပတ်သက်တဲ့ သုတ္တန်တစ်ခုက မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ ပါဠိတော်မှ ဣသိဂိလိသုတ် ဖြစ်တယ်။

သီဟိုဠ်နိုင်ငံ ပရိတ္တပါဠိ (ပရိတ်ကြီးပါဠိ) မှာ ဣသိဂိလိ သုတ် ပါတယ်။ မြန်မာပြည်က ပရိတ်ကြီးထဲမှာတော့ မပါဘူး။ ပစ္စေကဗုဒ္ဓါတို့ရဲ့ အမည်စာရင်းလောက်သာ ဖော်ပြတဲ့သုတ္တန် ဖြစ်လို့ ပရိတ်ကြီးထဲမှာ ရှေးမြန်မာဆရာတော်ကြီးတွေက မထည့် သွင်းခဲ့တာ ဖြစ်ပါလိမ့်မယ်။

ဣသိဂိလိသုတ်အကြောင်းကို အကျဉ်းချုပ် ပြောပြရမယ် ဆိုရင် 'တောင်ငါးလုံးကာခို ရာဇဂြိုဟ်' ဆိုတဲ့အတိုင်း ရာဇဂြိုဟ် ပြည် အနီးမှာ တောင်ငါးလုံး ရှိတယ်။ အဲဒီ တောင်ငါးလုံးထဲက ဣသိဂိလိတောင်ကို မြတ်စွာဘုရား ရောက်ရှိနေခိုက် ဣသိဂိလိ တောင်ပေါ် ကမြင်ရတဲ့ ပတ်ဝန်းကျင် တောင်လေးလုံး အကြောင်း မှ စတင်ပြီးပြောတာ။

"ချစ်သား ရဟန်းတို့၊ ဒီကနေ ကြည့်လိုက်တဲ့အခါမှာ ဝေဘာရတောင်ကြီး မြင်ကြရဲ့လား။" ဒီနေ့ခေတ်သာ ဝေဘာရ လို့ခေါ် တာ။ ရှေးတုန်းက ဝေဘာရလို့မခေါ် ဘူး။ တခြားအမည် ရှိခဲ့သေးတယ်တဲ့။ နောက် ဝေပုလ္လတောင်ကြီးကိုကြည့်ပြီး "ဟိုဘက်ကတောင်က ဝေပုလ္လတောင် ဖြစ်တယ်။" တစ်ချိန် တုန်းကတော့ ဝေပုလ္လဆိုတဲ့ နာမည်နဲ့ မခေါ် ခဲ့ဘူး။ နောက် "အဲဒီဟိုဘက်က တောင်ကျတော့ ပဏ္ဍဝတောင်လို့ခေါ် တယ်"။ အဲဒီ ပဏ္ဍဝတောင်ကိုလည်း တစ်ချိန်တုန်းက ပဏ္ဍဝတောင်လို့

မခေါ်ဘူး။ တခြားအမည်နဲ့ခေါ်ခဲ့တယ်။ "အဲဒီကနေ ကြည့်လိုက်တဲ့အခါ ဂိဇ္ဈကုဋ်တောင်ကြီး တွေ့လိမ့်မယ်။" အဲဒီ ဂိဇ္ဈကုဋ်တောင်ကြီးကိုလည်း တစ်ချိန်တုန်းက ဂိဇ္ဈကုဋ်လို့ မခေါ်ဘူး။ တခြားအမည်နဲ့ ခေါ်ခဲ့တယ်။ "အခု တို့တတွေ ရောက်နေတဲ့ တောင်ကိုတော့ ဣသိဂိလိတောင်လို့ ခေါ်တယ်" လို့ မြတ်စွာဘုရားက တောင်တွေရဲ့ နာမည်ကို ပြောပြတာ။

ဘာဖြစ်လို့ **ဣသိဂိလိ** လို့ ခေါ်တာလဲဆိုရင် တခါတုန်းက အဝေးကနေပြီး လှမ်းကြည့်တဲ့ ပုဂ္ဂိုလ်တွေရဲ့အမြင်မှာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေ ဒီတောင်မှာ သီတင်းသုံးဖို့ ဝင်ဝင်သွားတာ မြင်လိုက်ကြရတယ်။ ထွက်လာတာ မမြင်ရဘူး။ ကောင်းကင်က ကြွလာပြီး ဒီတောင်ရောက်ရင် ပျောက်ပျောက်သွားတယ်။ ဒီတောင်ကြီးက "ဣသိတွေကို မျိုတယ်" လို့ ထင်မှတ်ပြီး **ဣသိဂိလိ** ဆိုတဲ့နာမည်နဲ့ ခေါ်ကြတာဖြစ်တယ်။ "**ရသေ့မျိုတောင်**"ပေါ့နော်။

**ဣသိ** ဆိုတာ သူတော်စင်တွေအားလုံးကိုခြုံငုံပြီးခေါ်တာ။ မြန်မာကတော့ ဣသိ ကို ရသေ့လို့ပဲ ပြန်ဆိုတယ်။ သို့သော် သူတော်စင်အဝတ် ဝတ်ထားတဲ့ ပုဂ္ဂိုလ်တွေအားလုံးကို ဣသိ ခေါ်လို့ရတယ်။ ဂိလိ ဆိုတာ မျိုချခြင်းလို့ အဓိပ္ပါယ်ရတယ်။ ဣသိဂိလိ- (ရသေ့မျိုတောင်) လို့ နာမည်ပေးလာခဲ့တာတဲ့။

မြတ်စွာဘုရားက ပစ္စေကဗုဒ္ဓါငါးရာ ဒီတောင်မှာ သီတင်းသုံးသွားဘူးတယ်ဆိုပြီး ပစ္စေကဗုဒ္ဓါတွေရဲ့ အမည်နာမတွေကို အဲဒီသုတ္တန်မှာ ဟောထားတယ်။ ပစ္စေကဗုဒ္ဓါတွေရဲ့ အမည်တွေကိုသာ ဟောထားပြီး ဘဝနှင့်ဓမ္မအမြင်တွေ မပါဘူး။

## ခဂ္ဂဝိသာဏသုတ်

နောက် ပစ္စေကဗုဒ္ဓါအကြောင်း ပါရှိတဲ့ သုတ္တန်တစ်ခုက တော့ သုတ္တနိပါတ်မှ ခဂ္ဂဝိသာဏသုတ် ဖြစ်တယ်။ ခဂ္ဂ ဆိုတာ ကြံ့၊ ဝိသာဏ ဆိုတာ ဦးချို၊ အခုခေတ် Television တွေမှာ တောရိုင်းတိရစ္ဆာန်တွေအကြောင်း ပြနေတာဆိုတော့ ကြံ့ကို မြင်ဖူးကြလိမ့်မယ်။ ကျွဲလို အကောင်မဲမဲကြီးပေါ့။ သို့သော် ကြံ့ ဆိုတဲ့ အကောင်က ခေါင်းပေါ်မှာ ချိုပေါက်တာ မဟုတ်ဘူး။ နှာခေါင်းပေါ်မှာ ချိုပေါက်တာ။ ချိုက တစ်ချောင်းတည်း ဖြစ်တယ်။ အခြားတိရစ္ဆာန်တွေက ခေါင်းပေါ်မှာ ချို(၂)ချောင်း ပါတယ်။ ကြံ့ကျတော့ တစ်ချောင်းထဲပါတယ်။

တစ်ခါတုန်းကတော့ Television က လွှင့်တဲ့ တောရိုင်း တိရစ္ဆာန်တွေအကြောင်း စိတ်ဝင်တစားကြည့်မိတယ်။ အာဖရိက ကြံ့တွေက နှာခေါင်းပေါ် ချိုက တစ်ချောင်းမကဘူး။ အတိုက တစ်ချောင်း၊ အရှည်က တစ်ချောင်း ၂-ချောင်း ဖြစ်နေတယ်။ မြတ်စွာဘုရားက အိန္ဒိယမှာဟောတာဖြစ်လို့ အိန္ဒိယကြံ့တွေမှာ ချိုတစ်ချောင်းတည်း ရှိပုံရတယ်။

ကြံ့ဆိုတဲ့အကောင်က သွားနေစဉ် ရှေ့မှာတွေ့တဲ့ သစ်တုံး စသည်ကို ချိုနဲ့ကော်ပြီး နောက်ကိုပစ်ချတတ်တယ်။ ဒီကောင်ကြီး တွေက အားအလွန်ကောင်းတယ်။ ဆင်လောက် မကြီးပေမယ့် သူက ကျွဲထက်နည်းနည်းကြီးတယ်။

ဝိသုဒ္ဓါရုံဆရာတော်ကြီးက လယ်တီဆရာတော်ကြီးနဲ့ ပတ်သက်ပြီး ဂါထာတစ်ပုဒ် ရေးဖူးတယ်။

**ယထာပိ ဗလဝါ ခဂ္ဂေါ၊ ဉက္ခိပျ ပုရတော ဋ္ဌိတော။**

**ပစ္ဆာဂေ ပုဝတ္တ မာရေတိ၊ တထာ ထေရောပိ ဗလဝါ။**

လယ်တီဆရာတော်ကြီးက မြန်မာပြည်အနှံ့ လှည့်လည်ပြီး တရားဟောတယ်။ အဘိဓမ္မာတတ်အောင် ပရမတ္ထသံခိပ်ကျမ်းရေးပြီး သံခိပ်ကဗျာတွေ သင်ပေးတယ်။ မြို့တိုင်း ရွာတိုင်းမှာ သံခိပ်အသင်းတွေ ဖွဲ့တယ်။ ဆရာတော်ကြီးရဲ့ နောက်ပါကိုယ်တော်ငယ်တွေက ဒီသံခိပ်အသင်းသူတွေကို စာသင်ပေးကြရတယ်။

နောက်ပိုင်းမှာ ကိုယ်တော်ငယ်တွေ အသင်းသူတွေနဲ့ ရင်းနှီးပြီး လူထွက်ကြတယ်။ လယ်တီဆရာတော်ကြီးက ရှေ့က တရားဟောထွက်၊ နောက်က သူ့ရဲ့တပည့် ကိုယ်တော်တွေက လူထွက်ကုန်တယ်။ လယ်တီဆရာတော်ကြီးရဲ့ နာမည်အကြီးဆုံး တပည့်ကြီးက လယ်တီပဏ္ဍိတ ဦးမောင်ကြီးတဲ့။ လယ်တီပဏ္ဍိတဆိုတာ ဘုန်းကြီးတုန်းက ဦးပဏ္ဍိတဆိုတဲ့ဘွဲ့နဲ့ဖြစ်တယ်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးကစပြီး ထွက်လိုက်တာ နောက်ကတသီကြီး လူထွက်ကြတာနော်။

အဲဒီတော့ ဝိသုဒ္ဓါရုံဆရာတော်ကြီးက သတိပေးတဲ့ အနေနဲ့ ဂါထာတစ်ပုဒ် ရေးတယ်လို့ ကြားဘူးတယ်။ ဂါထာရဲ့ အဓိပ္ပါယ်က "အင်မတန်အားကောင်းတဲ့ကြံ့ကြီးက ရှေ့ကသွားပြီး တွေ့သမျှ သစ်တုံးတွေကို နောက်ချည်းပဲ ပစ်ပစ်ချတာတဲ့။ နောက်ကပါလာတဲ့ ကြံ့ပေါက်စလေးတွေပေါ် ကျပြီး ကြံ့ကလေးတွေ သေကုန်တယ်" လို့ ဆိုလိုတယ်။

ဒီနေရာပြောချင်တာက ကြံ့ဆိုတဲ့သတ္တဝါမှာ ချိုတစ်ချောင်းတည်း ရှိတယ်။ အဲဒီ ကြံ့ရဲ့ချိုလို တစ်ယောက်တည်းနေပါ၊ တစ်ယောက်တည်းကျင့်ပါလို့ ဒီ ခဂ္ဂဝိသာဏသုတ်မှာ ဟောထားတာ။

မဟာဇနကဇာတ်တော်မှာလည်းကြည့်လေ၊ လက်ကောက်နှစ်ရံဝတ်ရင် တစ်ခုနဲ့တစ်ခုတိုက်ပြီး အသံထွက်တယ်။ လူလည်းနှစ်ယောက်နေရင် စကားများတယ်၊ ရန်ဖြစ်တယ်။ နှစ်ယောက်နေရင် တည့်ခဲတယ်ပေါ့။ ဒါ့ကြောင့် ပစ္စေကဗုဒ္ဓါတွေက တစ်ယောက်တည်းနေဖို့ **ခဂ္ဂဝိသာဏ** သုတ်မှာ တိုက်တွန်းနှိုးဆော်ကြတယ်။

အဲဒီ ခဂ္ဂဝိသာဏသုတ်မှာ ဂါထာပေါင်း ၄၁-ပုဒ်ရှိပြီး တစ်ပုဒ်စီ တစ်ပုဒ်စီ ပစ္စေကဗုဒ္ဓါတွေရဲ့ ဟောပြောချက်နဲ့ သူတို့ရဲ့ ဘဝဇာတ်လမ်းတွေကို မှတ်သားကြရမှာဖြစ်တယ်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေရဲ့ အကြောင်းကို အတော်လေး စုံစုံစေ့စေ့ သိရှိရမှာပါ။

**အပဒါန်**

နောက်တစ်ခုကတော့ **အပဒါန်** ဆိုတဲ့ ပါဠိတော်ရှိတယ်။ **အပဒါန်** ဆိုတဲ့ စကားလုံးက အတိတ်ကလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ် အကျင့်လို့ အဓိပ္ပါယ်ရတယ်။ **စရိယ**ဆိုတဲ့ အဓိပ္ပါယ်နဲ့ တူတယ်။ အပဒါန်ကျမ်းမှာ (၁) **ဗုဒ္ဓါ ပဒါန်**- မြတ်စွာဘုရားရဲ့ အတိတ်ကလုပ်ခဲ့တဲ့၊ ကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့တဲ့ အချက်တွေ၊ (၂) **ပစ္စေကဗုဒ္ဓါ ပဒါန်**- ပစ္စေကဗုဒ္ဓါလောင်းတွေ

ကျင့်ကြံ ကြိုးကုတ် အားထုတ်ခဲ့တဲ့ အကြောင်းအရာတွေ၊ (၃) **ထေရာပဒါန-** သာဝကမထေရ်တို့ရဲ့ အတိတ်က ကျင့်ကြံ ကြိုးကုတ် အားထုတ်ခဲ့တဲ့ အကြောင်းအရာတွေ၊ (၄) **ထေရီ အပဒါန-** အမျိုးသမီးဘိက္ခုနီတို့ရဲ့ အတိတ်ဘဝတုန်းက ကျင့်ကြံ ကြိုးကုတ် အားထုတ်ခဲ့တဲ့ အကျင့်တွေဆိုပြီး အပဒါန လေးပိုင်း ရှိတယ်ပေါ့။ ဒါတွေကို စုပေါင်းဖော်ပြထားတဲ့ **အပဒါန** ကျမ်း ရှိတယ်။ အဲဒီကျမ်းမှာ **"ပစ္စေကဗုဒ္ဓါ ပဒါန"** ဆိုတဲ့ အခန်း တစ်ခန်း ပါရှိတယ်ပေါ့။

## ပစ္စေကဗုဒ္ဓါပဒါန

ရှင်အာနန္ဒ မထေရ်မြတ်က တစ်ပါးတည်းနေရင်း တွေးမိ တယ်ပေါ့။ "ဘုရားအလောင်းတော်တွေ ဘယ်လိုကျင့်ကြံ ကြိုးကုတ် အားထုတ်ခဲ့တယ်၊ ပါရမီတွေ ဘယ်လိုဖြည့်ခဲ့တယ် ဆိုတာ သိသာထင်ရှားတယ်။ ပစ္စေကဗုဒ္ဓါတွေ အတိတ်ဘဝ တုန်းက ဘယ်လို ပါရမီဖြည့်ခဲ့ကြတယ်၊ ဘယ်လို ဆုပန်ခဲ့ကြ တယ်ဆိုတာတွေ တိမ်မြုပ်နေတယ်။ ဒါတွေကို သိရရင် ကောင်း မှာပဲ"လို့ စိတ်ကူးရပြီး မြတ်စွာဘုရားကို မေးလျှောက်တယ်။ မြတ်စွာဘုရားက **ပစ္စေကဗုဒ္ဓါပဒါန** ကို ဟောခဲ့တယ်။ ပစ္စေက ဗုဒ္ဓါ အရှင်မြတ်တွေ သူတို့ကိုယ်တိုင် ပြန်လည်ပြောပြတဲ့ သူတို့ဘဝ အကြောင်းနဲ့ ဓမ္မအမြင်တွေကို ဂါထာတွေနဲ့ ပြောသွားကြတဲ့ အတိုင်း မြတ်စွာဘုရားက ပြန်ဟောထားတာ။

အဲဒီတော့ စာပေကျမ်းဂန်မှာ **ခ္ဂသိဂိလိသုတ်** လာ ပစ္စေကဗုဒ္ဓါတွေရဲ့အကြောင်း၊ **ခဂ္ဂဝိသာဏသုတ်** လာ ပစ္စေက

ဗုဒ္ဓါတွေရဲ့အကြောင်း၊ **ပစ္စေကဗုဒ္ဓါပဒါန** ကျမ်းလာ ပစ္စေက ဗုဒ္ဓါတွေရဲ့အကြောင်းဖြစ်လို့ အဲဒီကျမ်း (၃)ကျမ်းက ထုတ်နှုတ်ပြီး **ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ရဲ့ ဘဝနဲ့ဓမ္မအမြင်** ဆိုတာကို လေ့လာကြရမှာပါ။

ဒါ့အပြင် ငါးရာ့ငါးဆယ်ဇာတ် အဋ္ဌကထာ, ဓမ္မပဒ အဋ္ဌကထာ, အင်္ဂုတ္တရ အဋ္ဌကထာနဲ့ ထေရီဂါထာ အဋ္ဌကထာ တို့မှာလည်း ပစ္စေကဗုဒ္ဓါတွေအကြောင်း ပါရှိတယ်။

## ပစ္စေကဗုဒ္ဓါ ငါးရာ

ဤ၌ အင်္ဂုတ္တရနှင့် ထေရီဂါထာ အဋ္ဌကထာလာ ပစ္စေက ဗုဒ္ဓါ ငါးရာအကြောင်း အနည်းငယ် ပြောပါ့မယ်။ ဘဒ္ဒကမ္ဘာမှာ ပဒုမဒေဝီမိဖုရားရဲ့ သားငါးရာသည် ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။ အဲဒီ ပဒုမဒေဝီဖြစ်မယ့် အမျိုးသမီးက ပစ္စေကဗုဒ္ဓါထံမှာ ကုသိုလ်ကောင်းမှုပြုပြီး သားငါးရာရဖို့ ဆုပန်ခဲ့တယ်။ အဲဒီလို ဆုပန်နေတဲ့ အချိန်မှာ တောလည်မုဆိုးငါးရာကကြားပြီး အဲဒီ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ထံ ကုသိုလ်ကောင်းမှုလုပ်ပြီး သူတို့သည် အခု ဆုပန်တဲ့ အမျိုးသမီးရဲ့ သားငါးရာ ဖြစ်ရပါလို၏လို့ ဆုတောင်းခဲ့ကြတယ်။

ပဒုမဒေဝီဟာ ရှင်မွေးလွန်းပဲ။ အခုခေတ် သူ့ကို စံချိန်ချိုးနိုင်တာ မရှိသေးဘူး။ သားငါးရာတောင် မွေးဖွားတာလေ။ ဝိသာခါတောင်မှ သားသမီးနှစ်ဆယ်ပဲ မွေးတာ။ ကမ္ဘာမှာတော့ သားအများဆုံးမွေးတာ ပဒုမဒေဝီပဲ။ ပဒုမဒေဝီက သားငါးရာ ဘယ်လိုများ မွေးပါလိမ့်လို့ စဉ်းစားစရာ ရှိတာပေါ့။ ငါးရာစလုံး ကိုယ်ဝန်ဆောင်ပြီး မွေးဖို့ကတော့ မဖြစ်နိုင်ဘူးနော်။

ဘယ်လိုနည်းနဲ့ မွေးတာတုန်းလို့ဆိုရင် မဟာပဒုမ မင်းသားကို ရိုးရာအတိုင်းမွေးတာ။ ကျန်တဲ့သား လေးရာကိုးဆယ့်ကိုးယောက်က သွေးအညှိကိုစွဲပြီး သံသေဒဇ အနေနဲ့ ဖြစ်လာကြတာတဲ့။ အခုခေတ် clone ဆိုတာနဲ့တူတယ်နော်။ သန္ဓေတည်တာ ဝမ်းထဲမှာမဟုတ်ဘူး။ မဟာပဒုမ မင်းသားကို မွေးဖွားလိုက်တဲ့ အချိန်မှာ အဲဒီ အညှိကိုစွဲပြီး ကျန်တဲ့ သူညီတော်တွေက မွေးဖွားရတာ။ အဲဒီလို အညှိစွဲဖြစ်တာကို သံသေဒဇလို့ ခေါ်တယ်။

သံသေဒဇ နဲ့ ဩပပါတိက ဘာကွာတုန်းဆိုရင် ဩပပါတိက က မွေးဖွားလိုက်တာနဲ့ တစ်ပြိုင်နက် တစ်သက်တာမှာရှိမယ့် အရွယ်အစားအတိုင်း ဖြစ်လာတာ။ (ဥပမာ လူသားတွေ ငါးပေခြောက်လက်မ၊ ငါးပေခုနှစ်လက်မ ရှိမယ်ဆိုရင် အဲဒီ size အတိုင်း တခါတည်းဖြစ်တယ်။ အမျိုးသားဆိုရင် ဘွားကနဲ အသက်အစိတ်အရွယ် တခါတည်း ဖြစ်သွားတာ။ အမျိုးသမီးဆိုရင် ဆယ့်ခြောက်နှစ်အရွယ် တခါတည်း ဖြစ်သွားတာ။ အဲဒါက ဩပပါတိက။)

သံသေဒဇ ဆိုတာကတော့ အဲဒီလို မဟုတ်ဘူး။ အညှိကိုစွဲပြီး အကောင် ပိစိပြင်ပြင်လေး ဖြစ်လာရာမှ တဖြည်းဖြည်းကြီးလာတာပေါ့လေ။

သတ္တဝါတွေ မွေးဖွားပုံတွေကတော့ မတူကြဘူးပေါ့။ ဩပပါတိက၊ သံသေဒဇ၊ အဏ္ဍဇ၊ ဇလာဗုဇ ဆိုပြီး လောကမှာ သတ္တဝါတွေမွေးဖွားလာပုံ (၄)မျိုးရှိတယ်။ ပဒုမဒေဝီ မိဖုရားက မွေးလိုက်တဲ့ သားငါးရာစလုံးသည် တစ်နေ့တည်း တစ်ချိန်တည်းမှာပဲ ပဇ္စေကဗုဒ္ဓါ ဖြစ်သွားကြတယ်။

## ပါရမီဖြည့်ရ ကာလအပိုင်းအခြား

ပစ္စေကဗုဒ္ဓါဖြစ်ဖို့ ဘယ်လောက်ကြာကြာ ပါရမီဖြည့်ရတယ်၊ ဘယ်လိုတွေပါရမီဖြည့်ရတယ်ဆိုတာ သိသင့်သိထိုက်တဲ့အချက်တွေပေါ့နော်။ သို့သော် ပစ္စေကဗုဒ္ဓါ အလောင်းတွေ ဘယ်လို ပါရမီဖြည့်တယ်ဆိုတဲ့ ဇာတ်လမ်းတွေက သိပ်မရှိဘူး။ ဗောဓိသတ္တ ဘုရားအလောင်း ပါရမီဖြည့်ခဲ့တဲ့ ငါးရာ့ငါးဆယ် ဇာတ်တွေလို သူတို့ရဲ့ အတိတ်ဘဝ ဇာတ်လမ်းတွေ များများစားစား မှတ်တမ်းတင်ထားတာ မရှိသည့်အတွက် သိနိုင်ခွင့် မရှိဘူး။ သူတို့လည်း ပါရမီဖြည့်ရတယ်။ ဘယ်လောက်ကြာကြာ ပါရမီဖြည့်ရတုန်းဆိုရင် **နှစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း** တဲ့။

ဘုရားဖြစ်ဖို့ရာက အနည်းဆုံး **လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း** ပါရမီဖြည့်ရတယ်။ အဲဒီထဲမယ် **သဒ္ဓါဓိကဘုရား** ဆိုရင် ရှစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ **ဝီရိယာဓိက** ကျတော့ ဆယ့်ခြောက်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတယ်။ ပညာစွမ်းအား၊ သဒ္ဓါစွမ်းအား၊ ဝီရိယစွမ်းအားတွေအလိုက် နှစ်အတိုင်းအတာ ကွဲပြားခြားနားမှု ရှိတယ်။ ပစ္စေကဗုဒ္ဓါတွေ ကျတော့ အဲဒီလို ကွဲပြားခြားနားမှု မရှိဘူး။

ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလာန်တို့လို အဂ္ဂသာဝက ဖြစ်ဖို့ကျတော့ **တစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း** ပါရမီဖြည့်ရတယ်လို့ဆိုတယ်။ ကျန်တဲ့ မဟာသာဝကတွေက ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတယ်။ ပကတိသာဝကတွေကတော့ ကုသိုလ်ကောင်းမှုလုပ်ပြီး ယခုဘဝ အခြေခံရသွားရင် နောက်ဘဝ ကျွတ်ချင် ကျွတ်သွားတာပဲ။ သိပ်ပြီးတော့ ရေရှည်ပါရမီဖြည့်စရာ မလိုဘူး။

ထူးချွန်ထက်မြက်တဲ့ ပုဂ္ဂိုလ်မျိုးမဟုတ်ဘဲ သာမန်ပုဂ္ဂိုလ်ဆိုရင် အချိန်ကာလတိုတယ်လေ။ နည်းနည်း ထူးချွန်ထက်မြက်တဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်ဖို့ကျတော့ အချိန်ယူရမှာပေါ့။ ဒါကတော့ ဟုတ်တာပဲ။ ပစ္စည်းကောင်းထုတ်ဖို့ဆိုရင် အချိန်ယူရတယ်လေ။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေ နှစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးမှ ပစ္စေကဗောဓိဉာဏ်ကို ရကြတာတဲ့။

## ပစ္စေကဗုဒ္ဓါ ပွင့်ရာခေတ်

နောက်တစ်ခု ဘယ်လိုခေတ်အခါမျိုးမှာ ပစ္စေကဗုဒ္ဓါပွင့်တာတုန်းလို့ဆိုရင် သုညကမ္ဘာလို့ခေါ်တဲ့ ဘုရားမပွင့်တဲ့ ကမ္ဘာမျိုးမှာ မပွင့်ဘူး။ ဘုရားပွင့်တဲ့ကမ္ဘာမျိုးမှာ ဘုရားမပွင့်မီပွင့်တယ်။ ဘုရားတစ်ဆူနဲ့ တစ်ဆူကြား ဘုရားမပွင့်တဲ့အချိန်မှာ ပွင့်ကြတယ်။ ဂေါတမမြတ်စွာဘုရားအလောင်း ဖွါးတော်မူတဲ့အခါ ပစ္စေကဗုဒ္ဓတစ်ဆူ သက်ရှိထင်ရှားရှိသေးတယ်။ အဲဒီ ပစ္စေကဗုဒ္ဓါက **မာတင်္ဂ ပစ္စေကဗုဒ္ဓါ** တဲ့။ ဘုရားအလောင်း ဖွားတော်မူလာပြီ ဆိုတဲ့သတင်း ကြားသိပြီးမှ ပရိနိဗ္ဗာန်စံသွားတယ်။

ဘုရားနဲ့ပစ္စေကဗုဒ္ဓါ ဆုံတွေ့တာမျိုး မရှိဘူး။ ဘာဖြစ်လို့ မဆုံတာတုန်းလို့ မေးစရာ ရှိကောင်းရှိနိုင်တယ်ပေါ့။ ပစ္စေကဗုဒ္ဓါဆိုတာ တပည့် မဟုတ်ဘူး။ သစ္စာလေးပါးကို ကိုယ်ပိုင်ဉာဏ်နဲ့ သိတာဖြစ်တယ်။ ပစ္စေကဆိုတာ အသီးအသီး ကိုယ့်အာရုံနဲ့ကိုယ်၊ ကိုယ့်လမ်းကိုယ်လျှောက်ပြီး ဘုရားဖြစ်ကြတာ။ ဘယ်သူ့ဆီကမှနည်းခံတာမဟုတ်ဘူး။ ဒါကြောင့်မို့ ပစ္စေကဗုဒ္ဓါဆိုတာ တစ်ပြိုင်နက် ငါးရာလည်း ပွင့်နိုင်တယ်၊ ဒီ့ထက်လည်း ပိုပြီး ပွင့်နိုင်တယ်ပေါ့။

သမ္မာသမ္ဗုဒ္ဓဘုရားကျတော့ တစ်ဆူတည်းသာ ပွင့်တယ်။ နှစ်ဆူပွင့်လို့မရဘူး။ ဓါတ်တော်တစ်ဆူ ရှိနေသေးရင်တောင်မှ နောက်ဘုရား မပွင့်ဘူး။ ဆိုပါစို့- ဂေါတမမြတ်စွာဘုရားရဲ့ ဓါတ်တော်တွေ ရှိနေသေးရင် အရိမေတ္တေယျဘုရား မပွင့်ဘူး။ ဒါကြောင့်မို့ ဘုရားသာသနာ ကွယ်သွားပြီး ဘာသာ သာသနာ နဲ့ ပတ်သက်လို့ ရိုသေလေးစားမယ့်ပုဂ္ဂိုလ် မရှိတော့ဘူး၊ ဘုရား ဆိုတာကို သိတဲ့ပုဂ္ဂိုလ် မရှိတော့ဘူးဆိုတဲ့အချိန်မှာ ဒီဓါတ်တော် တွေဟာ ဘယ်နေရာမှာပဲရှိရှိ သီဟိုဠ်ကျွန်းက မဟာစေတီထဲ ရောက်သွားမယ်လို့ဆိုတယ်။

အဲဒီကမှ ရှိသမျှ ဓါတ်တော်တွေ အခု ဗုဒ္ဓဂယာ မဟာ ဗောဓိပင်နေရာကို ကြွသွားကြပြီး ဘုရားရဲ့ အသွင်သဏ္ဌာန်ဖြင့် တန်ခိုးပြမယ်။ ပြီးတော့ ဓါတ်တော်တွေ တစ်ဆူမကျန်အောင် တေဇောဓါတ်လောင်ပြီး ပျောက်ကွယ်သွားမယ်။ အဲဒါကို **ဓါတု အန္တရဓာန** လို့ ခေါ်တယ်။

ဒါကြောင့်မို့ ဘုရားတစ်ဆူရဲ့ ဓါတ်တော်သည် နောက် ဘုရားတစ်ဆူ လက်ထက်တိုင်အောင် မရှိနိုင်ဘူး။ ရှိနေသေးရင် နောက်ဘုရား မပွင့်ဘူးလို့ ဆိုလိုတယ်။ ပစ္စေကဗုဒ္ဓါကျတော့ အဲဒီလိုမျိုး မဟုတ်ဘူး။

## အရည်အချင်း

အဲဒီတော့ ပစ္စေကဗုဒ္ဓါဆိုတာ သဗ္ဗညုဘုရားထက် အရည် အချင်းအားဖြင့် တစ်ဆင့်နိမ့်တယ်။ တစ်ခါ ရှင်သာရိပုတ္တရာတို့၊ ရှင်မဟာမောဂ္ဂလာန်တို့လို အဂ္ဂသာဝကတွေထက် တစ်ဆင့်မြင့်

တယ်။ အဲဒီကြားမှာရှိတဲ့ ပညာဉာဏ်ထက်မြက်တဲ့ ပုဂ္ဂိုလ်တွေလို့ ပြောရမယ်။ **ပစ္စေက** ဆိုတာ သီးခြား၊ ဗုဒ္ဓ ဆိုတာတော့ သစ္စာ လေးပါးကိုသိသူ၊ **ပစ္စေကဗုဒ္ဓ** ကိုယ်ပိုင်နည်းနဲ့ သီးခြား သစ္စာ တရားကိုသိတဲ့ဗုဒ္ဓလို့ ဒီလိုပြောတာနော်။ အဲဒီတော့ သမ္မာသမ္ဗုဒ္ဓ ကို ဘုရားကြီးလို့ခေါ်ပြီး သူ့တို့ကို ဘုရားငယ်လို့ခေါ်ကြတာပေါ့။ ဒါကတော့ အကြီး, အငယ်၊ စူဠဗုဒ္ဓ, မဟာဗုဒ္ဓလို့ စာထဲမှာတော့ မသုံးဘူး။ သို့သော် ဗမာစာပေမှာတော့ ဘုရားကြီး၊ ဘုရားငယ်လို့ သုံးတယ်။ ငယ်တယ်ဆိုတာ ဂုဏ်အားဖြင့် ငယ်တဲ့သဘောကို ပြောတာနော်။

သမ္မာသမ္ဗုဒ္ဓ ဘုရားမှာရှိတဲ့ အရည်အချင်းမျိုး၊ သဗ္ဗညုတ ဉာဏ်တို့လိုမျိုး၊ ဣန္ဒြိယပရောပရိယတ္တိ၊ အာသယာနုသယတို့လို တရားဟောပြောတဲ့နေရာမှာ အသုံးဝင်တဲ့ဉာဏ်မျိုးတွေ ပစ္စေက ဗုဒ္ဓါမှာ မရှိဘူး။ သို့သော် ကိုယ်ပိုင်ဉာဏ်နဲ့ particular တသီး တခြား သစ္စာတရားကိုသိပြီး ပစ္စေကဗုဒ္ဓါ ဖြစ်ကြတာ။ အရဟတ္တ မဂ် အရဟတ္တဖိုလ်အပြင် ပစ္စေကဗောဓိဉာဏ်ကို ရကြတာ ဖြစ်တယ်။ ရှင်သာရိပုတ္တရာတို့ရဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ် ထက် စွမ်းရည်ထက်တယ်ပေါ့။ ဝိဇ္ဇာ(၃)ပါး၊ အဘိဉာဏ်(၆)ပါး၊ ပဋိသမ္ဘိဒါဉာဏ် (၄)ပါး ဆိုတာတွေတော့ ပါတာပေါ့။ အဲဒီလို ထူးခြားထက်မြက်တဲ့ အရည်အချင်းတွေရှိတယ်။ ပစ္စေကဗုဒ္ဓါ သည် ကိုယ်ပိုင်ဉာဏ်နဲ့ ထိုးထွင်းသိလို့ Particular Buddha သီးသန့်ဘုရားလို့ ပြောရမယ်။

ပစ္စေကဗုဒ္ဓါကို နိုင်ငံခြားစာအုပ်တွေမှာ Silent Buddha လို့ ဘာသာပြန်ကြတယ်။ silent စကားမပြော တရားမဟော

တိတ်တိတ်နေတယ်တဲ့။ ဒီအဓိပ္ပါယ်ကတော့ မမှန်ဘူး။ ပစ္စေကဗုဒ္ဓါတွေ စကားပြော တရားဟောပါတယ်။ သူတို့ ဟောသွားတဲ့ တရားတွေလည်း ရှိတယ်။ တရားမဟောဘူးဆိုတာ မဟုတ်ဘူး။ ဘယ်လိုအရာကို မဟောတာတုန်း ဆိုတာကို အဋ္ဌကထာမှာ ရှင်းထားတယ်။ ပစ္စေကဗုဒ္ဓါသည် ကိုယ်ပိုင်ဉာဏ်နဲ့ တရားမမှုတွေကို သိတာမှန်တယ်။ သို့သော် ကိုယ်သိတဲ့တရားကို တစ်ဘက်သား သိအောင် ပြောနိုင်စွမ်း မရှိဘူး။

ဥပမာ စကားမပြောတတ်တဲ့၊ အ,နေတဲ့လူတစ်ယောက်က အိမ်မက်မက်ရင် သူ့အိမ်မက်အကြောင်းကို သူဘယ်လိုလုပ်ပြန်ပြောမလဲ။ မပြောနိုင်ဘူး၊ ထို့အတူ ပစ္စေကဗုဒ္ဓါက သူသိတဲ့တရားကို တခြားပုဂ္ဂိုလ်တွေ အကျွတ်တရားရအောင် ဟောနိုင်တဲ့ စွမ်းရည်သတ္တိ မရှိဘူးလို့ ဆိုလိုတာ။

နောက်ဥပမာ တစ်ခုပေးထားတာတော့ တောထဲမှာ အမြဲနေတဲ့ မုဆိုးတစ်ယောက်က မြို့တက်ပြီး ဖာလူဒါ သောက်တာပေါ့။ တောရောက်တဲ့အခါ ဖာလူဒါ ဘယ်လောက်ကောင်းတယ်ဆိုတာ သူပြန်မပြောပြတတ်ဘူးတဲ့။ တောမှာ ဖာလူဒါ ရှိမှမရှိတာကိုး။ (စာထဲမှာတော့ ဖာလူဒါလို့မပါဘူး။ နားလည်အောင်လို့ ပြောပြတာ။) မြို့ပေါ်က စားလာတဲ့ အစာအာဟာရရဲ့ အရသာကို တောရောက်တဲ့အခါ သူပြန်မပြောတတ်ဘူး။ တောမှာ စကားလုံးမရှိဘူးပေါ့။ အဲဒါကိုကြည့်ပြီး Silent Buddha လို့ ဘာသာပြန်တာ ဖြစ်နိုင်တယ်။

## ပစ္စေကဗုဒ္ဓါတို့၏ ဓမ္မဒေသနာ

ငါးရာ့ငါးဆယ်ထဲမှာ ပစ္စေကဗုဒ္ဓါက တရားဟောထားတာ ရှိတယ်။ ဘုရားအလောင်း အရိန္ဒမမင်းဘဝမှာ ပစ္စေကဗုဒ္ဓါ အလောင်းဟာ ပုရောဟိတ်ပုဏ္ဏား၊ ဘုရားအလောင်းက ဘုရင် ပေါ့။ အဲဒီမှာ ပစ္စေကဗုဒ္ဓက သူ့သူငယ်ချင်းဘုရင်ကို သူ့လို တောထွက်ပြီး တရားထူးတရားမြတ် ရစေချင်တယ်။ ဘုရား အလောင်း ဘုရင်က ထီးနန်းစည်းစိမ် မစွန့်နိုင်ဘူး၊ မစွန့်နိုင်တော့ ပစ္စေကဗုဒ္ဓါက ဘာနဲ့ဥပမာပေးပြီးဟောတုန်းဆိုရင် ကျီးမိုက်ကြီး တစ်ကောင်နဲ့ ဥပမာပေးပြီး ဟောသွားတယ်။ "ထီးနန်းစည်းစိမ် တွေနဲ့ ဒီအတိုင်းသာ ဆက်လက်ပြီးနေမယ်ဆိုရင် ကျီးမိုက်ကြီးလို ဒုက္ခရောက်လိမ့်မယ်"လို့ ပြောသွားတယ်။

"ဂင်္ဂါမြစ်ကြောမှာ ဆင်သေကောင်ကြီး မျောလာတာကို ကျီးတစ်ကောင်ကမြင်တော့ ဆင်သေကောင်ပေါ်ပျံချလိုက်တယ်။ ပျံချပြီး ဘယ်လိုအတွေးဝင်လာတုန်းဆို "တစ်သက်တာတော့ ဖူလုံပြီ။ ငါ့မှာ စားစရာလည်းရှိတယ်၊ နေစရာလည်း အကျယ်ကြီး ပဲ။ ဒီပေါ်မှာနားပြီး အေးအေးဆေးဆေးပဲ၊ ဘယ်မှ သွားစရာ မလိုတော့ဘူး။ ဆာရင် ဆင်သေကောင်ကြီးကို ဖောက်စားမယ်၊ ရေငတ်ရင် မြစ်ရေသောက်လိုက်မယ်။ ဟန်ကျတယ်။" ကျီးက သဘောကျပြီး တခြားကို မသွားတော့ဘူး။

ဆင်သေကောင်ပေါ်မှာပဲ နားနားနေနေနဲ့ ဆင်သားလေး စားလိုက်၊ ရေလေးသောက်လိုက်နဲ့နေလိုက်တယ်။ တဖြည်းဖြည်း ဂင်္ဂါမြစ်ကြော မျောသွားလိုက်တာ ဆင်သေကောင်ကြီးက ဘယ် ရောက်သွားတုန်းဆိုရင် ပင်လယ်ထဲရောက်သွားတယ်။ ပင်လယ်

ထဲ ရောက်တော့လည်း မမှုဘူး၊ ကျီးက လိုက်သွားတယ်။ ဟိုး ကမ်းမမြင်လမ်းမမြင် ပင်လယ်နက်ပိုင်း ရောက်သွားတယ်။ ဆင်သေကြီးကလည်း ရက်ကြာလာတော့ပုပ်၊ လှိုင်းတွေကလည်း ရိုက်ခတ်၊ ကြာတော့ ဆင်သေကောင်က ပျက်,ပျက်လာတယ်။ ဖောင်ပျက်ပြီပေါ့။ ကမ်းနဲ့က ဝေးချင်တိုင်း ဝေးသွားတဲ့အခါ ကမ်းမမြင် လမ်းမမြင်၊ ဟိုပျံ ဒီပျံနဲ့ ပင်လယ်ထဲပဲကျပြီး ကျီးငှက်ဟာ သေသွားတယ်တဲ့"။

"အဲဒီ ဥပမာအတိုင်း ကာမဂုဏ်အာရုံတွေကို မက်မောနေမယ်ဆိုရင် တစ်နေ့ကျ ကျီးမိုက်လို ဒုက္ခရောက်လိမ့်မယ်" လို့ ဟောသွားတာ။ အဲဒါ ပစ္စေကဗုဒ္ဓါဟောတဲ့ တရားပဲ။ အဲဒီလို သံဝေဂဖြစ်အောင်တော့ ဟောနိုင်တယ်။

သို့သော် ဝိပဿနာကျင့်စဉ်ကို ဘယ်လိုကျင့်ရတယ်၊ ကျင့်ရင် မဂ် ဘယ်လိုဖြစ်တယ်၊ ဖိုလ် ဘယ်လိုဖြစ်တယ်ဆိုတာ တော့ မဟောနိုင်ဘူးလို့ဆိုလိုတာ။ အဲဒီလို မဟောနိုင်သည့်အတွက်ကြောင့် ပစ္စေကဗုဒ္ဓါရဲ့ တရားနာပြီး တရားထူး တရားမြတ် ရတယ်ဆိုတဲ့ပုဂ္ဂိုလ် တစ်ဦးမှမရှိဘူး။ ကိုယ်ပိုင်ဉာဏ်နဲ့သိပြီး တရားထူးတရားမြတ်ရကြတာသာ ဖြစ်တယ်။

## သာဝကတို့ရဲ့ ဓမ္မဒေသနာ

ပစ္စေကဗုဒ္ဓါထက် တစ်ဆင့်နိမ့်တဲ့ ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလာန်တို့ကဟောနိုင်ပြီး ပစ္စေကဗုဒ္ဓါက ဘာလို့ မဟောနိုင်တုန်းလို့ဆိုရင် ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလာန်တို့က သူတို့ရဲ့ကိုယ်ပိုင်တရား မဟုတ်ဘူး။ သူတို့ဟောသမျှတရားသည်

ဘုရားတရားသာဖြစ်တယ်။ ပစ္စေကဗုဒ္ဓါက အဲဒီလို တစ်ဆင့် သင်ထားရတာ ရှိမှမရှိတာကိုး။ အဲဒါကြောင့် မတူဘူး။ ပစ္စေက ဗုဒ္ဓါက ကိုယ်ပိုင်တရားဖြစ်တယ်။

သို့သော် သူသိတဲ့တရားကို သူတပါးသိအောင် မဟော နိုင်လို့ အ,အ အိမ်မက်နဲ့ တူတယ်လို့ ပြောတယ်။ အဲဒီလိုပြော တာက ဘာကိုဆိုလိုတာတုန်းဆိုရင် သူ ရထားတဲ့ မဂ်ဖိုလ်ကို ရည်ညွှန်းတဲ့ အဓိပ္ပါယ်ပဲ။ သာမန် တရားမဟောတာကို ပြောတာ မဟုတ်ဘူး။ နတ်ပြည်ရောက်အောင် ကုသိုလ်ကောင်းမှု လုပ်ရ မယ် ဆိုတာလောက်ကတော့ ဟောနိုင်တယ်ပေ့ါ။ မဂ် ဖိုလ် နိဗ္ဗာန် ဆိုက်ထိသွားအောင် ကျင့်စဉ်တစ်ခုကို ဟောမပြနိုင်ဘူးတဲ့။ သူ သွားတဲ့လမ်းတော့ သူသိတယ်ပေ့ါ။ သို့သော် သူများကိုရှင်းမပြ တတ်ဘူး။

အခုခေတ် တချို့လူတွေမှာလည်း "မပြောတတ်ဘူး၊ သိတော့သိတယ်" ဆိုတဲ့ လူလည်း ရှိသေးတာပဲ။ အဲဒီတော့ ပြောပြတယ်ဆိုတာလည်း လွယ်တဲ့ကိစ္စ မဟုတ်ဘူးပေ့ါ။ အခုလို particular သီးခြားကိုယ်ပိုင်ဉာဏ်နဲ့ တရားထူး တရားမြတ် ရသွားတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေကို ပစ္စေကဗုဒ္ဓါလို့ ခေါ်တယ် ပေ့ါ။

## ပုဗ္ဗယောဂါဝစရသုတ်

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေနဲ့ ပတ်သက်ပြီး ရှင်အာနန္ဒက သိချင်လို့ မြတ်စွာဘုရားကို မေးလျှောက်တဲ့အခါမှာ မြတ်စွာ ဘုရားက **ပုဗ္ဗယောဂါဝစရ** သုတ်ကို ဟောတယ်တဲ့။ ဒါက

သုတ္တန်ပါတ် အဋ္ဌကထာရဲ့အဆို ဖြစ်တယ်။ သို့သော် **ပုဗ္ဗယော ဂါဝစရသုတ်**က ဘယ်မှာပါသလဲလို့ဆိုရင် ယနေ့ပိဋကတ်စာပေ ဘယ်မှာမှ မပါဘူး။ ဒီသုတ်ကို ကျမ်းညွှန်းမပြနိုင်ဘူး။

မြတ်စွာဘုရား ဟောတဲ့တရားတွေက အများကြီးပဲ။ အဲဒီ အများကြီးထဲက နည်းနည်းပဲ မှတ်တမ်းတင်နိုင်တာကိုး။ အခု လောက်ပဲ မှတ်ထားတာကိုက ကံကောင်းလို့ပေါ့။ ဘုရားဟော တာတွေ မပြောနဲ့ သာမန်ဘုန်းကြီးတွေ ဟောထားတာတောင် မှတ်တမ်းတင်မထားလို့ အများကြီးပျောက်ကုန်ပြီလေ။ အဲဒီတော့ မြတ်စွာဘုရားဟောတဲ့ တရားတွေက အများကြီးရှိတယ်။ အဲဒီ အများကြီးထဲက အကုန်လုံး မှတ်တမ်းတင်နိုင်တာ မဟုတ်ဘူး။ အဲဒီ **ပုဗ္ဗယောဂါဝစရသုတ်** ဆိုတာ မှတ်တမ်းမတင်နိုင်တဲ့သုတ် ပဲ။

တစ်ခါ အဋ္ဌသာလိနီ အဋ္ဌကထာမှာ **ကုလုမ္ဗသုတ်**ဆိုတာ ကိုးကားပြထားတာ ရှိတယ်။ အဲဒါလည်း ပါဠိပိဋကတ်မှာ မှတ်တမ်းတင်ထားတာ မရှိဘူး။ နောက်တစ်ခု **ပရိမိတ္တဇာလ သုတ်**တို့ ဘာတို့ကျတော့ ပိဋကတ်နဲ့ သိပ်ပြီးတော့ မကိုက်ညီတဲ့ သုတ္တန်တွေဖြစ်တယ်။ **ဓါရဏာပရိတ်** ကတော့ ထားလိုက်တော့။

အခု **ပုဗ္ဗယောဂါဝစရသုတ်** ကို အဋ္ဌကထာမှာ ဘယ်လို ပြထားတုန်းဆိုရင်-

**"ပဉ္စိမေ အာနန္ဒ အာနိသံသာ ပုဗ္ဗယောဂါဝစရေ၊**
**ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စေဝ အညံ့ အာရာဓေတိ၊**
**နော စေ ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စေဝ အညံအာရာဓေတိ၊**
**အထ မရဏကာလေ အညံ့ အာရာဓေတိ၊**

**နော စေ မရဏကာလေ အညံ့ အာရာဓေတိ၊**
**အထ ဒေဝပုတ္တော သမာနော အညံ့ အာရာဓေတိ၊**
**အထ ဗုဒ္ဓါနံ့ သမ္မုခီဘာဝေ ခိပ္ပါဘိညော ဟောတိ၊**
**အထ ပစ္ဆိမေ ကာလေ ပစ္စေကဗုဒ္ဓေါ ဟောတီ”တိ၊** တဲ့။

ဤမှာ ပုဗ္ဗယောဂါဝစရ ဆိုတာ ပုဗ္ဗယောဂ + အဝစရ- အတိတ်ဘဝတုန်းက ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ဖူးတဲ့ပုဂ္ဂိုလ်လို့ ဆိုတယ်။ အဲဒီပုဂ္ဂိုလ်မှာ အကျိုးအာနိသင်ငါးမျိုး ရှိတယ်လို့ မြတ်စွာဘုရားက ဟောတယ်။ ကမ္မဋ္ဌာန်းအလုပ်ကို ရှေးက အားထုတ်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တွေမှာ အကျိုးငါးမျိုး ရနိုင်တယ်။

အဲဒီအကျိုးငါးမျိုးက (၁) “**ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စေဝ အညံ အာရာဓေတိ**” **ဒိဋ္ဌေဝ ဓမ္မေ**- အခုလက်ရှိဘဝ၌၊ **ပဋိကစ္စေဝ**-စောစောစီးစီးကိုပဲ၊ **အညံ အာရာဓေတိ**-အရဟတ္တဖိုလ်ကို အောင်မြင်ပေါက်ရောက်နိုင်တယ်လို့ ဆိုတယ်။

**အညာ** ဆိုတာ အရဟတ္တဖိုလ်ကို ပြောတာ။ အတိတ်ဘဝက ကမ္မဋ္ဌာန်းအားထုတ်ခဲ့တဲ့ ပုဂ္ဂိုလ်သည် အခုလက်ရှိဘဝမှာတဲ့ စောစောစီးစီး အရဟတ္တမဂ် အရဟတ္တဖိုလ်တရားကို ရနိုင်တယ်။ ရဟန္တာ ဖြစ်နိုင်တယ်လို့ ပြောတာ။ ဒါက နံပါတ် တစ်အကျိုး ဒီဘဝမှာတင် ဖြစ်နိုင်တယ်တဲ့။

(၂) အဲဒီလို စောစောစီးစီး မဖြစ်ဘူးဆိုရင် **အထ မရဏကာလေ အညံ အာရာဓေတိ၊** သေခါနီးအချိန်မှာ ရဟန္တာ ဖြစ်နိုင်တယ်တဲ့။ ဆိုလိုတာက ဒီဘဝမှာတင်ပဲ ရဟန္တာဖြစ်ဖို့ အခွင့်ရှိတယ်တဲ့။ စောစောစီးစီး ရဟန္တာဖြစ်ချင်လည်း ဖြစ်မယ် သို့မဟုတ် သေခါနီးအခါ ဖြစ်ချင်လည်း ဖြစ်မယ်ပေါ့။

(၃) အဲဒီ ၂-ခု လွဲချော်သွားပြီဆိုရင်လည်း သေပြီးနောက် နတ်ပြည်ရောက်မယ်။ **အထ ဒေဝပုတ္တော သမာနာ အည် အာရာဓေတိ** နတ်ပြည်ရောက်တဲ့အခါ နတ်သားဖြစ်ပြီး ရဟန္တာ ဖြစ်မယ်တဲ့။ ဒါ တတိယအကျိုးနော်။ ဒီဘဝမှာပဲ စောစောစီးစီး ရဟန္တာဖြစ်ချင်ဖြစ်မယ်၊ မဖြစ်ရင် သေခါနီးအခါမှာဖြစ်မယ်၊ မဖြစ်ရင် နောက်ဘဝ နတ်သားဖြစ်ပြီး ရဟန္တာဖြစ်မယ်။ ဒါ သေချာပေါက် ပြောထားတာ။

(၄) **အထ ဗုဒ္ဓါနံ သမ္မုခီဘာဝေ ခိပ္ပါဘိညော ဟောတိ၊** နတ်သားမဖြစ်ဘဲ လူလာဖြစ်ပြီး ဘုရားနဲ့တွေ့တယ် ဆိုရင် မြတ်စွာဘုရားရဲ့ထံမှာ ခိပ္ပါဘိည လျင်လျင်မြန်မြန် တရားထူး တရားမြတ်ရတဲ့ ပုဂ္ဂိုလ်မျိုးဖြစ်နိုင်တယ်တဲ့။ **ဗာဟိယ ဒါရုစီရိယ** တို့လိုပေ့ါ။ တရားဟောတာ ဘယ်လောက်မှ မကြာ လိုက်ဘဲနဲ့ လမ်းပေါ်မှာပဲ ဘုရားက "ဗာဟိယ- ငါပြောတဲ့အတိုင်း မှတ်နော်။ **ဒိဋ္ဌေ ဒိဋ္ဌမတ္တံ-** မြင်ရင် မြင်ရုံအဆင့်တွင်ထား၊ ရှေ့ဆက် ရာဂ ဒေါသ မဖြစ်ပွါးစေနဲ့။ အဲဒီလို ကျင့်လိုက်မယ် ဆိုရင် နောက်ဆုံးမှာ ဒုက္ခအဆုံးသတ်သွားမယ်"လို့ ဟောလိုက် တာ။ **"ဒိဋ္ဌေ ဒိဋ္ဌမတ္တံ"** တရားအကျဉ်းကို နာရင်းနဲ့ ရဟန္တာ ဖြစ်သွားတာ။ အဲဒါမျိုးကို **ခိပ္ပါဘိည** ပုဂ္ဂိုလ်လို့ ခေါ်တယ်။ လျင်လျင်မြန်မြန်သိတဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်မယ်တဲ့။ ဒါက စတုတ္ထ မြောက် အကျိုးဖြစ်တယ်။

(၅) **အထ ပစ္ဆိမေ ကာလေ ပစ္စေကဗုဒ္ဓေါ ဟောတိ၊** အဲဒီလိုမဖြစ်ဘဲ လွဲချော်သွားရင် နောက်ဆုံးပိတ်ဘဝမှာ ပစ္စေက ဗုဒ္ဓါ ဖြစ်မယ်တဲ့။

ပြန်ပြီးပြောရမယ်ဆိုရင် အတိတ်ဘဝက တရားအားထုတ်ခဲ့ပြီဆိုရင်-

(၁) ဒီဘဝမှာ စောစောစီးစီး ရဟန္တာဖြစ်မယ်၊
(၂) မဖြစ်ရင် သေခါနီးမှာ ရဟန္တာဖြစ်မယ်၊
(၃) အဲဒီလိုမှ မဖြစ်ဘူးဆိုရင် နောက် ဒုတိယဘဝ နတ်သားဖြစ်ပြီး ရဟန္တာဖြစ်မယ်၊
(၄) နတ်သားမဖြစ်ရင် လူ့ဘဝ လူ့အဖြစ်နဲ့ **ခိပ္ပါဘိညာ** အသိဉာဏ်ထက်မြက်တဲ့ပုဂ္ဂိုလ်ဖြစ်ပြီး ဘုရားနဲ့တွေ့လို့ လျှင်လျှင်မြန်မြန် တရားတိုတိုလေး နာလိုက်တာနဲ့ ရဟန္တာဖြစ်မယ်၊
(၅) အဲဒီလို မဖြစ်ဘူးဆိုရင် ပစ္စေကဗုဒ္ဓါ ဖြစ်မယ်တဲ့။

ဒါက ပုဗ္ဗယောဂါဝစရသုတ်မှာလာတဲ့ အဓိပ္ပါယ်နော်။ အဲဒါကြောင့်မို့လို့ တရားအားထုတ်မှုဆိုတဲ့ လုပ်ငန်းတစ်ခုသည် ကျေနပ်စရာ ကောင်းတယ်ပေါ့။

မြတ်စွာဘုရားက ဆက်ပြီးဟောတယ် "အာနန္ဒာ၊ ပစ္စေကဗုဒ္ဓါဆိုတာ **အဘိနီဟာရ သမ္ပန္နာ** ဆုတောင်းခဲ့သူ ဖြစ်ရမယ်" တဲ့။ အဘိနီဟာရဆိုတာ စိတ်ရဲ့ဦးတည်ချက်အတိုင်း သွားတာ။ ဆုတောင်းရှိတယ်၊ ဆုတောင်းတာပါတယ်ပေါ့နော်။ "ပစ္စေကဗုဒ္ဓါ ဖြစ်ရပါလို၏" ဆိုတဲ့ ဆုတောင်းပါတယ်တဲ့။ ပုဗ္ဗယောဂါဝစရ ကမ္မဋ္ဌာန်းအလုပ်လည်း အားထုတ်တယ်။ ဆုလည်းတောင်းတယ်၊ အဲဒီ(၂)ခု ရှိတယ်တဲ့။

ဒါကြောင့်မို့လို့ ဘုရားပဲဖြစ်ဖြစ်၊ ပစ္စေကဗုဒ္ဓါပဲဖြစ်ဖြစ်၊ ဗုဒ္ဓသာဝကပဲဖြစ်ဖြစ်၊ ကျွတ်တန်းဝင်သွားတဲ့ ပုဂ္ဂိုလ်တွေအားလုံး

သည် ဆုတောင်းနဲ့ လုပ်ဆောင်ချက် ရှိကိုရှိရမယ်။ အဲဒီတော့ **အဘိနီဟာရ** စိတ်ရဲ့ဦးတည်ချက်၊ ရှေးရှုရာ ဦးတည်ချက်က ဘာတုန်းဆိုရင် ဆုတောင်းပဲ။ အဲဒီလို ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ခဲ့တယ်၊ ဆုတောင်းလည်း ရှိခဲ့တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေသည် နောက်ဆုံးမှာ ပစ္စေကဗုဒ္ဓါအဖြစ် ရောက်ကြတယ်။

## ဗျာဒိတ်ရ ပစ္စေကဗုဒ္ဓါ ၂-ဆူ

ဂေါတမ ဗုဒ္ဓရဲ့လက်ထက်မှာ **အဇာတသတ်**ကို ပစ္စေကဗုဒ္ဓါ ဖြစ်မယ်လို့ ဘုရားဟောခဲ့တယ်။ သာမညဖလသုတ်ဟောပြီးတဲ့အခါမှာ အဇာတသတ်သည် အကယ်၍သာ အဖကို မသတ်ခဲ့ဘူးဆိုရင် သောတာပန်ဖြစ်မယ်။ အဖသတ်သည့်ကံကြီးကျူးလွန်မိသည့်အတွက်ကြောင့် သူ့အခြေအနေတွေ ပျက်စီးသွားတယ်။ အခြေကောင်း၊ အနေကောင်းဆိုတာလည်း ပျက်စီးတတ်သေးတယ်။ မပျက်စီးဘူးလို့ မအောက်မေ့နဲ့။ ဆေးတောင်မှ expire ဖြစ်ရင် မသောက်နဲ့တော့နော်။

အခြေအနေဆိုတာ အမြဲတမ်းကောင်းတာ မဟုတ်ဘူး။ ကောင်းတဲ့အချိန်လေးမှာ မလုပ်လိုက်ဘူးဆိုရင် ပျက်သွားတာပဲ။ အဲဒီတော့ အဇာတသတ်လည်းပဲ အမှားတစ်ခု လုပ်လိုက်တာနဲ့ သူ့ရဲ့ အခြေကောင်း၊ အနေကောင်းတွေ ပျက်စီးသွားတယ်။ သို့သော် သူသည် **ဝိဇိတာဝီ ပစ္စေကဗုဒ္ဓါ** ဖြစ်လိမ့်မယ်တဲ့။ အခြေအနေကောင်းတွေ ပျက်စီးသွားတဲ့နောက်မှာ သူသည် တရားမေ့ ကျင့်ကြံအားထုတ်ပြီး နောက်ဆုံးမှာတော့ ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မယ်လို့ အဋ္ဌကထာမှာဆိုတယ်။

နောက်တစ်ခါ ဒေဝဒတ်နဲ့ ပတ်သက်လို့ အဋ္ဌကထာမှာ ဆိုထားတာရှိတယ်။ ဒေဝဒတ်က နောက်ဆုံး နေမကောင်းတဲ့အခါ နောင်တကြီးစွာရပြီး သူပြန်စဉ်းစားတယ်။ "ငါကသာ ဂေါတမဘုရားကို ရန်လုပ်နေတာ။ ရဟန်းဂေါတမကတော့ ငါ့အပေါ်မှာ ရန်လုပ်တာ မရှိဘူး။ ငါက တော်တော်ဆိုးခဲ့တာပဲ။ ငါပြန်တောင်းပန်မယ်" ဆိုတဲ့ စိတ်ဓါတ် ဖြစ်လာတယ်။ သို့သော် နောက်ကျသွားပြီ။ လုပ်ခဲ့တာတွေက လက်လွန်သွားပြီနော်။

သူလုပ်ခဲ့တာတွေ လွန်ကုန်တော့မှ ဘုရားကို တောင်းပန်ကန်တော့မယ်ဆိုပြီး အတင်းပို့ခိုင်းတာ။ ဘယ်အထိ ရောက်လာတုန်းဆိုရင် ဇေတဝန်ကျောင်းထဲထိ ရောက်လာတယ်လေ။ နောက်ဆုံးမှာ သူ့ရဲ့ကံကြမ္မာက ဘုရားနဲ့တွေ့ခွင့်မပေးတော့ဘူး။ ခဏအပန်းဖြေဖို့ ညောင်စောင်းပေါ်ကနေဆင်းပြီး ခြေထောက် (၂)ချောင်းကို မြေကြီးနဲ့ထိလိုက်တာနဲ့ပဲ မြေမျိုသွားတယ်၊ ဘုရားကို တွေ့ခွင့်မရလိုက်တော့ဘူး။

သို့သော် မြေမျိုနေတဲ့အချိန်မှာ သူ ဘာလုပ်တုန်းဆိုရင် သူ့ရဲ့ အသွေးတွေ၊ အသားတွေ၊ အရိုးတွေနဲ့ မြတ်စွာဘုရားကို ရှိခိုးခဲ့တယ်၊ ပူဇော်ခဲ့တယ်။ "သူ့ရဲ့ သွေးသား အရိုးတွေနဲ့ မြတ်စွာဘုရားကို ပူဇော်ပါတယ်" လို့ နောက်ဆုံးပိတ် ဘုရားအပေါ် ဝန်ချကန်တော့သွားတဲ့ ကုသိုလ်ကောင်းမှုနဲ့ တခြား ကုသိုလ်ကောင်းမှုတွေကြောင့် နောက်ဆုံး **အဋ္ဌိဿရ** ဆိုတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်မယ်တဲ့။

အဲဒီလို ပစ္စေကဗုဒ္ဓါ ဖြစ်မယ့်ပုဂ္ဂိုလ်သည် အခုလို တစ်ခုခု လွဲချော်သွားပေမယ့်လည်း နောက်ဆုံး တရားဓမ္မ ကျင့်ကြံ

ကြိုးကုတ်အားထုတ်လို့ ပစ္စေကဗုဒ္ဓါအဖြစ်ကို ရောက်ရှိသွားတယ်တဲ့။

ဒါ့ကြောင့် တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ ဗုဒ္ဓမြတ်စွာသည် ရှင်အာနန္ဒာမထေရ်မြတ်ရဲ့ အမေးကို ဖြေကြားသောအားဖြင့် ဟောကြားခဲ့တဲ့ ပစ္စေကဗုဒ္ဓါတွေရဲ့ အကြောင်းကို နာယူမှတ်သားပြီး ဘဝတစ်ခုရရှိထားတဲ့အချိန်မှာ ကမ္မဋ္ဌာန်းအလုပ် အားထုတ်ခြင်း၊ မိမိတို့ရဲ့ ရည်မှန်းချက်ပန်းတိုင်ထားခြင်းဆိုတာဟာ လုပ်သင့်လုပ်ထိုက်တဲ့အရာဖြစ်တယ်။ အဲဒီလို လုပ်သင့်လုပ်ထိုက်တာကို တို့လုပ်မယ်၊ တရားဓမ္မ ကျင့်ကြံကြိုးကုတ် အားထုတ်မယ်လို့ ကိုယ်စီကိုယ်စီ သဘောကျပြီး ကျင့်ကြံကြိုးကုတ် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

# ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဘဝနှင့် ဓမ္မအမြင်
# အပိုင်း (၂)

သာသနာတော်နှစ် ၂၅၅၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၃)ရက်၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ (၁၅)ရက် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးအတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်းအနားဝယ် L.A(USA) ပါမောက္ခဒေါက်တာဦးမြင့်မောင်မောင် ဒေါက်တာ ဒေါ်ခင်ဆွေတင့်၊ သား- ဦးမျိုးဝင်းကျော်၊ သမီး ဒေါ်ပပစန္ဒီ မိသားစုတို့၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဘဝနှင့်ဓမ္မအမြင် အပိုင်း(၂)"** တရားဒေသနာတော်။

## ရည်မှန်းချက်နဲ့ လုပ်ဆောင်ချက်

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဘဝနှင့် ဓမ္မအမြင်ကို ဖော်ပြတဲ့ **ခဂ္ဂဝိသာဏသုတ္တန်ကို** ဟောကြမယ်။

ပစ္စေကဗုဒ္ဓါဖြစ်ဖို့အတွက် **အဘိနီဟာရသမ္မန္န** ဆုထူးပန်ထားတဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်။ **ပုဗ္ဗယောဂါဝစရ-** တရားဓမ္မကို ကြိုးစားအားထုတ်ခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်ရမယ်။ ဒီ ၂-မျိုးတွင် ပစ္စေကဗောဓိဉာဏ်ရဖို့ရန် ဘာဝနာကောင်းမှုက အဓိကဖြစ်သောကြောင့် ဝိပဿနာကျင့်စဉ်တစ်ခုကို ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်ဖို့က ပိုအရေးကြီးတယ်။

ဝိပဿနာတရား ကျင့်ကြံကြိုးကုတ်အားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ဒီဘဝမှာ တရားထူးတရားမြတ် မရဦးတော့ စိတ်ပျက်အားလျော့စရာ မလိုဘူး။ ကိုယ်လုပ်ရမယ့်အလုပ်ကိုသာ ကြိုးစားအားထုတ်နေဖို့ လိုအပ်တယ်။ အတိုင်းအတာတစ်ခု ပြည့်စုံလာပြီဆိုရင် ဆိုင်ရာအကျိုးတရား ဖြစ်ပေါ်လာမှာပဲ။ လုပ်နေခြင်းသာ ပဓာနဖြစ်တယ်။

လူဆိုတာ အကြိုက်အမျိုးမျိုးပဲလေ။ သမ္မာသမ္ဗုဒ္ဓဘုရားက တရားဓမ္မဟောရတယ်၊ ပါရမီတွေ ပိုပြီးဖြည့်ရတယ်။ အဲဒီလောက် မလုပ်ရဘဲ အေးအေးချမ်းချမ်း ပစ္စေကဗုဒ္ဓါဘဝနဲ့ နိဗ္ဗာန်ယူချင်တဲ့ပုဂ္ဂိုလ်က ပစ္စေကဗုဒ္ဓါဖြစ်ဖို့ နှစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတယ်။ အဲဒီလိုမဟုတ်ဘဲ မြတ်ဗုဒ္ဓ၏ အဂ္ဂသာဝက တပည့်ကြီးအဖြစ်နဲ့ ကျွတ်တမ်းဝင်ဖို့ အဂ္ဂသာဝကဆုပန်တဲ့ပုဂ္ဂိုလ်လည်း ရှိတာပဲ။ အဂ္ဂသာဝကဖြစ်ဖို့ တစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတယ်။

**သတ္တာနံ နာနာဓိမုတ္တိကတာ** တဲ့။ သတ္တဝါတွေမှာ **အဓိမုတ္တိ** ဆိုတဲ့ စိတ်ကူးပုံ မတူဘူးတဲ့။ **အဇ္ဈာသယ** ခေါ်တဲ့ အတွင်းစိတ်ဆန္ဒ အမျိုးမျိုးရှိကြတယ်။ ညီအစ်ကိုမောင်နှမအရင်းဖြစ်တောင် အတွင်းအဇ္ဈတ္တဆန္ဒတွေက ကွဲပြားခြားနားကြတာပဲ။

ဝါသနာဆိုတာ အထုံပါခြင်း၊ အကျင့်ပါခြင်း။ အကျင့်ပါနေရင် ဖျောက်လို့မရဘူး။ habitual practice ပေါ့။ habit ဆိုတာ ဖျောက်လို့မရဘူး။ သို့သော် စရိုက်တို့ ဝါသနာတို့ကို သတိထားပြီး ပြင်ဆင်ပေးရမှာ ဖြစ်တယ်။ မပြင်ဘူးဆိုရင် ရဟန္တာဖြစ်တောင် ဒီစရိုက်ဝါသနာ ပါသွားတတ်တယ်တဲ့။ အဲဒါကြောင့် မကောင်းတဲ့

စရိုက်၊ မကောင်းတဲ့ဝါသနာ အကျင့်မပါအောင် ပြင်သင့်တာ ပြင်ရမယ်။ ကောင်းသထက်ကောင်းအောင် အားထုတ်ရမယ်။

အဲဒီ စရိုက် ဝါသနာရဲ့ရှေ့မှာ ဘာရှိတုန်းဆိုရင် **အဇ္ဈာသယ အဓိမုတ္တိ** ဆိုတာ ရှိတယ်။ အလိုဆန္ဒနဲ့ နှလုံးသွင်း၊ "ဘာဖြစ်ချင်တယ်၊ ညာဖြစ်ချင်တယ်" ဆိုတာပေါ့။ ကလေးငယ်တွေ မေးကြည့်ပါလား "ကြီးရင်ဘာလုပ်မလဲ၊ ဘာဖြစ်ချင်လဲ" ဆိုရင် တစ်ယောက်နဲ့တစ်ယောက် ဖြေတာချင်း တူမှမတူတာ။ မြင်ဖူးလို့ ဖြေတာလည်း ဟုတ်ချင်ဟုတ်မယ်၊ ကြားဖူးလို့ ဖြေတာလည်း ဟုတ်ချင်ဟုတ်မယ်၊ မမြင်ဖူး မကြားဖူးဘဲနဲ့ သူ့စိတ်ထဲက ဖြစ်ချင်နေတာလည်း ရှိကောင်းရှိနိုင်တယ်ပေါ့။

အဲဒီလို သတ္တဝါတွေဟာ တစ်ဦးနဲ့တစ်ဦး အဇ္ဈာသယ မတူညီသည့်အတွက် ဆုပန်မှုတွေလည်း မတူညီကြဘူး။ ဆုပန်တယ်ဆိုတာ ကိုယ်ဖြစ်ချင်တာကို ဆန္ဒပြုကြတာပဲ။ ဦးတည်ချက်၊ ရည်မှန်းချက်၊ မျှော်မှန်းချက်တွေထားပြီး နောက်က လုပ်ဆောင်ချက် လိုက်ပြီး ဖြည့်ဆည်းပေးရတယ်။ ရည်မှန်းချက်သာထားပြီး လုပ်ဆောင်ချက်မပါဘူးဆိုရင်ဘာမှဖြစ်လာမှာမဟုတ်ဘူး။ ရှေ့က ရည်မှန်းချက်ရှိသလို နောက်က ရည်မှန်းချက်ကို အကောင်အထည်ဖော်ခြင်းဆိုတဲ့ လုပ်ဆောင်ချက်က ရှိကိုရှိရတယ်။ ကိုယ်ဖြစ်ချင်တဲ့ ရည်မှန်းချက်ထားပြီး ထိုက်တန်တဲ့ အလုပ်တစ်ခုကို လုပ်ကြရတယ်။

**အဘိနီဟာရသမ္ပန္န** ပစ္စေကဗုဒ္ဓါ လောင်းလျာသည် "ပစ္စေကဗုဒ္ဓါအဖြစ်နဲ့ တရားထူးတရားမြတ်ရပြီး နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရပါလို၏"လို့ ဆုတောင်းခဲ့တာ ရှိရမယ်တဲ့။

ဆုတောင်းတဲ့အတိုင်း ပုဗ္ဗယောဂါဝစရ ကမ္မဋ္ဌာန်းအလုပ်ကို လည်း ကြိုးပမ်းအားထုတ်ရမှာ ဖြစ်တယ်တဲ့။

**ငါးချက်စုံမှ ဗျာဒိတ်ရ**

အဲဒီလို ကြိုးပမ်းအားထုတ်လို့ အကြောင်းတွေ ပြည့်စုံရင် ပစ္စေကဗုဒ္ဓါဖြစ်မယ်ဆိုတဲ့ ဗျာဒိတ်ကို ရရှိနိုင်တယ်။ ဗျာဒိတ ဆိုတာ Prophecy ကြိုတင်ပြီးတော့ ဟောကိန်းထုတ်တဲ့ စကားမျိုး ဖြစ်တယ်။ အဲဒီမှာ ကြိုတင်ဟောကိန်းထုတ်လို့ ရနိုင်သလားဆိုရင် ရတာပေါ့။ ဘယ်နေ့ မုန်တိုင်းတိုက်မယ် ဆိုတာတောင် ကြိုတင် ဟောကိန်းထုတ်တာ ရှိတယ်လေ။ သာမန်ပုဂ္ဂိုလ်တွေတောင်မှပဲ ကြိုတင် ဟောကိန်းထုတ်လို့ရတာတွေရှိတယ်။ ပစ္စုပ္ပန် အခြေ အနေတစ်ခုကိုကြည့်ပြီး ကြိုတင်ဟောကိန်းထုတ်တာ။

ပစ္စေကဗုဒ္ဓါအလောင်းကို ဗျာဒိတ်ပေးတဲ့အခါ အချက် (၅)ချက် ရှိတယ်။ အဲဒီ အချက်(၅)ချက်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်မျိုး သာ ဗျာဒိတ်ရတာ ဖြစ်တယ်။ သဗ္ဗညုဘုရားအလောင်းတွေ ကျတော့ အချက်(၈)ချက်ရှိမှ ဗျာဒိတ်ရတယ်။

**မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊ ဝိဂတာသဝ ဒဿနံ၊**
**အဓိကာရော ဆန္ဒတာ ဧတေ၊ အဘိနီဟာရ ကာရဏာ။**

ပစ္စေကဗုဒ္ဓါအလောင်း ဗျာဒိတ်ရဖို့ နံပါတ်(၁)အချက်က **မနုဿတ္တ**-လူသားစင်စစ် ဖြစ်ရမယ်တဲ့။ စတင် ဗျာဒိတ်ရတဲ့ အခါမှာ လူသားဖြစ်ဖို့လိုအပ်တယ်။ ဘုရားအလောင်းတော်

သုမေဓာရသေ့ဟာလည်း လူသားဖြစ်နေတဲ့အခိုက်မှာ ဒီပင်္ကရာ မြတ်စွာဘုရားက ဗျာဒိတ်စကား မြွက်ကြားခဲ့တာကိုး။

သို့သော် လူသားဖြစ်ရမယ်ဆိုတဲ့အချက်သည် ယေဘုယျ စကားလို့ မှတ်ယူရမှာဖြစ်တယ်။ ဂေါတမဘုရားအလောင်းကို ဗျာဒိတ်ပြောကြားတဲ့ ဘုရားပေါင်း (၂၄)ဆူ ရှိတယ်။ တချို့ ဘုရားတွေရဲ့လက်ထက်မှာ ဘုရားအလောင်းဟာ လူသား မဟုတ် ဘူး၊ ဘီလူးဖြစ်ခိုက် တိရစ္ဆာန်ကြီးဖြစ်ခိုက် ဗျာဒိတ်ပေးခြင်းကို ခံယူရရှိတယ်။ အဲဒါကြောင့် မနုဿတ္တ လူသားဖြစ်ရမယ်ဆိုတဲ့ အချက်သည် ယေဘုယျဖြစ်ပြီး အဦးဆုံး ဗျာဒိတ်စကားနဲ့ သက်ဆိုင်တယ်လို့ မှတ်ရမယ်။

နောက် နံပါတ်(၂)က လိင်္ဂသမ္ပတ္တိ တဲ့။ လိင်္ဂသမ္ပတ္တိ ဆိုတာ အမျိုးသားစင်စစ် ဖြစ်ရမယ်လို့ ဆိုလိုတယ်။ ဒီစကားကြားရင် အမျိုးသမီးတွေက ကျေနပ်ချင်မှကျေနပ်မယ်။ အမျိုးသား ဖြစ်အောင် အရင်ဆုတောင်းပေါ့။ အမျိုးသားစင်စစ် ဖြစ်ပြီးတဲ့ နောက်ဆိုရင်တော့ ဗျာဒိတ်ရနိုင်တယ်။ မရဘူးဆိုတာ မရှိဘူး နော်။

လူ့လောကမှာ အမျိုးသား၊ အမျိုးသမီး ကွဲပြားခြားနားမှုက ထင်ထင်ရှားရှားကြီး ပေါ်လွင်နေတယ်။ လူ့ဘုံ၊ နတ်ဘုံ၊ ကာမဘုံ၊ နောက်ဆုံး တိရစ္ဆာန်ဘုံတွေမှာ ဖို,မ ဆိုတဲ့ ကွဲပြားခြားနားမှုက ရှိနေတယ်။ သို့သော် တရားဓမ္မ ကျင့်ကြံကြိုးကုတ် အားထုတ်လို့ ဈာန်ရတယ်၊ ဈာန်ကုသိုလ်ရဲ့ အကျိုးပေးရာဖြစ်တဲ့ ဗြဟ္မာ့ဘုံ ရောက်တဲ့အခါ ဖို,မ ကွဲပြားမှု မရှိတော့ဘူး။

ကမ္ဘာဦးကာလ လူ့ဘုံမှာ အဲဒီလို ဖို,မ ကွဲပြားခြားနားမှု ဆိုတာ မရှိခဲ့ဘူး။ နောက်ပိုင်းကျမှ အတွင်းစိတ်ဓါတ်တွေရဲ့ ဖောက်ပြန်မှုကြောင့် ကွဲပြားခြားနားမှုတွေ ပေါ်လာတယ်တဲ့။ လူတွေဟာ အမျိုးသားဘဝနဲ့ချည်း သံသရာလည်ရတဲ့ပုဂ္ဂိုလ် မရှိနိုင်သလို အမျိုးသမီးဘဝနဲ့ချည်း သံသရာလည်ရတဲ့ ပုဂ္ဂိုလ် လည်း မရှိဘူး။ အခြေအနေတစ်ခုကြောင့် ဘဝမှာ ဒီလို ကွဲပြား ခြားနားတဲ့ အနေအထားတစ်ခုကို ရရှိကြတာ။

အမျိုးသမီးက ဘဝဆက်တိုင်း ဘာကြောင့် အမျိုးသမီး ဖြစ်နေရတုန်းဆိုရင်ကျေနပ်နေလို့ဖြစ်တာ။ တစ်ခါတရံ ကလေးမ လေးတွေ မေးကြည့်၊ ယောကျ်ားဆု မတောင်းဘူးလားဆိုရင် မတောင်းချင်ဘူးတဲ့။ ဘာဖြစ်လို့တုန်းဆို နားကပ်မပန်ရလို့တဲ့။ အခုခေတ်မှာ ယောကျ်ားတွေလည်း ပန်နေကြတာပဲ။ အဲဒီလို ကိုယ့်ဘဝလေးကိုယ် ကျေနပ်နေတာကိုက အဲဒီဘဝမျိုး ဆက် ဖြစ်ဖို့ အကြောင်းဖြစ်တယ်။

လောကနီတိကျမ်းမှာ အမျိုးသမီးတစ်ယောက် ယောကျ်ား ဖြစ်ချင်တယ်ဆိုရင် အမျိုးသမီးဘဝ စိတ်ကုန်ရမယ်တဲ့။ အမျိုးသား ဖြစ်အောင် ကုသိုလ်ကောင်းမှုတွေပြုပြီး ဆုပန်ရင် အမျိုးသား ဖြစ်လာနိုင်တယ်ပေါ့။ ကျေနပ်နေရင်တော့ မဖြစ်ဘူးနော်။

အမျိုးသားကလည်း မဟုတ်တာလုပ်ရင် အမျိုးသမီး ဖြစ်သွားနိုင်သေးတယ်ပေါ့။ မြန်မာပြည်မှာ ထင်ရှားတဲ့ ဆရာဝန်ကြီးတစ်ဦးဟာ အမျိုးသမီးဘဝကနေ အမျိုးသား ဖြစ်လာတာလို့ သိရတယ်။ ဒီဘဝက အမျိုးသား နောက်ဘဝမှာ အမျိုးသမီး ဖြစ်သွားတာတွေလည်း ရှိတယ်ပေါ့။ ဘဝဆိုတာ

ကိုယ့်ရဲ့စိတ်ဆန္ဒနဲ့ လုပ်ဆောင်တဲ့ကံတရားတွေအပေါ် မူတည်တယ်။ အမျိုးသမီးဘဝနဲ့ ကျွတ်တမ်းဝင်သွားတာတွေကျတော့ အမျိုးသမီးဘဝနဲ့ပဲ ဗျာဒိတ်ရမှာပါ။ ထေရီမအဖြစ်နဲ့ ဗျာဒိတ်ရတာတွေ ရှိတာပေါ့နော်။ အခု **လိင်္ဂသမ္ပတ္တိ** ဆိုတာ ဘုရားအလောင်းနဲ့ ပစ္စေကဗုဒ္ဓါအလောင်းတွေဟာ ပြည့်စုံတဲ့ အမျိုးသားဖြစ်ရမယ်လို့ ဒီလိုဆိုတာ။

နံပါတ် (၃)က **ဝီဂတာသဝ ဒဿနာ၊ ဝီဂတာသဝ** ဆိုတာ အာသဝကင်းတဲ့ပုဂ္ဂိုလ်၊ မြတ်စွာဘုရားလို ပုဂ္ဂိုလ်မျိုးပေါ့။ **ဝီဂတာသဝ ဒဿန**- ဗျာဒိတ်စကား မိန့်ကြားနိုင်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကို ဖူးတွေ့တာ ဖြစ်ရမယ်တဲ့။ ဒါက တတိယမြောက် အကြောင်းတစ်ခုပေါ့။

နံပါတ် (၄) က **အဓိကာရ** တဲ့။ အဲဒီဘဝမှာ သူသည်သက်စွန့်ကြိုးပမ်းပြီး လွန်လွန်ကဲကဲ ကုသိုလ်ကောင်းမှု လုပ်ရမယ်လို့ ဒီလိုပြောတာနော်။ သာမန်လုပ်တဲ့ဒါနမျိုးနဲ့ ဗျာဒိတ်ရတာမဟုတ်ဘူး။

အသက်စွန့်တယ်ဆိုတာ နမူနာတစ်ခု ပြောမယ်ဆိုရင် ဘုရားအလောင်း သုမေဓာရသေ့ရဲ့ **အဓိကာရ**- လွန်လွန်ကဲကဲ လုပ်ပုံပဲ။ သူဟာ တန်ခိုးရှင်ပဲ။ တံတားတစ်စင်းဆောက်တာ ဘယ်လောက်မှကြာမှာမဟုတ်ဘူး။ ဖန်ဆင်းလိုက်ရင် မရပေဘူးလား။ သူ့ရဲ့ ကာယလုပ်အားနဲ့ သူကိုယ်တိုင် ရှင်းလင်းသုတ်သင်တာ၊ အချိန်မမီတော့လို့ မပြီးတဲ့အခါ ဘယ်လောက်ထိအောင် စွန့်စားပြီး လုပ်ဝံ့သလဲဆိုရင် သိန်းချီရှိတဲ့ ဘုရားအမှူးရှိတဲ့ သံဃာတွေ သူ့ပေါ်ကနေ ဖြတ်လျှောက်သွားဖို့အတွက် ကိုယ်ကို တံတား

ခင်းပေးတယ်။ နည်းတဲ့သတ္တိမှုမဟုတ်ဘဲ။ တကယ်သာ အပါး တစ်သိန်း လျှောက်လိုက်ရင်လည်း မှုန့်မှုန့်ညက်ညက် ဖြစ်သွားနိုင်တယ်။

အဲဒီလို ဘုရားအလောင်းတွေဟာ ကုသိုလ်ကောင်းမှု လုပ်ပြီဆိုရင် **အဓိကာရ** လွန်လွန်ကဲကဲ **စိတ်ဆန္ဒ** ပြင်းပြင်းထန်ထန်နဲ့ လုပ်လေ့ရှိတယ်။ အဲဒီ **အဓိကာရ** ဆိုတာ ဗျာဒိတ် ရခြင်းရဲ့ အကြောင်းတစ်ခုပဲတဲ့။

နံပါတ် (၅)က ပြင်းပြတဲ့ **ဆန္ဒ** ရှိရမယ်။ ပစ္စေကဗုဒ္ဓါ ဖြစ်ရရင် အခုပဲ ဖြစ်ချင်တယ်။ ဘယ်လောက် အခက်အခဲတွေ ကျော်ဖြတ်ရ ကျော်ဖြတ်ရ ကျော်ဖြတ်မယ်။

မဖြစ်နိုင်တဲ့ ဥပမာတစ်ခုကို အဋ္ဌကထာက ပေးထားတာ ရှိတယ်။ မဖြစ်နိုင်ပေမယ့် ဆန္ဒပြင်းထန်တယ်ဆိုတာကို သရုပ်ဖော်ဖို့အတွက် ဒီဥပမာတစ်ခု ပေးထားတယ်။ စကြဝဠာ အပြည့်ရှိတဲ့ မီးကျည်းတွင်းကြီးမှာ မီးခဲတွေရဲနေတယ်။ ဘုရားဖြစ်ချင်ရင် အဲဒီမီးကျည်းတွင်းကို ဖြတ်ပြီးလျှောက်၊ ဟိုဘက်ရောက်ရင် ဘုရားဖြစ်မယ်ဆိုရင် လျှောက်မယ့်လူပဲတဲ့။ ဆန္ဒက အဲဒီလောက်ထိအောင် ပြင်းပြတယ်လို့ပြောတာ။ အဲဒီလို ပြင်းထန်တဲ့ဆန္ဒမျိုးရှိမှ ဗျာဒိတ်ရနိုင်တယ်။

ပေါင်းလိုက်တဲ့အခါ ၅-ချက်ရှိတယ်။ ဒီ(၅)ချက်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်သည် ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မယ်ဆိုတဲ့ ဗျာဒိတ်စကားကို ကြားရမှာ ဖြစ်တယ်တဲ့။ **ဗျာဒိတ** သို့မဟုတ် **ဗျာဒေသ** ရည်ညွှန်းပြီးပြောတာ။ Prophecy ကြိုတင်ပြီး ဟောကိန်းထုတ်တာ။ အဲဒီ ကြိုတင်ပြီး ဟောကိန်းထုတ်တဲ့ ဗျာဒိတ်စကားသည် အလွဲအမှားမရှိတဲ့ ဗျာဒိတ်စကားဖြစ်တယ်။

## အသွား အပြန် ကမ္မဋ္ဌာန်း

အဲဒီလို ဗျာဒိတ်ရထားတဲ့ ပစ္စေကဗုဒ္ဓါအလောင်းလျာသည် **ပုဗ္ဗယောဂါဝစရ** လို့ခေါ်တဲ့ သမထကျင့်စဉ်နဲ့ဝိပဿနာကျင့်စဉ်ကို ပေါက်ရောက်အောင်ကျင့်ရမယ်။ မဂ်ဖိုလ်အထိ မရောက်သော်လည်း မဂ်ဖိုလ်အနီး ကပ်သွားလောက်အောင် ဝိပဿနာကျင့်စဉ်ကို ကျင့်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်မျိုးဖြစ်ရမယ်။

အဋ္ဌကထာမှာ ကမ္မဋ္ဌာန်းအလုပ် ကြိုးကြိုးပမ်းပမ်း အားထုတ်ပုံနှင့် ပတ်သက်ပြီး **ဂတ ပစ္စာဂတဝတ်** ဆိုတာ ဖေါ်ပြတယ်။ **ဂတ** ဆိုတာ ဆွမ်းခံအသွား၊ **ပစ္စာဂတ** ဆိုတာ ဆွမ်းခံပြီး ကျောင်းသို့အပြန်၊ ဂတ ပစ္စာဂတ ဆိုတာ ဆွမ်းခံ အသွား အပြန်ပေါ့။

ရှေးတုန်းက ဘုန်းကြီးတွေက တောရကျောင်းတွေမှာ နေကြရတာ။ တောရကျောင်းဆိုတာ လူ့အတောင်နဲ့ လေးတောင်ရှိတဲ့ တုတ်နဲ့တိုင်းတာရင် အပြန်ငါးရာ ဝေးတယ်တဲ့။ အဲဒါကို **"ကုပ်လုပ်လေးတာ အပြန်ငါးရာ"** လို့ စာထဲမှာ သုံးတယ်။ အနည်းဆုံး **"ပဥ္စသတ မနုက"** ၄-တောင်ရှိ လေးကိုင်းနဲ့ အပြန်ငါးရာ ဝေးရမယ်လို့ဆိုတယ်။

ရှေးတုန်းက စစ်ပွဲတွေမှာသုံးတဲ့လေးမျိုးကို လေးညို့တင်ပြီး တောင်ကြည့်မယ်ဆိုရင် လူ့အတောင်နဲ့ လေးတောင်ရှိတယ်။ ပိုလ်ချိန်တစ်ထောင်တင်တဲ့လေးလို့ ကြားဖူးကြလိမ့်မယ်။ ပိုလ်ချိန်တစ်ထောင်လို့ဆိုတာ တစ်ပိုလ်မှာ ၄-ကျပ်သား ရှိတယ်။ အဲဒီ ၄-ကျပ်သားနဲ့ပြောမယ်ဆိုရင် ကျပ် ၄-ထောင်ပေါ့။ လေးကြိုးကို အဲဒီ ပိုလ်ချိန်တစ်ထောင် သို့မဟုတ် ၄-ထောင်ကျပ်သား

အလေးချိန်ရှိ ပစ္စည်းဆွဲချိတ်ပြီး လေးကိုင်းက အပေါ် မလိုက်ရင် ညှို့တင်တဲ့ နေရာရောက်တယ်။ အဲဒီ အလေးချိန်နဲ့ ဆွဲလိုက်ရင် လေးကိုင်းက ညွတ်ပြီးပါသွားတာကိုး။ အဲဒါကို "ပိုလ်ချိန် တစ်ထောင် တင်တဲ့လေး" လို့ပြောတာ။

တချို့က ပိုလ်ချိန်တစ်ထောင် တင်တဲ့လေး ဆိုတာကို ဗိုလ်ခြေတစ်ထောင်လို့ လွဲမှားစွာနားလည်ကြတာ။ လူတစ်ထောင် တင်ရတဲ့လေးဆိုတာတော့ မရှိပါဘူးနော်။ အလေးကိုင်းက အင်မတန်မှ မာသည့်အတွက် စူးအားပြင်းတယ်။ ဘုရား အလောင်းကိုင်တဲ့လေးဟာ ပိုလ်ချိန်တစ်ထောင်တင်မှ မြား နေရာကို ရောက်တဲ့လေးမျိုးပေါ့။

အဲဒီလို လေးညှို့တင်ပြီးသား လေးကိုင်းကို လက်နဲ့ တောင်ကြည့်ရင် လေးတောင်ရှိတယ်။ အဲဒီ အတောင်နဲ့ အပြန် ငါးရာ ကွာဝေးတဲ့အရပ်ကို **တောရဒေသ၊ တောရကျောင်း** လို့ ခေါ်တာ။ တောကျောင်းဆိုတာ အဲဒီလောက်ဝေးမှ တော ကျောင်းဖြစ်တယ်။ အဲဒီလောက်ဆိုရင် အသံဗလံတွေ မကြား ရတော့ဘူး။ အခုခေတ်လို အသံချဲ့စက်တွေ၊ sound box တွေ၊ loud speaker တွေနဲ့ဆို ကြားရင် ကြားမှာပေါ့နော်။ ပကတိ အသံဆိုရင်တော့ မကြားရဘူး။

အဲဒီတော့ ရှေးတုန်းက ရဟန်းတော်တွေဟာ အဲဒီလို တောရကျောင်းတွေမှာ သီတင်းသုံးတာကိုး။ တောရကျောင်းက နေပြီး ဆွမ်းခံသွားရတယ်။ တောရကျောင်းကနေ ဆွမ်းခံ အသွား, ဆွမ်းခံအပြန်ကိုပြောတာ။ အသွားလည်း ကမ္မဋ္ဌာန်းနဲ့ အပြန် လည်း ကမ္မဋ္ဌာန်းနဲ့ အဲဒီလို အသွားအပြန် ကမ္မဋ္ဌာန်း ကြိုးပမ်း အားထုတ်တဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်ရမယ်တဲ့။

တချို့ပုဂ္ဂိုလ်တွေက အသွားတော့ ကမ္မဋ္ဌာန်းနဲ့သွားတယ်။ အပြန်ကျတော့ ကမ္မဋ္ဌာန်းလက်လွတ် ပြန်လာတယ်။ အသွား ကမ္မဋ္ဌာန်း၊ အပြန် ကမ္မဋ္ဌာန်း မပါဘူးပေါ့။ တချို့ပုဂ္ဂိုလ်ကတော့ အသွားတုန်းက ကမ္မဋ္ဌာန်းမပါဘူး။ ဗိုက်ကလေး ဖြည့်တင်းပြီးတဲ့ အခါ စိတ်ကလေးငြိမ်သွားပြီဆိုမှ အပြန်မှာ ကမ္မဋ္ဌာန်းနဲ့ ပြန်လာတယ်။ အဲဒီလို အသွားတုန်းက ကမ္မဋ္ဌာန်း မပါဘူး၊ အပြန်ကျမှ ကမ္မဋ္ဌာန်းလေးနဲ့ ပြန်လာတယ်ဆိုတဲ့ ပုဂ္ဂိုလ်ကတစ်ဦး။

နောက် တချို့ပုဂ္ဂိုလ်ကျတော့ အသွားလည်း ကသုတ်ကရက် ထသွားတယ်။ အပြန်ကျတော့လည်း "ဘယ်အိမ်က လောင်းတဲ့ဆွမ်း ကောင်းတယ်၊ ဘယ်အိမ်က လောင်းတဲ့ဟင်း မကောင်းဘူး" ဆိုတာ တွေးပြီးပြန်လာတာ။ အဲဒီလို အသွား လည်း ကမ္မဋ္ဌာန်း မပါဘူး၊ အပြန်လည်း ကမ္မဋ္ဌာန်း မပါဘူးဆိုတဲ့ ပုဂ္ဂိုလ်မျိုးလည်းရှိတယ်။

ပစ္စေကဗုဒ္ဓါလောင်းလျာကျတော့ အဲဒီလိုမဟုတ်ဘူးတဲ့။ အသွားလည်း ကမ္မဋ္ဌာန်းနဲ့သွားတယ်၊ အပြန်လည်း ကမ္မဋ္ဌာန်းနဲ့ ပြန်လာတယ်။ အဲဒီလိုပုဂ္ဂိုလ် ဖြစ်ရမယ်တဲ့။ ဒီလို ကမ္မဋ္ဌာန်း အလုပ်ကို ကြိုးပမ်းအားထုတ်တဲ့ ပုဂ္ဂိုလ်မျိုးဖြစ်မှ ပစ္စေကဗုဒ္ဓါ ဆိုတာ ဖြစ်နိုင်တယ်တဲ့။

## ပထမ ဂါထာနဲ့ ပစ္စေကဗုဒ္ဓါ

**ခဂ္ဂဝိသာဏ သုတ္တန်** မှာ (၄၁)ဂါထာရှိတဲ့ အထဲမှာ ပထမဆုံး ပစ္စေကဗုဒ္ဓါက သူကျင့်ခဲ့တဲ့ တရားဓမ္မကို ပြန်ပြော ပြတဲ့အနေနဲ့ ဂါထာတစ်ပုဒ် ဟောတယ်။ အဲဒီ ဂါထာအရ

အရှင်မြတ်ရဲ့ ဓမ္မအမြင်ကို သိနိုင်တယ်။ သူ့ရဲ့ ဘဝဇာတ်ကြောင်းကိုတော့ အဋ္ဌကထာမှာ ဖော်ပြထားတယ်။

(၁) **"သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ,**
**အဝိဟေဌယံ အညတရမ္ပိ တေသံ၊**
**န ပုတ္တမိစ္ဆေယျ ကုတော သဟာယံ,**
**ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ်"** တဲ့။

ခဂ္ဂဝိသာဏ သုတ္တန်မှာ ဒီဂါထာကို ပထမဆုံးထားတယ်။ သို့သော် ပစ္စေကဗုဒ္ဓါပဒါနမှာတော့ -

**သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ,**
**အဝိဟေဌယံ အညတရမ္ပိ တေသံ**
**မေတ္တေန စိတ္တေန ဟိတာနုကမ္ပီ၊**
**ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။**

ဒီဂါထာနဲ့ စထားတာ တွေ့ရတယ်။ ဇာတ်ကြောင်းကို ကြည့်လိုက်မယ်ဆိုရင် ဒီဂါထာနဲ့က အံကျဖြစ်တယ်။ အဋ္ဌကထာမှာ ဖွင့်ထားတာက ဒီဂါထာမဟုတ်ဘဲ ဖြစ်နေတယ်။ စာပေကို သေသေချာချာ ကြည့်တဲ့အခါမှာ တစ်စုံတစ်ခုများ အံချော်နေသလားလို့ ထင်မိတယ်။ ဒီမှာ ဒီဂါထာနဲ့ပဲ အဓိပ္ပါယ်ပြောရအောင်။

**သဗ္ဗေသု ဘူတေသု**- သတ္တဝါအားလုံးတို့ အပေါ်၌၊ **ဒဏ္ဍံ**- ညှဉ်းဆဲဖို့ရာ တုတ်ဓါးကို၊ **နိဓာယ**- မကိုင်ဆောင်ဘဲ

ဝေးဝေးဖယ်ထား၍။ သတ္တဝါတွေကို ဒုက္ခပေးမယ့် တုတ်၊ ဓါး၊ လက်နက် ဘာတစ်ခုကိုမှ မကိုင်ဘူး။ သတ္တဝါတွေကို ဒုက္ခပေးဖို့ ညှဉ်းဆဲဖို့ ဘယ်တော့မှ မလုပ်ဘူး။ **အဝိဟေဌယံ အညတရမ္ပိ တေသံ-** အဲဒီသတ္တဝါတွေထဲက ဘာကောင်ကိုမှ မညှဉ်းဆဲဘူး တဲ့။ အဲဒါ ဤပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ ကျင့်စဉ်နော်။ မည်သည့် သတ္တဝါကိုမှ မညှဉ်းဆဲဘူး။ **မေတ္တေန စိတ္တေန-** မေတ္တာနဲ့ ယှဉ်တဲ့စိတ်ဖြင့်၊ **ဟိတာနုကမ္ပီ-** သတ္တဝါတွေရဲ့ အကျိုးကို အမြဲတမ်း လိုလားပြီး နေခဲ့တယ်တဲ့။ **ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ-** ဘယ်သတ္တဝါကိုမှ မညှဉ်းဆဲဘဲ မေတ္တာ စိတ်ထားပြီး ကြံ့ချိုလို တစ်ယောက်တည်းကျင့်ပါ။

ဒါ ပစ္စေကဗုဒ္ဓါအရှင်မြတ်က သူ့ရဲ့ဓမ္မအမြင်ကိုပြောတာ။ မေတ္တာပွါးပြီး တစ်ယောက်တည်းနေပါလို့ပြောတာနော်။ "သတ္တဝါ တွေ အားလုံးကို ညှဉ်းဆဲဖို့ တုတ်၊ ဓါး၊ လက်နက်တွေကို ချထား လိုက်ပါ။ သတ္တဝါတွေကိုညှဉ်းဆဲဖို့လက်နက် ကိုယ့်ဆီမှာမထားနဲ့။ သတ္တဝါအားလုံးကို မညှဉ်းဆဲပါနဲ့။ မေတ္တာစိတ်နဲ့ သူတို့ကို စောင့်ရှောက်ပါ။ အဲဒီလိုမေတ္တာစိတ်မျိုးနဲ့ ကြံ့ချိုပမာ တစ်ယောက် တည်းနေပါ" တဲ့။ ဒါ ပစ္စေကဗုဒ္ဓါအရှင်မြတ်က ဆုံးမတဲ့စကားပဲ။

## ဘဝနှင့် ဓမ္မအမြင်

ကဿပဘုရားနဲ့ ဂေါတမမြတ်စွာဘုရား အကြားမှာ ဤ ပစ္စေကဗုဒ္ဓါအလောင်းဟာ လူ့ဘဝ ရရှိခဲ့တယ်။ တောထွက်ပြီး ဈာန် အဘိညာဉ်တွေ ရအောင်ကျင့်တယ်။ ဈာန် အဘိညာဉ်တွေ ရတဲ့အခါ ဗြဟ္မာ့ပြည် ရောက်တယ်။ ဗြဟ္မာ့ပြည်က စုတေတဲ့

အခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးရဲ့ မိဖုရားကြီးဝမ်းမှာ ပဋိသန္ဓေတည်တယ်။ ဗြဟ္မာ့ပြည်ကလာတဲ့ မင်းသားဖြစ်လို့ အရှိန်ပါလာတဲ့ မေတ္တာ၊ ကရုဏာတွေ သူ့ရင်ထဲမှာ အပြည့် ရှိတယ်။ သူ့ရဲ့အလေ့အကျင့်ကိုက မေတ္တာထားတဲ့ အလေ့ အကျင့်ပဲ။

ဘုရင့်သားဖြစ်လာတော့ တစ်နေ့ ထီးနန်းစည်းစိမ် သူ လက်ခံရတော့တာပေါ့နော်။ ဘုရင်ဆိုတာမျိုးက တိုင်းပြည် အုပ်ချုပ်ရတာကိုး။ တိုင်းပြည်အုပ်ချုပ်ရတယ်ဆိုတာ အပြစ်ဒဏ် ကျလာတဲ့လူကို အပြစ်ပေးရတာပဲလေ။ အဲဒီလို အပြစ်ပေးရတဲ့ အလုပ်တွေ သူမလုပ်ချင်ဘူး။ သို့သော် ဘုရင်ဟာ မလုပ်လို့ မရဘူး။ အဲဒီလို အလုပ်တွေကို သူမလုပ်ချင်တော့ သူယုံကြည် တဲ့ အမတ်တစ်ယောက်ကိုခေါ်ပြီး "ငါ့ကိုယ်စား မင်း တိုင်းပြည် အုပ်ချုပ်၊ ငါကတော့ တရားဓမ္မနဲ့ အေးအေးဆေးဆေးနေမယ်" လို့ဆိုပြီး နန်းတော်တံခါးပိတ်ပြီး သူက ကမ္မဋ္ဌာန်းအားထုတ် နေလိုက်တယ်၊ ဈာန် အဘိညာဉ်တွေ ရတယ်။

အဲဒီလို ကမ္မဋ္ဌာန်းအားထုတ်နေတဲ့အချိန် တိုင်းပြည် အုပ်ချုပ်တဲ့ အမတ်ရဲ့ နန်းတွင်းအရှုပ်တော်ပုံ ပေါ်လာတယ်။ နောက်ဆုံးမှာ သူ့ရဲ့ အရှုပ်ဇာတ်လမ်းတွေက ဘုရင့်နား ရောက် သွားတယ်။ ဘုရင်က မကြားချင်ဘူးဆိုပေမယ့် မရဘူး။ နန်းတွင်း မှာရှုပ်ရင် ခြေဖြတ်၊ လက်ဖြတ်၊ အပြစ်ဒဏ်တွေနဲ့ ပြစ်ဒဏ် ခတ်ရမယ်။ နောက်ဆုံးမှာ သတ်ဖြတ်ခံရမယ်။ နန်းတွင်းရေး ရှုပ်ပြီဆိုရင် အပြစ်ဒဏ်ကြီးကြီးပေးရတာ အစဉ်အလာ ရှိတာ ကိုး။

ဘုရင်က မပေးချင်ပေမယ့် အမတ်တွေက တင်ပြတယ်။ စစ်ဆေးလိုက်တဲ့အခါ ဟုတ်နေတယ်။ ဟုတ်နေတော့ အပြစ်ဒဏ် စီရင်ချက်ချရမှာ၊ ခြေဖြတ်လက်ဖြတ် သတ်ရတာမျိုး မလုပ်ချင်တော့ ဘာပြောတုန်းဆို "ငါ ဒါတွေတော့ မလုပ်ချင်ဘူး၊ သူ့ကို ရာထူးချ၊ တိုင်းပြည်က နှင်ထုတ်လိုက်၊ တခြားသွားနေစေ။ ဒီမှာ မနေစေနဲ့" လို့ဆိုပြီး သူ့ရဲ့ကိုယ်စား ဆောင်ရွက်နေတဲ့အမတ်ကို တိုင်းပြည်က နှင်ထုတ်လိုက်တယ်။

နှင်ထုတ်လိုက်တဲ့အခါ အဲဒီအမတ်က ဗာရာဏသီပြည် အနီးက နိုင်ငံတစ်ခုရဲ့ ဘုရင်ထံ သွားရောက်ခစားတယ်။ ဟိုဘုရင်က သူ့ကိုရာထူးပေးတယ်။ နောက်ပိုင်း အဲဒီဘုရင်နဲ့ ရင်းနှီးလာတဲ့အခါ သူက ဗာရာဏသီဘုရင်ကို လက်စားချေချင်တယ်။ ဘာလုပ်တုန်းဆို အဲဒီဘုရင်ကို နားချတယ် "ဗာရာဏသီ ဘုရင်က သိပ်သဘောကောင်းတယ်။ ဗာရာဏသီပြည်ဟာ ပျားကောင် မရှိတဲ့ ပျားအုံကြီးလိုပဲ။ ဗာရာဏသီပြည်ကြီးကို သွားသိမ်းမယ် ဆိုရင် အလွယ်တကူရနိုင်တယ်"ပေါ့။

ဟိုဘုရင်က ပထမတော့ မယုံဘူး။ သူတို့ခေတ်မှာ ဗာရာဏသီဆိုတာ အင်မတန်မှ အင်အားကြီးတယ်။ အင်အားကြီးတဲ့ နိုင်ငံတစ်ခုကို တိုက်ခိုက်သိမ်းယူဖို့ဆိုတာ မဖြစ်နိုင်ဘူး။

သူပြောတဲ့စကား မယုံတဲ့အခါ "ကျွန်ုပ်ပြောတာ မယုံရင် လူတွေလွှတ်" စုံစမ်းပါတဲ့၊ အဲဒီဘုရင်က သူလျှိုတွေလွှတ်ပြီး စုံစမ်းတယ်။ အဲဒီ သူလျှိုတွေက ဘယ်ထိအောင် ရောက်သွား တုန်းဆိုရင် နန်းတွင်း ဘုရင်ကျိန်းစက်တဲ့ သလွန်အနီးထိ ရောက် သွားတယ်။ ဘုရင်ကတွေ့တော့ "မင်းတို့ ဘယ်သူတွေလဲ" "ကျွန်ုပ်

တို့ သူခိုးတွေပါ”တဲ့။ ဘုရင်ကြီးက “မင်းတို့ဘာလို့ခိုးလဲ။ ဘာလို့ ဒီအလုပ်လုပ်လဲ။ နောက်မလုပ်ကြနဲ့” ဆိုပြီး ပိုက်ဆံတွေ ပေးလိုက်တယ်။

ဘုရင်က သိပ်သဘောကောင်းတယ်။ ဘာမှ မလုပ်ဘူး။ သူများအသက် မသတ်ဘူး။ မိမိရဲ့ နန်းတွင်းကို ကျူးကျော်ဝင်ရောက်လာတဲ့ ရန်သူတောင်မှပဲ ပိုက်ဆံပေးပြီး ပြန်လွှတ်တယ်။ ဒီအကြောင်းကိုသိရမှ ယုံတယ်။

အဲဒီအခါ စစ်ပြင်ပြီး ဗာရာဏသီပြည်ကို တိုက်ဖို့သွားတယ်။ မြို့စားတွေ အုပ်ချုပ်နေတဲ့ မြို့တွေကို တစ်မြို့ပြီးတစ်မြို့ ဝင်သိမ်းတယ်။ မြို့စားတွေက ဗာရာဏသီမင်းထံလှမ်းအကြောင်းကြားကြတယ် “ရန်သူက လာပြီးစစ်တိုက်နေပြီ။ မြို့ကိုသိမ်းဖို့ကြိုးစားနေပြီ။ ဘာလုပ်ရမလဲ။ အနိုင်တိုက်ရမလား”ပေါ့နော်။ အဲဒီတော့ ဘုရင်ကြီးက “စစ်တိုက်မနေနဲ့။ သူလိုချင်တာပေးလိုက်။ မင်း ဒီကိုလာနေ”လို့ အကြောင်းကြားတယ်။

တစ်မြို့ပြီးတစ်မြို့ ကျသွားတယ်။ “ဘယ်သူမှ ပြန်မခုခံနဲ့။ သူတို့လိုချင်တာပေးခဲ့။ မင်း ဒီလာနေ” ဆိုတော့ မြို့စားတွေအားလုံး ဗာရာဏသီ ရောက်လာကြတယ်။ မြို့တွေအားလုံး လက်လွှတ်ဆုံးရှုံးသွားတယ်။ ရန်သူမင်းက အလွယ်တကူ သိမ်းပိုက်သွားတယ်။

နောက်ဆုံး ဗာရာဏသီမြို့ကို ဝိုင်းရံလာတယ်။ ဗာရာဏသီဆိုတာ အဲဒီတုန်းက အင်အား အင်မတန်မှကောင်းတယ်။ အမတ်ကြီးတွေ၊ စစ်သူကြီးတွေအားလုံး ဒီရန်သူကို သူတို့ထွက်ပြီး နှိမ်နင်းမယ်ဆိုတော့ ဘုရင်က “မလုပ်ကြနဲ့၊ သွေးထွက်သံယိုဖြစ်တာ ငါမကြိုက်ဘူး” တဲ့။

အမတ်ကြီးတွေက "အရှင်မင်းကြီး သွေးထွက်သံယို မဖြစ်စေရဘူး။ ကျွန်ုပ်တို့က အင်အားပြုပြီး ရန်သူကိုဖမ်းမယ်" ဆိုတော့ "တစ်ယောက်မှ မသတ်ဘဲ အရှင်လတ်လတ်ဖမ်းနိုင်ရင် သွားဖမ်းကြ"လို့ဆိုပြီး ခွင့်ပြုလိုက်တယ်။

ဗာရာဏသီက စစ်အင်အား အင်မတန်မှကြီးတယ်။ ဟိုက စစ်အင်အား အဲဒီလောက်မရှိဘူး။ ဗာရာဏသီ စစ်တပ်က မြို့တံခါးကိုဖွင့်ပြီး စစ်အင်အား ကြီးကြီးမားမားနဲ့ ရန်သူတို့ကို ပြန်ဝိုင်းထားလိုက်တယ်။ နဂိုကတည်းက ကြောက်စိတ်ရှိတဲ့ ရန်သူဘုရင်က "ငါတော့မှားပြီ" ဆိုပြီး ကြောက်ဒူးတုန်တယ်။

အမတ်တွေကဝိုင်းပြီးအပြစ်တင်ကြတယ်။ "အရှင်မင်းကြီး လူလိမ်ရဲ့စကားကိုယုံမိပြီ။ ပျားမရှိတဲ့ပျားအုံမှာ ပျားရည်တွေ သွားယူပါလား" ဆိုပြီး တစ်ယောက် တစ်ပေါက် ပြောကြတဲ့အခါ ဘုရင်က ပိုပြီးကြောက်လာတယ်။

သူ့ကို ဝိုင်းထားတဲ့ ဗာရာဏသီစစ်တပ်ထံ လက်နက်ချလိုက်တယ်။ သူ့ကို ဗာရာဏသီဘုရင်ထံ ခေါ်သွားကြတယ်။ ဘုရင်ကြီးကို ရန်သူမင်းက ရှိခိုးတောင်းပန်တယ်။ "သူမှားမိတယ်၊ သူများစကားကိုယုံမိလို့ လုပ်မိပါတယ်" ဆိုတော့ ဗာရာဏသီဘုရင်က အကြည်အသာ သူ့တိုင်းပြည်ပြန်ခွင့်ပြုလိုက်တယ်။

ဗာရာဏသီ ဘုရင်ကြီးက အရေးအခင်း ပြီးသွားတဲ့အခါ သိပ်ကျေနပ်တယ်။ "ကြည့်စမ်း၊ ဘယ်သတ္တဝါမှ မညှဉ်းဆဲဘဲနဲ့၊ ဘယ်သူမှ သွေးတစ်စက်မထွက်ရဘဲနဲ့ ငါ စစ်ပွဲတစ်ပွဲ အနိုင်ရတယ်" ပေါ့။ ဒါကို ကျေနပ်နေတာနော်။

တိုင်းပြည်ပြန်ဖို့ ဆင်ကျောပေါ် ရောက်နေတဲ့အချိန်မှာပဲ လူတွေရဲ့အသက်သွေး တစ်စက်မှမထွက်ဘဲ ပြီးသွားတဲ့ စစ်ပွဲကြီးအတွက် ဝမ်းသာကြည်နူးပြီး တရားနှလုံးသွင်းလို့ မေတ္တာစျာန်ရတယ်။ မေတ္တာစျာန် အခြေခံပြီး ဝိပဿနာကျင့်စဉ်ကို ကျင့်ကြံကြိုးကုတ်အားထုတ်လိုက်တာ ပစ္စေကဗောဓိဉာဏ် ရသွားတယ်။

အဲဒီအခါ အမတ်ကြီးတွေက ပြောတယ် "အရှင်မင်းကြီးပြန်ဖို့အချိန်တန်နေပါပြီ။ စစ်ပွဲအနိုင်တိုက်တဲ့ သူရဲကောင်းတွေကို ဆုပေးရလိမ့်မယ်။ ရန်သူတွေကိုလည်း ပြစ်ဒဏ်စီမံရမယ်" ပေါ့။

ကိုယ့်တိုင်းပြည်ကို ကာကွယ်တဲ့ စစ်သူရဲကောင်းတွေကို ရာထူးတိုးပေးဖို့တို့၊ ဆုလာဘ်ချဖို့တို့ဆိုတာ ဒါ လုပ်ရိုးလုပ်စဉ်ကိစ္စတွေလေ။ "အရှင်မင်းကြီး တိုင်းပြည်ပြန်ဖို့ အချိန်တန်ပြီ" ဆိုတော့ မျက်လုံးလေးဖွင့်ကြည့်ပြီး "ငါက အရှင်မင်းကြီး မဟုတ်ဘူး"တဲ့။ "အရှင်မင်းကြီး ဘာဖြစ်လို့ အရှင်မင်းကြီး မဟုတ်ဘူးလို့ ပြောတာလဲ" ဆိုတော့ "ငါ ပစ္စေကဗုဒ္ဓါ ဖြစ်နေပြီ" တဲ့။

"အရှင်မင်းကြီး ပစ္စေကဗုဒ္ဓါ ဆိုတာ အရှင်မင်းကြီးလိုမှ မဟုတ်တာ" "ဒါဖြင့် ပစ္စေကဗုဒ္ဓါ ဆိုတာ ဘယ်လိုတုန်း" လို့ မေးတယ်။ "ပစ္စေကဗုဒ္ဓါဆိုတာ ဆံပင်အရှည်က လက်(၂)သစ်ပဲ ရှိတယ်။ မုတ်ဆိတ်မွေးကလည်း လက် (၂)သစ်ထက် တိုတယ်။ သင်္ကန်းစင်အဝတ်ကိုဝတ်ပြီး ပရိက္ခရာ (၈)ပါးနဲ့နေတာ။ ပစ္စေကဗုဒ္ဓါရဲ့အသွင်က အဲဒီလို" လို့ ပြောကြတယ်။

ထိုအခါ သူ့ခေါင်းကို ပွတ်သပ်လိုက်တယ်၊ ဘုရင့်အသွင်ပျောက်ပြီး ပစ္စေကဗုဒ္ဓါအသွင် ရောက်သွားတယ်။ သူ့ရဲ့ စိတ်

ဆန္ဒအတိုင်း အသွင်ပြောင်းသွားတယ်။ ဆင်ပေါ်က ဘုရင်ကြီး ချက်ချင်း ပစ္စေကဗုဒ္ဓါအသွင် ပြောင်းသွားတယ်။ သက်နိုးရုံ၊ သပိတ်လွယ်ပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ် အသွင်ဖြင့် တရားဟော တယ်။

"**သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ**- သတ္တဝါတွေ အပေါ်မှာ ငါ အပြစ်ဒဏ် မပေးခဲ့ဘူး၊ အားလုံးကို ခွင့်လွှတ် သည်းခံခဲ့တယ်၊ သူတို့ကိုညှဉ်းဆဲဖို့ တုတ် ဓါး ငါမကိုင်ခဲ့ဘူး။ **အဝိဟေဌယံ အညတရမ္ပိ တေသံ**- ဘယ်သတ္တဝါကိုမှ ငါ မညှဉ်းဆဲဘူး။ **မေတ္တေန စိတ္တေန ဟိတာနုကမ္ပီ**- အမြဲတမ်း မေတ္တာစိတ်နဲ့ သူတို့အကျိုးစီးပွား လိုလားခဲ့တယ်။ **ဧကော စရေ ခဂ္ဂဝိသာဏ ကပ္ပေါ**- ဒါကြောင့်မို့ ခုလို တရားထူးတရားမြတ် ရချင်တဲ့ ပုဂ္ဂိုလ်တိုင်း ကြံ့ချိုလိုပဲ တစ်ယောက်တည်းနေပြီး ကျင့်ကြံ ကြိုးကုတ် အားထုတ်ရမှာ ဖြစ်တယ်"။

ယခုလို တရားဟောပြီး ကောင်းကင်ခရီးကနေ ကြွသွား တယ်။

ဘယ်သတ္တဝါကိုမှ မညှဉ်းဆဲရဘူးဆိုတာ သူ့ရဲ့ဓမ္မအမြင် ပဲ။ သတ္တဝါတွေအားလုံးအပေါ်မှာ မေတ္တာစိတ် ထားနိုင်တယ်။ မေတ္တာတရား ပွားများအားထုတ်တယ်။ မေတ္တာနဲ့ တစ်ယောက် တည်း ကျင့်ကြံကြိုးကုတ် အားထုတ်မှုသည် အင်မတန်မှ တန်ဖိုး ရှိတဲ့ ဓမ္မအကျင့်ဖြစ်တယ်လို့ ပထမ ပစ္စေကဗုဒ္ဓါ အရှင်မြတ်က အခုလို တရားဓမ္မ ဟောပြောခဲ့တာ ဖြစ်ပါတယ်။

**ခဂ္ဂဝိသာဏသုတ္တန်**မှာ အခုလို ပထမဆုံး ပစ္စေကဗုဒ္ဓါ အရှင်မြတ်က တရားဟောပြီး ဟိမဝန္တာ တောင်တန်းမှာရှိတဲ့

ဂန္ဓမာဒန တောင်ကိုကြွပြီး မဉ္ဇူသက နတ်ပန်းပင်ကြီးပေါက်ရာ လိုဏ်ဂူမှာ သီတင်းသုံးတယ်တဲ့။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေ အဲဒီမှာပဲ သီတင်းသုံးကြတာ ဖြစ်တယ်ပေါ့။

ကဿပဘုရားနဲ့ ဂေါတမမြတ်စွာဘုရားကြား ဘုရားမပွင့်ခင် အချိန်ကာလလေးမှာ ဒီ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ဟာရာဏသီမင်းဘဝမှာ ဆင်ရဲ့ ကျောကုန်းပေါ် ထိုင်နေရင်း ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။ ဒါက ဒီ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရဲ့ ဘဝနဲ့ မေတ္တာတရား ထားရမယ်ဆိုတဲ့ ဓမ္မအမြင်ပဲဖြစ်တယ်။

တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့၊ ခဂ္ဂဝိသာဏ သုတ္တန်မှာလာတဲ့ "ဘယ်သူ့ကိုမှ မညှဉ်းဆဲဘူး၊ ဘယ်သူ့ကိုမှ အနိုင်မယူဘူး၊ မေတ္တာနဲ့ သတ္တဝါတွေအားလုံးရဲ့ အကျိုးစီးပွားကို စောင့်ရှောက်ခြင်းသည် အကောင်းဆုံးပဲ ဖြစ်တယ်"လို့ ဒီ ပစ္စေကဗုဒ္ဓါရဲ့ ဓမ္မအမြင်ကို လက်ခံကျင့်သုံးခြင်း ဖြင့် မိမိတို့ကိုယ်တိုင်လည်း တရားထူး တရားမြတ်ရအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

# ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဘဝနှင့် ဓမ္မအမြင်
# အပိုင်း (၃)

သာသနာတော်နှစ် ၂၅၅၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် (၁၄)ရက်၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ (၁၆)ရက် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးအတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်းအနား ဝယ် တောင်ဥက္ကလာပမြို့နယ်၊ ကွယ်လွန်သူ မိခင်ကြီး ဒေါ်ခင်ကြည်အား ရည်စူး၍ ဖခင်ကြီး ဦးညွန့်မောင်ကို အမှူးထားပြီး ဒေါ်လှလှကြည် မိသားစုတို့၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားအပ်သော **"ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ ဘဝနှင့်ဓမ္မအမြင် အပိုင်း(၃)"** တရားဒေသနာတော်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေဟာ တရားဟောသော်လည်း ပြည့်ပြည့်စုံစုံ ဟောပြောတာတော့ မဟုတ်ဘူး။ သူတို့ ကိုယ်တွေ့တရားကို တခြားပုဂ္ဂိုလ်များ လိုက်နာနိုင်ရန် ညွှန်ကြားချက်ပေးသွားတဲ့ သဘောလောက်ပဲ ဟောကြတယ်။ သတ္တဝါတွေရဲ့ အဇ္ဈာသယကိုသိပြီးဟောတဲ့ အနေအထားမျိုး မဟုတ်ဘူး။

## (၂) သံသဂ္ဂဂါထာ အဖွင့်

ယခု ပစ္စေကဗုဒ္ဓါဟောတဲ့ တရားကိုကြည့်-

**သံသဂ္ဂဇာတဿ ဘဝန္တိ သ္နေဟာ,**
**သ္နေဟာနွယံ ဒုက္ခမိဒံ ပဟောတိ၊**
**အာဒီနဝံ သ္နေဟဇံ ပေက္ခမာနော,**
**ဧကော စရေ ခဂ္ဂဝိသာဏ ကပ္ပေါ။**

"**သံသဂ္ဂဇာတဿ ဘဝန္တိ သ္နေဟာ**- တစ်ဦးနဲ့တစ်ဦး ဆက်သွယ်မိသွားရင် ရင်းနှီးမှု ချစ်ခင်မှုတွေ ပေါ်လာတတ်တယ်။"

ဒါ သူ့ရဲ့ကိုယ်တွေ့ကို ပြောတာနော်။ လူချင်း မသိခင်က ဘာမှမဖြစ်ဘူးလေ။ ယခုခေတ်မှာ Internet ကနေ ဆက်သွယ်တာ ရှိတယ်။ လူချင်း မမြင်ရတောင် ဆက်သွယ်မှုက ပိုပြီး ကျယ်ပြန့်လာတယ်။ Telephone နဲ့ဆက်သွယ်တယ်။ ကြုံကြုံဖန်ဖန် အသံတိတ် စကားပြောပြီး ဘာဘာညာညာတွေ ဖြစ်ကုန်တာရှိတယ်။

အဲဒီမှာ အဆင့်ဆင့် ဖြစ်ပေါ်လာပုံကို ကြည့်ပါ၊ **ဒဿနေ သတိ သံသဂ္ဂေါ**- မြင်တွေ့ရင် ဆက်သွယ်မိသွားတယ်။ ဆက်သွယ်တယ်ဆိုတာ စိတ်ထဲမှာ အဆက်အသွယ်ဖြစ်သွားတာ။ လူချင်းသိသည်ဖြစ်စေ မသိသည်ဖြစ်စေ ပထမ မြင်လိုက်တယ်။ မြင်ရာကနေ ငြိသွားတယ်၊ ဆက်သွယ်သွားတယ်ပေ့ါ။ **သံသဂ္ဂေ သတိ ဝိဿာသော**- ဆက်သွယ်တဲ့အခါ ခင်မင်လာတယ်,

အကျွမ်းဝင်လာတယ်။ ဝိဿာသေ သတိ ပြေတိဗ္ဗော- အကျွမ်းဝင်လာရင် ကာမဂုဏ်အာရုံစိတ်တွေ ဝင်လာတယ်တဲ့။

ပစ္စေကဗုဒ္ဓါအရှင်မြတ်က အဲဒီသဘောကို ပြောတာ၊ **"သံသဂ္ဂဇာတဿ ဘဝန္တိ သ္နေဟာ** = တစ်ဦးနဲ့တစ်ဦး ဆက်သွယ်မှု ရသွားပြီဆိုရင် တွယ်တာမှုတွေ၊ ကြင်နာမှုတွေ ဖြစ်ပေါ်လာတယ်" တဲ့။

အဲဒီမှာ "**သံသဂ္ဂ**" ဆက်သွယ်တယ်၊ ဆက်ဆံမှုတွေ ဖြစ်လာတယ်၊ စိတ်ထဲမှာ ငြိကပ်လာတယ်ဆိုတာ ဘယ်နှစ်မျိုး ရှိတုန်းဆိုရင် (၅)မျိုးရှိတယ်။

(၁) **ဒဿန သံသဂ္ဂ** - အမြင်နဲ့ဆက်သွယ်မှု။

(၂) **သဝန သံသဂ္ဂ**- မမြင်ဖူးဘူး၊ သတင်းကြားနဲ့ ဆက်သွယ်မှု။

(၃) **ကာယ သံသဂ္ဂ**- ကိုယ်ချင်းထိတဲ့ ဆက်သွယ်မှု၊ ဘတ်စ်ကားစီးရင်း ခရီးသွားရင်း ကိုယ်ချင်းထိပြီး ဆက်သွယ်မှု။

(၄) **သမုလ္လပန သံသဂ္ဂ**- စကားစမြည် ပြောခြင်းဖြင့် ဆက်သွယ်မှု၊ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေဖွဲ့ပြီး စကား ပြောကြတယ်။ အဲဒီ စကားပြောမှုကလည်း ဆက်သွယ်မှုတစ်ခုပဲ ပေါ့။

(၅) **သမ္ဘောဂ သံသဂ္ဂ** - ထမင်း အတူစားတယ်၊ စားသောက်ဆိုင် အတူတကွသွားတယ်၊ အတူစား အတူသောက် ခြင်းဖြင့် ဆက်သွယ်မှု။ ဒါတွေကို လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀- ကျော်က ဟောခဲ့တာ။ ဒီနေ့အထိ ဒီအတိုင်းပဲ ရှိနေသေးတယ်။

အခု ဒီမှာ ပစ္စေကဗုဒ္ဓါက **သံသဂ္ဂဇာတဿ ဘဝန္တိ သ္နေဟာ** အခုလို ဆက်ဆံမိသွားပြီဆိုရင် လူတွေ တစ်ဦးနဲ့တစ်ဦး ကြင်နာမှုတွေ၊ တွယ်တာမှုတွေဖြစ်လာတတ်တယ်။ သံယောဇဉ်တွေ စလာတယ်လို့ ဆိုလိုတာပဲ။

ပဋိစ္စသမုပ္ပါဒ်မှာ **သဠာယတနပစ္စယာ ဖဿော** မြင်စရာ ကြားစရာရှိလို့ မြင်လိုက်၊ ကြားလိုက်ခြင်းဖြင့် ဆက်သွယ်တယ်ပေါ့။ **ဖဿပစ္စယာ ဝေဒနာ** ဆက်သွယ်လို့ စိတ်ခံစားမှု ဖြစ်တယ်။ **ဝေဒနာပစ္စယာ တဏှာ** စိတ်ခံစားမှုဖြစ်လို့ တွယ်တာမှု ဖြစ်တယ်။

မြတ်စွာဘုရားတရားတော်သည် ဘယ်အခါမှ date out သွားတာမရှိဘူး။ ဒို့ပြင်အရာတွေကျတော့ date out သွားတာတွေ အများကြီးပဲ။ အသုံးမဝင်တော့ဘူး။ ဒီကနေ့ခေတ်အထိ ဘုရား တရားတော်ကတော့ မှန်နေတုန်းပဲ။

**သံသဂ္ဂဇာတဿ ဘဝန္တိ သ္နေဟာ** တစ်ဦးနဲ့တစ်ဦး ဆက်ဆံမှုက ချစ်ခင်မှုတွယ်တာမှုတွေကို ဖြစ်ပွားစေတတ်တယ်တဲ့။ တစ်ဦးနဲ့တစ်ဦး မြင်ပါများတော့ ကြင်နာပွားလာတယ်။ ကြင်နာပွားတာ ပျော်စရာကောင်းတယ်လို့ ထင်ကြတာ။

ပစ္စေကဗုဒ္ဓါအမြင်က အဲ့ဒီလို မဟုတ်ဘူး။ **သ္နေဟာန္ဝယံ ဒုက္ခမိဒံ ပဟောတိ** ဒုက္ခတွေ၊ problem တွေဟာ ဟောဒီ ချစ်ခင်မှုက စလာတာ၊ ချစ်ခင်မှုနောက်က ပါလာတာတဲ့။

ဟုတ်မဟုတ် ကိုယ့်ဘာသာကိုယ် စဉ်းစားကြည့်။ စိတ်ကောက်ကြ၊ ရန်ဖြစ်ကြနဲ့။ မတွေ့ခင်က စိတ်ကောက်တာ ရန်ဖြစ်တာ ရှိပဲ့မလား။ တရားတော်က မှန်လိုက်တာနော်။ လူတွေရဲ့

အကြောင်းကို ဟောတာကိုး။ လူသားတွေ ရှိနေသမျှ ကာလ ပတ်လုံး မှန်နေမှာပဲ။

စိတ်ဆင်းရဲရတာတို့၊ ပြဿနာတွေအမျိုးမျိုးနဲ့ ကြုံရတာ တို့၊ အခြေအနေမကောင်းတာတို့ စတဲ့ ဆင်းရဲဒုက္ခဟာ ချစ်ခင် တွယ်တာမှုနောက်ကပါလာတဲ့ အရာတွေသာ ဖြစ်ပါတယ်တဲ့။

ဒါ ပစ္စေကဗုဒ္ဓါရဲ့ ဓမ္မအမြင်၊ သူ့ဘဝမှာ တွေ့ကြုံခဲ့တဲ့ ကိုယ်တွေ့တရားလို့ ဒီလို ပြောလို့ရတယ်ပေါ့နော်။ ဒုက္ခတွေ ဖြစ်တယ်ဆိုတာ လူတွေက သိသော်လည်းပဲ ဒီဒုက္ခကြီးကိုပဲ အကောင်းထင်နေကြတာ။ ဒီ ဒုက္ခကြီးကိုပဲ မရရအောင် ရှာနေ ကြတာနော်။

ဘုန်းကြီးတစ်ပါးကို ဆွမ်းကပ်တယ်။ ကိုတက်တိုး ဆိုတဲ့ လူက ကပ္ပိယတဲ့။ ဆွမ်းစားတိုင်း ဘုန်းကြီးက "သြော်- ဒုက္ခ ဒုက္ခ" လို့ ညည်းသတဲ့။ အဲဒီနေ့က ဟင်းမကောင်းဘူး၊ ဝက်သား ဟင်းတို့၊ ကြက်သားဟင်းတို့၊ ငါးဟင်းတို့ မပါဘူး။ ကပ္ပိယက ဘာစဉ်းစားတုန်းဆိုရင် ဟင်းမကောင်းလို့ ဒုက္ခလို့ညည်းတာ နေမှာ။ နောက်ရက်ကျတော့ ဟင်းကောင်းနဲ့ကပ်တယ်။ ဝက်သား ဟင်း သုံးထပ်သား အိနေအောင်ချက်ပြီး ကပ်တယ်။ အဲဒီနေ့မှာ လည်း ဘုန်းကြီးက "သြော်-ဒုက္ခ ဒုက္ခ" ညည်းလိုက်ပြန်တယ်။

ဟင်းမကောင်းလို့ ညည်းတာမှတ်တယ်၊ ဟင်းကောင်း တော့လည်း ညည်းပြန်တာပဲ။ ဆရာတော်ကြီး ညည်းတာ အဲဒါ ကြောင့် မဟုတ်ဘူး။ ခန္ဓာကိုယ်ကြီးက မစားလည်းမဖြစ်၊ စားလည်းဒုက္ခ၊ ခန္ဓဒုက္ခကြီးပဲ ဆိုတဲ့သဘောနဲ့ ဒုက္ခ ဒုက္ခလို့ တရားနှလုံးသွင်းပြီး ညည်းတာကို သူက ဟင်းမကောင်းလို့ ညည်းတယ်ထင်တာ။

အဲဒီအခါ မကြားတကြား ဘာပြောတုန်းဆိုရင် "ဒီလို ဒုက္ခမျိုးတော့ တက်တိုးတို့ တွေ့ချင်လှပေါ့ဗျာ" တဲ့။ လူတွေက လည်း အဲဒီလို ဒုက္ခမျိုးတော့ တွေ့ချင်နေကြတာပဲ။ အတွေးချင်း က တူမှမတူတာကိုး။ အဲဒီလို ဒုက္ခမျိုး တွေ့ချင်လှလို့ ရှာနေတဲ့ လူတွေက များတယ်မို့လား။

ပစ္စေကဗုဒ္ဓါကတော့ ဟောတယ်။ "**ဣဒံ ဒုက္ခံ**- ဤဆင်းရဲ ဒုက္ခ ပြဿနာ အဝဝသည်၊ **သ္နေဟာန္ဝယံ**- ချစ်ခင်မှုတွယ်တာမှုရဲ့ နောက်က ပါလာတဲ့ အရာသာဖြစ်တယ်" တဲ့။ တစ်ယောက်နဲ့ တစ်ယောက် ဆက်သွယ်ပြီးတဲ့နောက် ချစ်ခင်မှုတွေ ဖြစ်လာ တယ်။ ချစ်ခင်မှုဖြစ်လာရင် ပြဿနာတွေ တက်လာတယ်။ ပြဿနာတက်လာရင် ရှုမြင်သုံးသပ်ရမှာက **သ္နေဟဇံ**- ချစ်ခင် တွယ်တာမှုကြောင့် ဖြစ်လာတဲ့၊ **အာဒီနဝံ**- အပြစ်ကို၊ **ပေက္ခမာနော**- အသိဉာဏ်နဲ့ ရှုမြင်လျက်။

အဲဒီလို ရှုမြင်နိုင်တဲ့အဆင့် မရောက်ကြတော့ဘူး။ ဒီလို ဒုက္ခမျိုး တက်တိုးတို့ တွေ့ချင်နေကြတာ၊ မတွေ့တွေ့အောင် ရှာနေကြတာ။ ဘာဖြစ်လို့တုန်းဆိုရင် ဒုက္ခဆိုတာ တွယ်တာမှု ကြောင့် ဖြစ်ပေါ် လာတာလို့ မသိဘူး။ ဒါ သတ္တဝါတွေရဲ့ သဘာဝ ပဲလေ။ သိမြင်နိုင်စွမ်းမရှိတဲ့ သတ္တဝါတွေကို မေ့လျော့မှုက လွှမ်းမိုး ထားတယ်။ ဘယ်လောက်ကြီးမားတဲ့ဒုက္ခဖြစ်ဖြစ် သေးငယ်သော သုခက လွှမ်းဖုံးပြီး မေ့ပစ်လိုက်နိုင်တယ်တဲ့။

ဟုတ်လား မဟုတ်လား ကိုယ့်ကိုယ်ကို စဉ်းစားကြည့်။ ဒုက္ခတွေ့လိုက်တဲ့အခါ မျက်ရည်ပေါက်ပေါက်ကျပြီး ငိုက်လိုက် ကြတယ်၊ မကြာမီ မျက်ရည်လေးသုတ်ပြီးပြုံးနေပြန်ရော။ တကယ်

စဉ်းစားကြည့်ရင် လူတွေ အဲဒီအတိုင်းပဲနော်။ ပေါက်ပေါက်နဲ့ ကျလာတဲ့ မျက်ရည်လေးသုတ်ပြီး တဖန် ပြုံးနေကြပြန်တယ်။ ပြီးတော့လည်း ဘာမှမထူးဘူး။

အရိယာသူတော်စင်တွေကတော့ အဲဒီလို မဟုတ်ဘူး။ "**သေ္နဟဇံ**- ချစ်ခင် တွယ်တာမှု တဏှာကြောင့် ဖြစ်လာတဲ့၊ **အာဒီနဝံ**- အပြစ်ကို၊ **ပေက္ခမာနော**- စေ့စေ့ငုငု ဆင်ခြင် သုံးသပ်တယ်။"

ကိုယ့်သန္တာန်မှာ တွယ်တာမှုတွေဖြစ်မလာအောင်ဆို့ပိတ်ဖို့ ကြိုးစားကြတယ်။ သာမန် ပုထုဇဉ်ပုဂ္ဂိုလ်တွေကတော့ တွယ်တာမှု တွေ တွေ့အောင် ကြိုးစားနေကြတာပဲ။ တွယ်တာမှုကြောင့် ရလာတဲ့ ချမ်းသာသုခကိုမျှော်လင့်ပြီး ဘယ်လောက်ကြီးမားတဲ့ ဒုက္ခပဲဖြစ်ဖြစ် မေ့ထားလိုက်တယ်။

## ရှင်သီဝလိ မယ်တော်

ရှင်သီဝလိ မယ်တော်ကြည့်လေ၊ သူမဟာ **ကောလိယ** မင်းမျိုးမင်းနွယ်က **သုပ္ပဝါသာ** မင်းသမီးဖြစ်တယ်။ ရှင်သီဝလိ လေးကို ကိုယ်ဝန်ဆောင်တဲ့အခါ (၇)နှစ်ကိုယ်ဝန်ဆောင်ရတယ်။ ဘယ်လောက်ဒုက္ခကြီးမယ်ဆိုတာ စဉ်းစားကြည့်။ မီးမဖွားနိုင်လို့ (၇)ရက် ဒုက္ခရောက်တယ်။

**သုပ္ပဝါသာ** မင်းသမီးက ဘယ်လိုတွေးပြီး သည်းခံသလဲ ဆိုရင် "ဒီလိုဒုက္ခမျိုးတွေ ပယ်ရှားနိုင်ဖို့ တရားဓမ္မကိုဟောတဲ့ မြတ်စွာဘုရားဟာ တကယ့် သမ္မာသမ္ဗုဒ္ဓအစစ် ဖြစ်ပါပေတယ်။ ဒီလိုဒုက္ခမျိုးတွေဖယ်ရှားနိုင်အောင် သံဃာများကျင့်တဲ့ အကျင့်

ဟာ မှန်ကန်တဲ့အကျင့် ဖြစ်ပါပေတယ်။ နိဗ္ဗာန်သည် ဒီလိုဒုက္ခ တွေကင်းလို့ အင်မတန်မှ ချမ်းသာပါပေတယ်" ဆိုတဲ့ အတွေးနဲ့ အောင့်အည်းသည်းခံပြီး ဒီဒုက္ခကို ဖြတ်ကျော်နိုင်ခဲ့တယ်။

သူ့ရဲ့အမျိုးသားကို ဘုရားထံလွှတ်ပြီး အကျိုးအကြောင်း လျှောက်ထားတဲ့အခါမှာ မြတ်စွာဘုရားက မိန့်ကြားလိုက်တယ်။ **"သုခိနီ ဟောတု သုပ္ပဝါသာ ကောလိယဓီတာ ဟောတု အရောဂါ၊ အရောဂံ ပုတ္တံ ဝိဇာယတု-** သုပ္ပဝါသာ ရောဂါ ဝေဒနာတွေကင်းပြီး ကျန်းမာတဲ့သားကို မွေးဖွားနိုင်ပါစေ"တဲ့။ မြတ်စွာဘုရားက သူ့ရဲ့ရှိခိုးမှုကို တုံ့ပြန်ပြီး ဆုပေးလိုက်တဲ့အချိန် မေတ္တာပို့လိုက်တဲ့အချိန် ဟိုမှာ မီးဖွားလိုက်တယ်။ မီးဖွားတဲ့နေ့ မှာပဲ ရှင်သီဝလိလောင်း သူငယ်ကလည်း (၇)နှစ်သားအရွယ် ဖြစ်နေပြီ။

ဒုက္ခတွင်းက လွတ်လာတဲ့အခါ သုပ္ပဝါသာက ကုသိုလ် ကောင်းမှု လုပ်ချင်တယ်။ (၇)ရက်လုံးလုံး ဘုရားအမှူးရှိတဲ့ သံဃာ တွေပင့်ပြီး အိမ်မှာ (၇)ရက် ဆွမ်းကပ်တယ်။ ဆွမ်းကပ်တော့ ဒီနေ့မှမွေးဖွားလာတဲ့ အဲဒီ(၇)နှစ်သားလေးက ရှင်သာရိပုတ္တရာနဲ့ စကားပြောတယ်။ အဲဒါကိုကြည့်ပြီး သုပ္ပဝါသာ မင်းသမီးက ပြုံးနေတယ်။ (၇)နှစ် ဒုက္ခခံခဲ့ရတာတွေ မေ့သွားပြီ။

မြတ်စွာဘုရားကမေးတယ် "သုပ္ပဝါသာ၊ ဒီလိုစကားတတ် တဲ့ ဘုန်းကံပါရမီနဲ့ပြည့်စုံတဲ့ ကလေးမျိုးရမယ်ဆို လိုချင်သေး သလား"ဆိုတော့ "တစ်ရာမက လိုချင်ပါတယ်" တဲ့။ (၇)နှစ်လုံးလုံး ဒုက္ခခံခဲ့ရတာတွေ မေ့သွားပြီ။

**"အသာတံ သာတ ရူပေန၊ ပိယ ရူပေန အပ္ပိယံ၊**
**ဒုက္ခံ သုခဿ ရူပေန၊ ပမတ္တံ အတိဝတ္တတိ။"**

မြတ်စွာဘုရားက သတ္တဝါတွေရဲ့ ဒီအတွေးကို ပြုံးတော်မူပြီး ဥဒါန်းကျူးတဲ့ဂါထာ။

"**အသာတံ**-သာယာစရာမကောင်းတဲ့အရာသည်၊ **သာတ ရူပေန**-သာယာစရာကောင်းတဲ့အသွင်ဖြင့်၊ **ပမတ္တံ**- စဉ်းစားဉာဏ် အားနည်းပြီး မေ့လျော့နေတဲ့ပုဂ္ဂိုလ်ကို၊ **အတိဝတ္တတိ**-လွှမ်းမိုးထားနိုင်၏"တဲ့။ ဒီနည်းနဲ့ လူတွေ ဒုက္ခကို မေ့မေ့ထားကြတာတဲ့။ အမှန်ကတော့ ဒုက္ခဟာဒုက္ခပဲ။ သို့သော် မေ့ပစ်လိုက်တယ်။ မေ့ပြီး ပြုံးနိုင်တဲ့အနေအထားမျိုး ရောက်သွားတယ်။

"**အပ္ပိယံ**- မုန်းစရာကောင်းတဲ့၊ မချစ်မနှစ်သက်စရာကောင်းတဲ့ အရာကလည်း၊ **ပိယရူပေန**- ချစ်ခင်စရာကောင်းတဲ့အသွင်ဖြင့်၊ **ပမတ္တံ**- မေ့လျော့တဲ့ပုဂ္ဂိုလ်ကို၊ **အတိဝတ္တတိ**-လွှမ်းမိုးထားနိုင်၏။ **ဒုက္ခံ သုခဿ ရူပေန**- ဆင်းရဲဒုက္ခကလည်း ချမ်းသာသုခရဲ့အသွင်နဲ့၊ **ပမတ္တံ**- မေ့လျော့တဲ့ပုဂ္ဂိုလ်ကို၊ **အတိဝတ္တတိ**- လွှမ်းမိုးထားနိုင်၏။" ဟုတ်တယ်၊ လောကကြီးက ဒီလိုနည်းနဲ့သွားတာ။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်က "**သ္နေဟဇံ**- ချစ်ခင်မှုကြောင့် ဖြစ်ပေါ်လာတဲ့၊ **အာဒီနဝံ**- ကြောက်စရာကောင်းတဲ့ ဒုက္ခကြီးကို၊ **အပေက္ခမာနော**- စေ့စေ့ငုငု အသိဉာဏ်ဖြင့် ရှုကြည့်လျက်။ **ခဂ္ဂဝိသာဏကပ္ပေါ**- ကြံ့ချိုပမာ၊ **ဧကော**- အဖော်မမှီး တစ်ကိုယ်တည်း၊ **စရေ**- တရားမေ့ကို ကျင့်ကြံကြိုးစား အားထုတ်ပါ" ဒီတရားကို ဟောခဲ့တာပဲ။

ဆိုလိုတာက အပြစ်ကို အပြစ်လို့မြင်ရမယ်။ မြင်ပြီးတဲ့ အခါမှာ ဒီအပြစ်ကလွတ်မြောက်ဖို့အတွက် တစ်ဦးတည်း ကြိုးစား အားထုတ်ရမယ်တဲ့။ သာမန်ပုဂ္ဂိုလ်တွေက ဒီအဆင့်မရောက်ဘူး။ ဒုက္ခတွေ့တဲ့အချိန်လောက်ပဲ အော်ဟစ်မြည်တမ်းတယ်။ ပြီးတဲ့ အခါမှာ မေ့ထားလိုက်ပြန်ရော။ ဒီလမ်းကြောင်းအတိုင်း ပြန် လျှောက်နေပြန်ပြီ။ ဒုက္ခတွေ့ရင် အော်လိုက်၊ ဟစ်လိုက်၊ ငိုလိုက်၊ ပြီးရင် ပြန်သွားပြန်ပြီ။ အဲဒီပုံစံနဲ့ သံသရာကြီးထဲမှာ နေထိုင်နေ ကြတာ။

**ဘဝနှင့် ဓမ္မအမြင်**

ကောင်းပြီ၊ ဒီ ပစ္စေကဗုဒ္ဓါ အရှင်မြတ်က ဘာဖြစ်လို့ ဒီ ဂါထာကို ရွတ်ဆိုဟောပြောတာလဲလို့ဆိုရင် သူ့ရဲ့ ဘဝဇာတ် ကြောင်းအရပဲ ဖြစ်တယ်။

ကဿပမြတ်စွာဘုရား လက်ထက်တုန်းက သူဟာ ဘုန်းကြီးတစ်ပါးပဲ။ သမထကျင့်စဉ်တစ်ခုကိုကျင့်လို့ ပထမစျာန် ရသွားတယ်။ မြတ်စွာဘုရားဟောတဲ့ နည်းစနစ်အတိုင်း ပထမ စျာန်မှာရှိတဲ့ တရားဓမ္မတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ သုံးတန်တင်ပြီး ဝိပဿနာဉာဏ်နဲ့ရှုမြင်သုံးသပ်တယ်။ သို့သော် မဂ်၊ ဖိုလ် မရဘူး။ ရထားတဲ့စျာန်ရဲ့ အရှိန်အဟုန်ကြောင့် ဗြဟ္မာ ဖြစ်တယ်။

ဗြဟ္မာ့ပြည်မှ လူ့ပြည်ပြန်ရောက်လာတဲ့အခါ ဗာရာဏသီ ပြည် ဘုရင်ကြီးရဲ့ မိဖုရားကြီး ဝမ်းကြာတိုက်မှာ သန္ဓေလာခလို့ ဗာရာဏသီ ဗြဟ္မဒတ်မင်းရဲ့ သားတော်ဖြစ်လာတယ်။ ဘုန်းကံ

ပါရမီကြီးတဲ့ သားတော်ဖြစ်တယ်။ အမျိုးသား၊ အမျိုးသမီး ခွဲခြား သိတဲ့ အချိန်ကစပြီး အမျိုးသမီးတွေ သူ့ကို မကိုင်ရဘူးတဲ့။ အမျိုးသမီးကိုင်ရင် ငိုတော့တာပဲ။ အမျိုးသမီးကြောက်တဲ့ရောဂါ လို့ ပြောကောင်းပြောရလိမ့်မယ်။ ဒီနေ့ခေတ်ဆိုရင်တော့ Female phobia ဖြစ်တယ်လို့ ပြောမှာပဲ။

မိခင်ဝမ်းထဲမှာတုန်းကတော့ အမေကို အမျိုးသမီးမှန်း မသိဘူး၊ မွေးလာလို့ သိတတ်တဲ့အရွယ် ရောက်တဲ့အခါ အမေ အကိုင်မခံဘူး။ နို့တိုက်တဲ့အခါတောင်မှပဲ ယောကျ်ားလိုဝတ်ပြီး နို့တိုက်ရတယ်တဲ့။ နို့မို့ဆိုရင် နို့မစို့ဘူးတဲ့။ ဒါကြောင့်မို့ သူ့ကို **အနိတ္ထိဂန္ဓ** (န + ဣတ္ထိဂန္ဓ အမျိုးသမီး အနံ့မခံနိုင်သူ) လို့ ခေါ်တယ်။ ဒီလို ဇာတ်လမ်းမျိုးက ဓမ္မပဒမှာလည်း ရှိတယ်။ ဗြဟ္မာ့ပြည်ကလာသူဖြစ်လို့ အမျိုးသမီးရဲ့အနံ့အသက်ကို မခံနိုင် ဘူး။ ဗြဟ္မာစိတ် မကုန်သေးဘူးပေါ့။

ရှေးတုန်းက ဘုရင်တွေဆိုတာ ထီးနန်းစည်းစိမ်တွေ အမွေ တွေဆက်ခံဖို့ သားကို အရေးတကြီးလိုအပ်တယ်။ ဒီမင်းသားက အရွယ်ရောက်လို့ အိမ်ထောင်မပြုရင် မျိုးဆက်ပြတ်တော့မှာပေါ့။ သူ့ကို ဒီလိုထားလို့မရဘူး၊ သူ့အဖေ ဘုရင်ကြီးက အမတ်တွေကို အမိန့်ပေးပြီး သူ့ကို အမျိုးသမီးငယ်ငယ်တွေနဲ့ပဲ ထားခိုင်းတယ်။ သူနဲ့ အသက်အရွယ်တူတဲ့ ချောတဲ့လှတဲ့ အမျိုးသမီးတွေကို အဆို အက အတီးအမှုတ်တွေနဲ့ သူ့ကိုဝန်းရံပြီး ပျော်အောင်ကြိုးစား ဆောင်ရွက်စေတယ်။ မရဘူး။

သူက ဗြဟ္မာ့ပြည်က ရောက်လာသူမို့ အမျိုးသမီးကို ကြောက်တယ်။ စိတ်တိုတယ်။ သူမကြိုက်တာ လုပ်ရမလားလို့

ဆိုပြီး အမတ်တွေကို တုတ်နဲ့ရိုက်တယ်။ အမတ်တွေက ဘုရင်ကြီး တိုင်ကြတယ်။ ဘုရင်ကြီးနဲ့ မိဖုရားကြီးက လာပြီး မင်းသားကို ချော့ကြတယ်။ "ငါ့သား ဒီလိုမလုပ်ရဘူး။ လူ့လောကဆိုတာ အမျိုးသမီးမရှိလို့ မဖြစ်ဘူး"လို့ အတင်းနားချကြတယ်။

အဲဒီလို အတင်းအကျပ် နားချတဲ့အခါ အမေ အဖေ ဆိုတော့လည်း ပြန်မပြောရဲဘူးပေါ့။ အရွယ်ရောက်တဲ့အခါ မိဘတွေက အတင်းအိမ်ထောင်ချဖို့ လုပ်ကြတယ်။ အဲဒီအခါမှာ သူက ထွက်ပေါက်ရှာတဲ့ အနေနဲ့ ပန်းထိမ်ဆရာတွေခေါ်၊ ရွှေတုံးပေးပြီး အင်မတန်ချောလှတဲ့ အမျိုးသမီး ရွှေရုပ်တုတစ်ခု ထုခိုင်းတယ်။ လူသားတစ်ယောက်ရဲ့ size အတိုင်းပေါ့။ အဲဒီခေတ်က ပန်းပုပညာ အင်မတန်မှ အဆင့်မြင့်တယ်လို့ ပြောရမှာပေါ့။ ကြည့်လိုက်ရင် အသက်ဝင်နေတယ်။ "ဟောဒီ ရွှေရုပ်တုလို ချောတဲ့ အမျိုးသမီးဆိုရင် သူ အိမ်ထောင်ပြုမယ်" ပေါ့။

အမှန်ကတော့ ထွက်ပေါက်ရှာတာ။ သူထုခိုင်းတဲ့ ရွှေရုပ်တုကို မိဘတွေကိုပြတဲ့အခါ မိဘတွေက ဘယ်လိုတွေးလဲဆိုရင် "ငါ့သားက ဘုန်းကံရှိတဲ့သူ ဖြစ်တယ်။ လောကမှာ ဧကန်ဒိဋ္ဌ သူနဲ့ပါရမီဖြည့်ဖက် ရှိကိုရှိရမယ်"ပေါ့။ ရွှေရုပ်တုကိုယူပြီး မဇ္ဈိမဒေသ တိုင်းကြီးတစ်ဆယ့်ခြောက်တိုင်းအနှံ့ ဒီရွှေရုပ်တုနဲ့တူတဲ့ အမျိုးသမီးကို ရှာခိုင်းတယ်။

တိုင်းပြည်အနှံ့ လူစည်ကားတဲ့နေရာမှာ အဲဒီရွှေရုပ်တုကိုချ။ သူတို့ဆီမှာ ဒီလိုချောတာ ရှိ/မရှိ သတင်းစုံစမ်းကြတယ် ခုခေတ်ဆို internetကနေစုံစမ်းရင် ရကောင်းရမယ်။ တိုင်းကြီးပြည်ကြီး ကုန်သလောက် ဖြစ်သော်လည်း မတွေ့ဘူး၊ နောက်ဆုံး

သူတို့မရောက်သေးတဲ့ တိုင်းငယ်ပြည်ငယ်လေးတစ်ခုက မဒ္ဒတိုင်း ဖြစ်တယ်။ အဲဒီ မဒ္ဒတိုင်းက အမျိုးသမီးတွေက အင်မတန် ချောတယ်လို့ ပြောကြတယ်။ **ဝေဿန္တရာ** မင်းကြီးရဲ့ မိဖုရား **မဒ္ဒီဒေဝီ** ဆိုတာ အဲဒီ **မဒ္ဒတိုင်း**သူပဲပေါ့။

ဒါကြောင့်မို့ ဒီပြည်ငယ်လေးကို အထင်သေးလို့ မဖြစ်ဘူး၊ ဝင်ကြည့်ကြမယ်ဆိုပြီး ဝင်ကြတယ်။ လူစည်ကားတဲ့ ရေဆိပ် တစ်ခုမှာ အဲဒီ ရွှေရုပ်တုကိုချထားပြီး ခပ်လှမ်းလှမ်းကနေ စောင့်ကြည့်နေကြတယ်။ အမျိုးသမီးတစ်အုပ် ဆင်းလာတယ်။ ခေါင်းဆောင်လုပ်တဲ့အမျိုးသမီးက ရွှေရုပ်တုကိုကြည့်ပြီး ဘာပြော တုန်းဆိုရင် "ဩော်- မင်းသမီးရယ် ကြည့်စမ်းပါဦး၊ ငါတို့ကို ရေခပ်ခိုင်းပြီး သူက ဒီရောက်နေနှင့်ပါလား" တဲ့။ အဲဒီလို ထူးဆန်း တဲ့စကားကို ပြောလိုက်တယ်။ တကယ်ပဲ သူ့ရဲ့မင်းသမီးမှတ်လို့ သူပြောတာ။

အဲဒီမှာ စုံစမ်းတဲ့ပုဂ္ဂိုလ်တွေကကြားတဲ့အခါ ဝိုင်းပြီး "ဒီ ရုပ်တုနဲ့ တူသလား" လို့ မေးကြတယ်။ "ဒီ့ထက်တောင် ချော သေးတယ်"ဆိုတော့ သဘောကျသွားကြတယ်။ တောက်လျှောက် အဲဒီရွှေရုပ်တုယူပြီး သူ့မိဘတွေဆီ လိုက်သွားကြတယ်။ ဗာရာဏသီမင်းကြီးရဲ့ ဘုရင့်သားတော်နဲ့ လက်ဆက်ဖို့ တိုင်းကြီးပြည်ကြီးက လွှတ်လိုက်တယ်ဆိုတော့ ဝမ်းသာကြတာ ပေါ့။ သူတို့မှာပါလာတဲ့ ရွှေရုပ်တုကို လက်ဆောင်ပေးပြီး အဲဒီ သတို့သမီးကို ခေါ်ကြမယ်ပေါ့။

သတို့သမီးလောင်းကိုခေါ်ဖို့ ဘုရင်ကြီးဆီလှမ်းပြီး သတင်း ပေးကြတယ်။ ဘုရင်ကြီးက ငါကိုယ်တိုင်လာပြီး ခေါ်ချင်တယ်။

ဒါပေမယ့် ဘုရင်လာတယ်ဆိုရင် ဝေယျာဝစ္စတွေ များလိမ့်မယ်။ ဘုရင်သွားတဲ့လမ်းခရီး ပြင်ရဆင်ရတာတို့၊ ကြိုဆိုရတာတို့ အလုပ်တွေများတာပေါ့။ "ကဲ- မင်းတို့ဘာသာပဲ ခေါ်လာခဲ့ကြ" လို့ ဘုရင်ကြီးက အမိန့်ချလိုက်တယ်တဲ့။

အဲဒီလို လမ်းမှာတစ်ညတာမျှသာနားပြီး ခေါ်လာလိုက်ကြတာ ဗာရာဏသီမြို့အပြင်ရောက်တဲ့အခါ သတင်းပို့ကြတယ်။ ဗာရာဏသီဘုရင်ကြီးက "မင်းသမီးလေးကို ခမ်းခမ်းနားနား ခေါ်ယူချင်တယ်။ သူ့မိဘဆီက သွားခေါ်တော့လည်း အမတ်တွေကပဲ ခေါ်လာတာ။ အဲဒီတော့ မြို့ပြင်မှာ ဒီတစ်ည ထားလိုက်။ နက်ဖြန်ခါကျမှ အခမ်းအနားနဲ့ သူ့ကိုခေါ်မယ်" လို့ ပြောတယ်။ ခရီးကလည်း အင်မတန်မှဝေး၊ ယာဉ်စီးပြီး လာရတာဆိုတော့ မင်းသမီးလေးက လမ်းမှာ နေမကောင်း ဖြစ်လာတယ်။ ဗာရာဏသီမြို့ ရောက်တဲ့အခါ မြို့ပြင်မှာ ရပ်နားရင်း ညအချိန် ကံကုန်သွားတယ်။

ရွှေရုပ်နဲ့တူတဲ့ မင်းသမီးလေးရလာတယ် ဆိုကတည်းက ဗာရာဏသီ မင်းသားစိတ်မှာ သံသဂ္ဂ ဖြစ်သွားပြီ။ သူထုပေးလိုက်တဲ့ ရုပ်ထုထက်တောင် လှသေးတယ်ဆိုတဲ့ သတင်းလည်း ကြားရော ဟိုကိုယ်တော်မြတ် ရှာန်လျှောသွားတယ်နော်။ အမျိုးသမီး မတွေ့ချင်ဘူးဆိုတဲ့လူက တွေ့ချင်တာ ငမ်းငမ်းတက် ဖြစ်သွားတယ်။ သူက တမျှော်မျှော် လုပ်နေတယ်။

နောက်ရက်နံနက်မှာ တာဝန်ခံအမတ်တွေက မျက်နှာမသာမယာနဲ့ နန်းတော်ရောက်လာကြတယ်။ မင်းသမီးလေး ခရီးပန်းလို့ ညက အပြင်းဖျားပြီး နတ်ရွာစံ ကံတော်ကုန်သွား

ရှာပြီတဲ့။ အဲဒီသတင်း ရောက်လာတဲ့အခါမှ မင်းသားမှာ ပူဆွေး သောကတွေဖြစ်တယ်။ သာမာန်ပုဂ္ဂိုလ်ဆိုရင်တော့ ရင်ကွဲနာ ကျသွားသတည်းဆိုတာ လာမှာပေါ့။ သူကတော့ အဲဒီလို မလာ ဘူး။ ပစ္စေကဗုဒ္ဓါအလောင်းကိုး။ မြန်မာဇာတ်သဘင်တွေ က,ရင် တော့ အဲဒီအချိန်မှာ ရင်ဘတ်ထုပြီး ငိုတာတွေ ပါလိမ့်မယ် ထင်တယ်နော်။

မင်းသားက ပူဆွေးသောက ဖြစ်တဲ့အခါ အလေးအနက် ဆင်ခြင်စဉ်းစားတယ်။ "ဪ- ဒီသောက ဘာကြောင့်ဖြစ်တာ လဲ။ သတင်းကြားနဲ့ ဆက်သွယ်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ချစ်ခင်မှုကြောင့် ဖြစ်တာ၊ ချစ်ခင်တွယ်တာမှုက ဒီဒုက္ခကို ပေးတာပဲ" လို့ ဆင်ခြင်မိတယ်။

လူ့ဘဝ ဘာကြောင့်ရလာလဲ။ ကံကြောင့် ရလာတာပဲ။ ဒီကံက ဘာကြောင့် ဖြစ်ရတာတုန်းဆိုတော့ ဥပါဒါန်ရှိလို့ဖြစ်တာ။ ဥပါဒါန်က တဏှာရှိလို့ ဖြစ်တာ။ တဏှာက ခံစားမှုဆိုတဲ့ ဝေဒနာ တွေရှိလို့ဖြစ်ရတာ။ ဝေဒနာက ဖဿဆိုတဲ့ ဆက်သွယ်မှုရှိလို့ ဖြစ်ရတာ။ ဖဿ- ဆက်သွယ်မှုသည် သဠာယတန ဆိုတဲ့ sense organ တွေရှိလို့ ဖြစ်ရတာ။ ဒီ sense organ တွေ ဘာကြောင့် ဖြစ်ရတာတုန်းဆိုရင် နာမ်တွေ ရုပ်တွေ ရှိလို့ပဲ"။

ပဋိစ္စသမုပ္ပါဒ်က အကြောင်းအကျိုးကို ဆင်ခြင်သုံးသပ် လိုက်တဲ့အခါ ဝိပဿနာဉာဏ် အဆင့်ဆင့်တက်ပြီး ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။ ရလာဒ်က အဲ့ဒီလို ဖြစ်သွားတယ်နော်။ ဉာဏ်က ရင့်သန်တယ်။ ဒီဒုက္ခကို အကြောင်းပြုပြီး သူက ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။

ကျန်တဲ့ပုဂ္ဂိုလ်တွေက မျက်နှာမလှ ငိုယိုနေကြတဲ့အချိန်မှာ မင်းသားရင်ထဲမှာလည်း သောကဖြစ်လာတယ်။ သို့သော် ဖြစ်လာတဲ့ သောကကို ဘာကြောင့်ဖြစ်ရသလဲဆိုတဲ့ အကြောင်းတရားကို ဆင်ခြင်သုံးသပ်ခြင်းဖြင့် အကြောင်းနဲ့အကျိုးကို သိမြင်ပြီး ဝိပဿနာဉာဏ် အဆင့်ဆင့်ဖြင့် ပစ္စေကဗောဓိဉာဏ် ရသွားတယ်။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရပြီး ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။

အဲဒီလို ပစ္စေကဗုဒ္ဓါဖြစ်ပြီး သူ့ခေါင်းကိုသူ သုံးသပ်လိုက်တဲ့အခါ မင်းသားရဲ့အသွင်ပျောက်သွားပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့အသွင်ကို ရသွားတယ်။ အဲဒီအချိန်မှာ နန်းတော်က လူတွေအားလုံး ထူးဆန်းအံ့သြပြီး လက်အုပ်ချီမိုး ရှိခိုးကြတယ်။ နန်းတွင်းသူ နန်းတွင်းသားတွေက လက်အုပ်ချီမိုး ရှိခိုးပြီး သူတို့လည်း ဘယ်လို ကျင့်ကြံကြိုးကုတ် အားထုတ်ရမလဲလို့ မေးကြတယ်။ သူတို့ကိုလည်း တရားဟောပါဦးဆိုတော့ သူဟောသွားတဲ့တရားက-

“**အာဒီနဝံ သ္နေဟဇံ ပေက္ခမာနော** ချစ်ခင်တွယ်တာမှုရဲ့ အပြစ်ကို မြင်အောင်ကြည့်ကြ၊ ချစ်ခင်တွယ်တာမှုသည် အခုလို ဆင်းရဲဒုက္ခတွေကို ဖြစ်ပေါ်စေတတ်တယ်၊ ချစ်ခင်တွယ်တာမှုရဲ့ အပြစ်အနာအဆာကိုမြင်အောင် ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သုံးသပ်ကြ။” အဲဒီလို ရှုမြင်သုံးသပ်ဖို့အတွက် “**ဧကောစရေ ခဂ္ဂဝိသာဏ ကပ္ပေါ** ကြံ့ချိုပမာ တစ်ဦးတည်း တရားမွေ့ ကျင့်ကြံကြိုးကုတ် အားထုတ်ကြ”

အဲဒီလို တရားဟောပြီး ပစ္စေကဗုဒ္ဓါတွေ သီတင်းသုံးတဲ့ ဂန္ဓမာဒနတောင် နန္ဒမူလိုဏ်ဂူသို့ ကောင်းကင်ခရီးကနေ ကြွသွား

ပါတယ်တဲ့။ ဒါ ဒုတိယမြောက် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရဲ့ အကြောင်းတစ်ခုပဲနော်။

တွယ်တာမှုတွေကြောင့် ဒုက္ခတွေပဲ နောက်မှလိုက်လာမှာ ဖြစ်တယ်။ ဒုက္ခတွေမလိုချင်ရင် တွယ်တာမှုတွေ ဖြတ်မှဖြစ်မယ်။ တွယ်တာမှုတွေ ကင်းပြတ်ရာကင်းပြတ်ကြောင်း တရားဓမ္မတွေကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမယ်။ ဒီလို ပစ္စေကဗုဒ္ဓါ အရှင်မြတ်က ဟောသွားတာ ။ ဒါ သူ့ရဲ့ဘဝနဲ့ ဓမ္မအမြင်ပဲပေါ့။

ဒီ ခဂ္ဂဝိသာဏသုတ္တန်မှာ ပထမပစ္စေကဗုဒ္ဓါရဲ့ ဘွဲ့အမည် နာမကိုလည်း မသိရဘူး၊ ဒုတိယ ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ ဘွဲ့ အမည်နာမကိုလည်း မသိရဘူး။ သို့သော် နှစ်ပါးစလုံး ဇာရာဏာသီ ကချည်းပဲနော်။ ခေတ်ချင်းတူသလားလို့ဆိုရင် ခေတ်ချင်းတော့ မတူဘူးပေါ့။ တစ်ခေတ်စီ ပွင့်ခဲ့ကြတဲ့ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေ ဖြစ်တယ်။

## (၃) မိတ္တာသုဟာဇ္ဇ ဂါထာအဖွင့်

တတိယမြောက် ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ ဘဝနဲ့ ဓမ္မ အမြင်ကို ကြည့်ကြရအောင်။

သူဟောပြောခဲ့တဲ့တရားက-

**မိတ္တေ သုဟဇ္ဇေ အနုကမ္ပမာနော၊**
**ဟာပေတိ အတ္ထံ ပဋိဗဒ္ဓစိတ္တော။**
**ဧတံ ဘယံ သန္ထဝေ ပေက္ခမာနော၊**
**ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။**

**"မိတ္တေ သုဟဇ္ဇေ အနုကမ္ပမာနော** - မိတ်ဆွေတွေ၊ စိတ်ကောင်းနှလုံးကောင်းရှိတဲ့ အပေါင်းအသင်းတွေကို ငဲ့ညှာနေရင်၊ **ပဋိဗဒ္ဓစိတ္တော**- သံယောဇဉ်ထားနေရင်၊ **ဟာပေတိ အတ္ထံ**- ကိုယ်ကျိုးစီးပွားတွေ ဆုတ်ယုတ်နိုင်တယ်"တဲ့။

မိတ်ဆွေတွေ၊ အပေါင်းအသင်း သူငယ်ချင်းတွေ ငဲ့ညှာနေတဲ့ လူတစ်ယောက် သို့မဟုတ် အပေါင်းအသင်းခင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်မှာ ကိုယ်ကျိုး၊ ကိုယ့်စီးပွားတွေ ဆုတ်ယုတ် ပျက်ပြားသွားတတ်တယ်။

သူ့အကျိုး၊ ကိုယ့်အကျိုး၊ နှစ်ဦးသားလုံးရဲ့ အကျိုး၊ မျက်မှောက်ဘဝမှာ ရနိုင်တဲ့ ကောင်းကျိုး၊ တမလွန်ဘဝမှာ ရနိုင်တဲ့ ကောင်းကျိုး၊ နိဗ္ဗာန်ဆိုတဲ့ အကျိုးတွေ လက်လွတ်ဆုံးရှုံးသွားနိုင်တယ်တဲ့။ အဲဒီလို လက်လွတ်ဆုံးရှုံးသွားခြင်းသည် အပေါင်းအသင်းပေါ်မှာ တွယ်တာမှုကြောင့် ဖြစ်တာတဲ့။

**"ဧတံ ဘယံ သန္ထဝေ ပေက္ခမာနော၊ ဧကော စရေ ခဂ္ဂဝိသာဏ ကပ္ပေါ**- အပေါင်းအသင်းတွေပေါ်မှာ ခင်မင်လွန်းရင် ဒီလို အကျိုးဆုတ်ယုတ်နိုင်တဲ့ဘေးကို စေ့စေ့ငုငု အသိဉာဏ်နဲ့ရှုမြင်ပြီး ကြံ့ချိုပမာ တစ်ယောက်တည်းကျင့်ပါ" တဲ့။

အပေါင်းအသင်းတွေအပေါ်မှာ ခင်မင်တွယ်တာမှုတွေ မလုပ်နဲ့။ အပေါင်းအသင်းလို့ ဆိုတဲ့နေရာမှာ မိဘကိုခင်မင်တာ၊ ညီအစ်ကိုမောင်နှမကို ခင်မင်တာ၊ မိတ်ဆွေသင်္ဂဟတွေကို ခင်မင်တာ။ အဲဒီ ခင်မင်တွယ်တာမှုတွေကြောင့် ကောင်းကျိုးချမ်းသာတွေကို ဆောင်ရွက်နိုင်စွမ်း မရှိဘူး။ ကိုယ့်အတွက် အကျိုးရှိတဲ့ တရားကို အားထုတ်နိုင်စွမ်း မရှိဘူး။ ဒါကြောင့် တွယ်တာမှုကို

ဘေးအန္တရာယ်လို့ ရှုမြင်သုံးသပ်ပြီးတော့ တစ်ယောက်တည်း ကျင့်ပါလို့ တတိယမြောက် ပစ္စေကဗုဒ္ဓါအရှင်မြတ်က ဘဝနဲ့ စပ်ဟပ်ပြီး သူရဲ့ ဓမ္မအမြင်ကို ဟောကြားခဲ့တာဖြစ်တယ်။

## ဘဝဖြစ်စဉ်

ဒီ ပစ္စေကဗုဒ္ဓါအရှင်မြတ်ဟာလည်း ဗာရာဏသီပြည်က ဘုရင်တစ်ပါးပဲ။ သို့သော် အတိတ်ဘဝ အထုံဝါသနာကြောင့် ဘုရင်ဖြစ်နေသော်လည်းပဲ မင်းစိုးရာဇာကိစ္စမလုပ်ဘဲနဲ့ တိုင်းပြည်မှာ ယုံကြည်စိတ်ချရတဲ့ အမတ်ကြီး(၄)ယောက်ကို တာဝန်လွှဲပေးပြီး သူ့ကိုယ်စား ဆောင်ရွက်စေတယ်။ ဘုရင်ဟာ မှုခင်းပြဿနာတွေကို ဖြေရှင်းပေးရတဲ့နေရာမှာ အဓိကကျတယ်ပေါ့။

မှုခင်းဖြစ်ရင် အရပ်သူကြီးကို ဝိုင်းတိုင်ကြသလို လူတွေကလည်း ဘုရင့်ဆီ ဝိုင်းတိုင်ကြတယ်။ လင်မယားရန်ဖြစ်လည်း သွားတိုင်တာပဲ၊ ညီအစ်ကိုမောင်နှမ ရန်ဖြစ်လည်း သွားတိုင်တာပဲ၊ ပစ္စည်းပျောက်လည်းသွားတိုင်တာပဲနော်။ အဲဒါတွေကို ဖြေရှင်းပေးနေရတာပေါ့။ အတိုင်အတောတွေကလည်း အင်မတန်များတာကိုး။

အဲဒီလို တိုင်တောမှုတွေကို ဖြေရှင်းပေးတဲ့ နေရာကို **ဝိနိစ္ဆယ** တရားရုံးလို့ခေါ်တာပဲ။ ဘုရင်ကြီးက စိတ်ညစ်တယ်တဲ့။ တိုင်တောတာတွေများပြီး ဖြေရှင်းနေရတာကို သူ မလုပ်ချင်ဘူး။ အေးအေးဆေးဆေး တစ်ယောက်တည်း တရားနှလုံးသွင်းချင်တယ်။ ဒါ့ကြောင့် အမတ်ကြီး(၄)ယောက်ကို အဲဒီလုပ်ငန်းတွေ လုပ်ဖို့ အာဏာအပ်နှင်းထားတယ်။

အဲဒီလို အာဏာအပ်နှင်းလိုက်တဲ့အခါ အမတ်(၄)ယောက်က ဘာလုပ်တုန်းဆိုတော့ လာဘ်စားပြီး တရားမမှုကို မှန်မှန်မဆုံးဖြတ်ဘူး၊ ပိုက်ဆံပေးတဲ့လူကို အနိုင်ပေးတယ်။ "ငွေများတရားနိုင်" ဆိုတဲ့အတိုင်း ငွေများတဲ့လူက နိုင်သွားတာပဲ။

တစ်ရက်ကျတော့ ဘုရင်ကြီးနဲ့ အင်မတန်အကျွမ်းဝင်တဲ့လူတစ်ယောက် တရားရှုံးသွားတယ်။ ဘုရင်နဲ့ အကျွမ်းဝင်တယ်ဆိုတော့ အမတ်တွေ မတရားလုပ်နေကြတယ်၊ လာဘ်စားနေကြတယ်ဆိုတာ ဘုရင်ကြီးဆီ သတင်းပို့တယ်။ ဘုရင်ကြီးက သူကိုယ်တိုင် တရားရုံးသွားထိုင်တယ်။ ထိုင်တဲ့အခါ တိုင်းသူပြည်သားတွေက အမတ်ကြီးတွေ မတရားလုပ်ခဲ့တာတွေကို ဘုရင်ကြီးထံ ထုတ်ဖော် ဆန္ဒပြကြတယ်တဲ့။

ခုခေတ်မှ ဆန္ဒပြတာမဟုတ်ဘူး။ ရှေးကလည်း မတရားလုပ်ထားတာတွေ ထုတ်ဖော်ပြီးတော့ ဆန္ဒပြကြတယ်။ အော်ဟစ်ပြီးတော့ တရားရုံးကိုချီတက်ဆန္ဒပြကြတယ်တဲ့။ အဲဒီလို ဆန္ဒပြတဲ့အသံတွေကြောင့် ဘုရင်ကြီးကစိတ်ညစ်ပြီး တရားရုံးကထွက်သွားတယ်။ "မင်းတို့ဘာသာ ကြည့်ရှင်းကြတော့။ ငါတော့ နန်းတော်ပေါ် တက်တော့မယ်" ဆိုပြီး နန်းတော်ပေါ်တက်ပြီး တရားအားထုတ်နေတယ်။ ဆင်းမလာတော့ဘူး။

နန်းတော်ပေါ် ရောက်တဲ့အခါ ဆင်ခြင်စဉ်းစားတယ်။ "ကြည့်စမ်း၊ ယုံကြည်စိတ်ချရတယ်လို့ထင်တဲ့ အမတ်တွေက မဟုတ်တာတွေ လုပ်ကြတယ်။ **မိတ္တံ သုဟဇ္ဇေ အနုကမ္ပမာနော** - မိတ်ကောင်း ဆွေကောင်းတွေလို့၊ စိတ်ကောင်း နှလုံးကောင်းရှိတဲ့ လူတွေလို့ အထင်ရောက်ပြီး ငါ သူတို့ကို ယုံကြည်

အားကိုးလို့ တရားရုံးကို အပ်နှင်းထားတာ။ အာဏာတွေ ပေးအပ်ထားတာ။ အဲဒါ သူတို့က မဟုတ်တာတွေလုပ်တယ်။ မိတ်ဆွေတွေအပေါ်မှာ သံယောဇဉ်ထားတာ၊ ယုံကြည်အားကိုးတာ တကယ်တော့လည်း ဟန်မကျဘူး”လို့ ဆင်ခြင်စဉ်းစားတယ်။

လူတစ်ယောက်အပေါ်မှာ ယုံကြည်အားကိုးလွန်းရင် ကိုယ့်မှာ အကျိုးစီးပွားတွေ ဆုတ်ယုတ်ပျက်ပြားတယ်။ မှန်မှန်ကန်ကန် မလုပ်သည့်အတွက်ကြောင့် ဂုဏ်သတင်းတွေ ပျက်တယ်၊ နာမည်လည်း ပျက်တယ်။ မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ နှစ်ဦးသားလုံးရဲ့အကျိုးတွေ ဆုတ်ယုတ်ပျက်ပြားတယ်။ တိုင်းပြည်အေးချမ်းမှုလည်း ဆုတ်ယုတ်ပျက်ပြားတယ်။ ဒါကြောင့်မို့ ဘယ်သူ့အပေါ်မှ သံယောဇဉ်မထားတာ၊ ယုံကြည်အားကိုးမှုမပြုတာ ကောင်းတယ်။

ဘယ်သူနဲ့မှအပေါင်းအသင်းမလုပ်ဘဲ တစ်ယောက်တည်း ကိုယ်လွတ်ရုန်းပြီး တရားမေ့ ကျင့်ကြံကြိုးကုတ် အားထုတ်တာ ကောင်းတယ်လို့ ဆင်ခြင်တယ်။

**တော် ဘယံ သန္ထဝေ ပေက္ခမာနော-** သံန္ထဝ ဆိုတာ မိတ်ဆွေတွေအပေါ်မှာ ချစ်ခင်တယ်။ သူကတော့ ငါ ငယ်ငယ်တုန်းက အတူတူနေခဲ့တာ၊ သူကတော့ ငါနဲ့ ကစားဖော် ကစားဖက်ဆိုပြီးတော့ ချစ်ခင်တာ။ အဲဒီလို ကိုယ်နဲ့ရင်းနှီးတဲ့ ပုဂ္ဂိုလ်တွေကို ငဲ့ညှာတာ၊ ယုံကြည်အားကိုးတာကြောင့် ကိုယ်ပါ နာမည်ပျက်ရတယ်ပေါ့။ အပေါင်းအသင်းတွေရဲ့ မမှန်မကန်လုပ်မှုကြောင့် အကျိုးစီးပွားတွေ ပျက်စီးတယ်။

ဒါကြောင့် အပေါင်းအသင်း မလုပ်ဘဲ **ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ-** ကြံ့ချိုလို တစ်ဦးတည်း ကျင့်ကြံကြိုးကုတ် အားထုတ်တာ ကောင်းတယ်လို့ ဆုံးဖြတ်ချက်ချတယ်။ ရှုမှတ်နေတဲ့တရားကို ဆက်လက်ရှုမှတ်လိုက်တယ်။ စိတ်နှလုံးဒုံးဒုံးချပြီး ရှုမှတ်ပွားများ အားထုတ်လိုက်တာ နန်းတော်ပေါ်မှာပင် ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။ ဒါက တတိယမြောက် ပစ္စေကဗုဒ္ဓါရဲ့ ဇာတ်လမ်းနော်။

သူဟောတဲ့တရားက ကိုယ်နဲ့ရင်းနှီးတဲ့ပုဂ္ဂိုလ်တွေ, အပေါင်းအသင်းတွေ, သူငယ်ချင်းတွေ, ငယ်ငယ်တုန်းက ကျောင်းနေဖက်တွေ, ကစားဖော် ကစားဖက်တွေ၊ ငယ်ပေါင်း ကြီးဖော်မဟုတ်သော်လည်း စကားပြောရတာ အဆင်ပြေတယ်, စိတ်ကောင်း နှလုံးကောင်း ရှိတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေ အပေါ်မှာ တွယ်တာနေမယ်၊ ငဲ့ညှာနေမယ်ဆိုရင် မျက်မှောက်ဘဝမှာ ရနိုင်တဲ့ ကောင်းကျိုး၊ တမလွန်ဘဝမှာရနိုင်တဲ့ ကောင်းကျိုး၊ နိဗ္ဗာန်ဆိုတဲ့ အကျိုးတရားတွေ လက်လွတ်ဆုံးရှုံးသွားမှာဖြစ်တယ်။

တစ်ဦးနဲ့တစ်ဦး ချစ်ခင်စွာပေါင်းသင်းမှု၊ အပေါင်းအသင်းတွေအပေါ် သံယောဇဉ်ထားမှုဟာ အန္တရာယ်ရှိတယ်ဆိုတာကို စေ့စေ့ငုငု ဉာဏ်ဖြင့်ရှုပြီး တစ်ယောက်တည်းနေတာပဲ ကောင်းတယ်။ ပေါင်းသင်းဆက်ဆံမှုတွေအပေါ်မှာ သံယောဇဉ်ထားတာသည် အကျိုးစီးပွားတွေကို ဆုတ်ယုတ်စေနိုင်တယ်တဲ့။ ဒါဟာ ဒီ ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ ဓမ္မအမြင်ဖြစ်တယ်။

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ အပေါင်းအသင်း အပေါ်မှာ တွယ်တာမှုကြောင့် ဖြစ်နိုင်တဲ့ ဘေးရန်

အန္တရာယ်ကို မြင်အောင်ကြည့်ပြီး တစ်ယောက်တည်း ကျင့်ကြံကြိုးကုတ် အားထုတ်ပါလို့ ဓမ္မလမ်းညွှန်မှုကို ပေးသွားတာဖြစ်ပါတယ်။ ပစ္စေကဗုဒ္ဓါအရှင်မြတ် ပေးသွားတဲ့ ဓမ္မလမ်းညွှန်အတိုင်း လိုက်နာကျင့်သုံးကြမယ်ဆိုရင် ချမ်းသာသုခကို ရကြမှာဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ သဘောကျပြီးတော့ ကြိုးစားအားထုတ်နိုင်ကြပါစေ ကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

# ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဘဝနှင့် ဓမ္မအမြင်
## အပိုင်း (၄)

သာသနာတော်နှစ် ၂၅၅၆ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၅)ရက်၊ ၂၀၁၂ ခုနှစ် ဩဂုတ်လ(၁၇)ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးအတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်းအနားဝယ် တာမွေမြို့နယ်၊ ၂၁(က)၊ နတ်မောက်ရိပ်သာလမ်း၊ ဗိုလ်မှူးသန်းမောင်အားရည်စူး၍ ဒေါ်ခင်ညွန့် New ကန်တော်ရိပ် Hotel မိသားစုတို့၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားအပ်သော **"ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဘဝနှင့်ဓမ္မအမြင် အပိုင်း(၄)"** တရားဒေသနာတော်။

## (၄) ဝံသက္ကဋ္ဌိရ ဂါထာအဖွင့်

နံပါတ်(၄) ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ ဘဝနဲ့ ဓမ္မအမြင်ကို ယခုလို နာယူမှတ်သားကြရမှာဖြစ်တယ်-

**ဝံသော ဝိသာလောဝ ယထာ ဝိသတ္တော၊**
**ပုတ္တေသု ဒါရေသု စ ယာ အပေက္ခာ၊**
**ဝံသက္ကဠီရောဝ အသဇ္ဇမာနော၊**
**ဧကော စရေ ခဂ္ဂဝိသာဏ ကပ္ပေါ။**

တရားမေ့အဆုံးမှာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေအားလုံး တညီတည်းတိုက်တွန်းသွားကြတာက "ကြံ့ချိုပမာ တစ်ယောက်တည်းကျင့်ပါ" တဲ့။ ဘာဖြစ်လို့တုန်းဆိုရင် နိဗ္ဗာန်သွားရင် နှစ်ယောက်သွားလို့ မရဘူး။ တစ်ယောက်တည်းသာ သွားရတာ ဖြစ်တယ်။ နှစ်ယောက်ဆိုရင် အတွယ်အတာ၊ ငဲ့ညှာတာ ဖြစ်နေဦးမှာ။ တစ်ယောက်တည်းဆိုရင် ငဲ့စရာလည်းမရှိဘူး၊ တွယ်တာစရာလည်းမရှိဘူး။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် တဏှာဆိုတဲ့ အတွယ်အတာကိုဖြတ်မှ နိဗ္ဗာန်ကိုသွားလို့ရတာ။ သံသရာထဲမှာ အမြဲတမ်း နှစ်ယောက်သွားကြတယ်။ တဏှာဆိုတဲ့အဖေါ်နဲ့ သွားနေကြတယ်။ မြတ်စွာဘုရားက ဟောတယ်။ **"တဏှာ ဒုတိယော ပုရိသော၊ ဒီဃ မဒ္ဓါနသံသရံ"** အလွန်ရှည်လျားတဲ့သံသရာမှာ သတ္တဝါတွေ ခရီးသွားနေတာဟာ တဏှာဆိုတဲ့အဖော်နဲ့ သွားနေကြတာတဲ့။

အဲဒီတော့ တဏှာအဖော်နဲ့ သွားတာက သံသရာခရီး၊ တစ်ယောက်တည်း သွားရတာက နိဗ္ဗာန်ခရီး။ ဒါကိုရည်ညွှန်းပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ်က **"ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ"** ကြံ့ချိုသည် တစ်ချောင်းတည်းသာရှိသလို တစ်ယောက်တည်း နေထိုင်ကျင့်သုံးပါ"လို့ အမြဲတမ်းတိုက်တွန်းပြီး ကျင့်စဉ် တရားမေ့ကို သူတို့ရဲ့ဘဝအမြင်နဲ့ စပ်ဟပ်ပြီး ဟောပြောကြတယ်။

စတုတ္ထမြောက် ပစ္စေကဗုဒ္ဓါရဲ့ ဘဝဇာတ်ကြောင်းက-

ကဿပမြတ်စွာဘုရား လက်ထက်မှာ ပစ္စေကဗုဒ္ဓါ အလောင်း သုံးဦးဟာ သူငယ်ချင်းဖြစ်ကြတယ်။ ကဿပမြတ်စွာ

ဘုရားရဲ့သာသနာဝင်ရောက်ပြီး တရားဓမ္မကို ကျင့်ကြံကြိုးကုတ်အားထုတ်ကြတယ်။ သို့သော် တရားထူး တရားမြတ် မရဘဲ သေဆုံးပြီး နတ်ပြည်ရောက်ကြတယ်။

နတ်ပြည်ကနေ ကံအားလျော်စွာ လူ့ပြည် ပြန်ရောက်လာတဲ့အခါမှာ သူငယ်ချင်း (၃)ယောက်ထဲ အကြီးဆုံးက ဗာရာဏသီဘုရင့်သား လာဖြစ်တယ်။ နောက်(၂)ယောက်ကတော့ တိုင်းငယ်ပြည်ငယ်လေးတွေမှာ ဘုရင့်သားတွေ ဖြစ်ကြတယ်။ ဘဝသံသရာကပါလာတဲ့ ဝါသနာအထုံကြောင့် တိုင်းငယ်ပြည်ငယ်မှာ ဘုရင့်သားဖြစ်ကြတဲ့ မင်းသား (၂)ယောက်ဟာ လောကီအရေးကို စိတ်မဝင်စားဘဲ တရားဓမ္မကိုသာ စိတ်ဝင်စားကြတယ်။

တရားဓမ္မ အခြေခံကျင့်စဉ်တွေကို သူတော်ကောင်းတွေထံမှ နာယူပြီး သူတို့ကိုယ်ပိုင်ဉာဏ်နဲ့ ဝိပဿနာကျင့်စဉ်ကို ကျင့်သုံးကြတယ်။ မကြာခင်မှာပဲ သူတို့(၂)ဦးလုံး ပါရမီ ရင့်သန်ပြီးဖြစ်လို့ ပစ္စေကဗုဒ္ဓါ ဖြစ်သွားကြတယ်။ ပစ္စေကဗုဒ္ဓါဘဝမှာ လောကုတ္တရာချမ်းသာ ဖိုလ်ချမ်းသာကိုခံစားရင်း "ဒို့ အခုလို အပူအပန်ကင်းပြီး စိတ်နှလုံးအေးချမ်းတဲ့ ချမ်းသာသုခမျိုးဘာတွေလုပ်ခဲ့လို့ ရရှိကြတာတုန်း" လို့ အတိတ်ကုသိုလ်ကို ပြန်စဉ်းစားကြတယ်။

ကဿပမြတ်စွာဘုရား လက်ထက်တုန်းက တရားကျင့်ခဲ့ကြပုံ၊ အဲဒီ ကုသိုလ်ကြောင့် ယခုဘဝမှာ ပစ္စေကဗုဒ္ဓါအဖြစ်ရရှိပုံ၊ စိတ်နှလုံး အေးချမ်းစေတတ်တဲ့ တရားထူး တရားမြတ်ကို မျက်မှောက်ပြုပြီး တွယ်တာမှုတွေ၊ ပူပန်မှုတွေကင်းရှင်းတဲ့ဘဝမှာ နေထိုင်ကြရပုံ အလုံးစုံကို သိကြရတယ်။

ထို့နောက် ဆက်ပြီးစဉ်းစားတဲ့အခါ ကဿပမြတ်စွာဘုရား လက်ထက် တရားကျင့်စဉ်က သူတို့(၂)ယောက်တည်း မဟုတ်ဘူး။ သူငယ်ချင်းတစ်ယောက်ပါရှိသေးတယ်ဆိုတာ မြင်ကြတယ်။ သူတို့သူငယ်ချင်း ဘယ်ရောက်နေပါလိမ့်လို့ ကြည့်လိုက်တဲ့အခါ ဗာရာဏသီပြည်မှာ ဘုရင့်သားဖြစ်နေတာကို တွေ့ကြရတယ်။ "ဒို့ သူ့ကိုသွားကူညီဦးမှပဲ။ ဒို့ရတဲ့ ချမ်းသာသုခ သူ့ကို ရစေချင်တယ်။ သူ့ခမျာ တွယ်တာမှုနဲ့ သံသရာထဲမှာ နစ်မွန်းရှာလိမ့်မယ်။ တရားထူးတရားမြတ်ရအောင် သူ့ကိုနားချပြီး ဟောပြောကြမယ်" ဆိုပြီး ဗာရာဏသီပြည်ကို ကြွသွားကြတယ်။

အဲဒီအချိန်မှာ ဗာရာဏသီမင်းက ဥယျာဉ်ထွက်လာတယ်။ အခြံအရံ ပရိသတ်တွေ၊ အစောင့်အကြပ်တွေနဲ့ ဥယျာဉ်ဘက် ဘုရင်ထွက်တော်မူတာကို တိုင်းသူပြည်သားတွေက ဝိုင်းပြီး ကြည့်ကြတယ်။ ဒါ သဘာဝပဲလေ။ အဲဒီလို ဝိုင်းအုံကြည့်တာကိုပဲ အကြည့်ခံရတဲ့ပုဂ္ဂိုလ်ကလည်း ကျေနပ်တတ်တယ်။ ကိုယ့်ကို လူတွေက ကြည့်ပြီဆိုရင် သဘောကျနေတတ်တယ်။

အဲဒီအချိန်မှာ ပစ္စေကဗုဒ္ဓါ(၂)ပါးက ဘုရင်ကို ဘယ်နေရာက စောင့်နေတုန်းဆိုရင် ဥယျာဉ်အဝင်ဝ ဝါးရုံကြီးတစ်ရုံအနီးမှာ စောင့်နေကြတယ်။ ဝါးရုံဆိုတာ အင်မတန်မှရှုပ်တာလေ။ အကိုင်းတွေ၊ အခက်တွေ တစ်ခုနဲ့တစ်ခု ယှက်နေတဲ့ ဝါးရုံကြီးနားမှာ (၂)ပါးရပ်နေကြတယ်။ ဘယ်သူ့ကိုမှ မကြည့်ကြဘူး။

အဲဒီအချိန်မှာ ဘုရင်ကြီးက "လူတွေအားလုံး ငါ့ကို ဝိုင်းကြည့်ကြတယ်။ ငါ့မကြည့်တဲ့သူများရှိသလား"လို့ အကဲခတ်ကြည့်တယ်။ ဝါးရုံနားရပ်နေတဲ့ ပုဂ္ဂိုလ်(၂)ယောက်ကို သွားတွေ့

တယ်။ သူလာတာ ဂရုမစိုက်ဘဲ သူတို့ဘာသာသူတို့ ရပ်နေကြတာကို တွေ့ရတယ်။ "ဒီပုဂ္ဂိုလ်(၂)ဦးက ထူးထူးဆန်းဆန်းပဲ" ဆိုပြီး သူတို့အနီးသွားပြီး "ဘယ်သူတွေလဲ၊ ဘယ်ကလာကြတာလဲ" လို့ ဘုရင်ကြီးက မေးလိုက်တယ်။

အဲဒီအခါမှာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေက ဖြေတယ်၊ "**ငါတို့က အသင္ဂမာန**"တွေပါတဲ့။ ဘယ်သူ့ကိုမှ သံယောဇဉ်မထားဘူး။ အတွယ်အတာမရှိ အင်မတန်လွတ်လပ်တဲ့ ပုဂ္ဂိုလ်ဖြစ်လို့ "အသင္ဂမာန"တွေပါလို့ သူတို့က ပြောလိုက်ကြတယ်။

အသင္ဂမာနဆိုတာ လူကိုလည်း မတွယ်တာဘူး၊ ပစ္စည်းကိုလည်း မတွယ်တာဘူး၊ ဘယ်အရာကိုမှ တွယ်တာခြင်းမရှိဘူး။ သွားလိုရာ လွတ်လွတ်ကျွတ်ကျွတ် သွားတတ်တဲ့ပုဂ္ဂိုလ်၊ အတွယ်အတာ ကင်းမဲ့တဲ့ပုဂ္ဂိုလ်၊ တစ်နည်းအားဖြင့် "**နှောင်ကြိုးမဲ့သူ**" တွေပါလို့ ပြောလိုက်ကြတာပဲဖြစ်တယ်။

အဲဒီလိုပြောပြီး ပစ္စေကဗုဒ္ဓါတွေက ဘုရင်ကြီးကို တရားဟောကြတယ်။ "အရှင်မင်းကြီး၊ ဟောဒီဝါးရုံကြီး မြင်ရဲ့လား။ ဝါးပင်တွေရဲ့ အခက်အလက်တွေဟာ တစ်ခုနဲ့တစ်ခုယှက်ပြီး ချုပ်စပ်ထားတယ်။ ဒီဝါးရုံထဲက ဝါးတစ်လုံး ထုတ်ယူဖို့ဆိုတာ အင်မတန်မှ ခဲယဉ်းတယ်။ ဘာဖြစ်လို့လဲဆိုရင် တစ်ခုနဲ့တစ်ခု ယှက်ပြီး ငြိတွယ်နေလို့ပဲ။ ဝါးမျှစ်စို့ကလေး၊ ဝါးပင်ပေါက်ကလေးကျတော့ အတက်မရှိဘူး။ ဘယ်အရာကိုမှမတွယ်ဘူး။ လွတ်လွတ်ကလေး ဖြစ်နေတာ။ သူ့ကိုယူချင်ရင် အလွယ်တကူရတယ်"တဲ့။

ဘယ်ဝါးလုံးနဲ့မှ မဆက်စပ်ဘဲ လွတ်လွတ်လပ်လပ် ဝါးရုံတောထဲမှာ ပေါက်နေတဲ့ မျှစ်စို့ကလေးပေါ့။ အဲဒီ မျှစ်စို့ကလေး

ကြည့်၊ သူ့မှာ အတက်လည်းမရှိဘူး၊ ဘယ်အရာနဲ့မှ တွယ်ယှက် မနေဘူး။

"ငါတို့က အတွယ်အတာ နှောင်ကြိုးတွေမပါတဲ့ ဝါးမျှစ်စို့ လိုပဲ။ အသင်မင်းကြီးမှာ သားတွေ သမီးတွေ၊ ထီးနန်းစည်းစိမ် တွေ၊ ပစ္စည်းဥစ္စာတွေနဲ့ တွယ်တာနေလိုက်တာ။ အခက်အလက် တွေနဲ့ ရောယှက်ပြီး အဖြည်ခက်နေတဲ့ ဝါးရုံကြီးလို ဖြစ်နေပြီ။ လွတ်လွတ်လပ်လပ်သွားဖို့ဆိုတာ အင်မတန်မှခဲယဉ်းတယ်"တဲ့။

အဲဒီမှာ ဝါးပင်တွေ အဖြည်ခက်အောင် ဘယ်သူလုပ်တာ လဲဆိုရင် ဝါးပင်ကပဲ လုပ်တာလေ။ လူတွေလည်း ထို့အတူပဲ။ မွေးလာတုန်းက တစ်ယောက်တည်း၊ အရွယ်ရောက်လာတော့ အဖော်ရှာတယ်။ အတက်တွေ ပေါက်လာတယ်။ အတက်ဟာ ကိုယ်ကပေါက်တဲ့ အတက်တင်မကဘူး သူများကပေါက်တဲ့ အတက်တွေပါ များလာတယ်။ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ကျွတ်ဆက် ထိအောင် အတက်တွေ များလာတယ်။ ဘယ်သူ လုပ်တဲ့ အရှုပ်တွေတုန်းဆိုရင် ကိုယ်လုပ်တဲ့အရှုပ်တွေပဲ။ သို့သော် ဒီအရှုပ်တွေကိုပဲ ပျော်စရာတွေအဖြစ် မြင်နေပြန်ကြတာပေါ့။

အရှုပ်ထဲက ခွဲထွက်ဖို့ဆိုတာ အင်မတန်မှ ခဲယဉ်းတယ်။ ဟိုအတက်က ဖမ်းဆုပ်ထားလိုက်၊ ဒီအတက်က ဖမ်းဆုပ်ထား လိုက်။ လူတွေမှာ သားသမီးတွေ ကြီးလာပြန်တော့လည်း မြေး သံယောဇဉ်က တွယ်ထားလိုက်ပြန်ပြီ။ မကြားဖူးကြဘူးလား "ပုတီးချ မြေးမ" ဆိုတာနော်။ မြေး, ကြီးသွားပြန်တော့ မြစ်က လာပြန်ပြီ။ အဲဒီလို အခက်အလက်တွေ ရောထွေးယှက်နေတဲ့ အခါ ရုန်းထွက်နိုင်စွမ်း မရှိဘူးတဲ့။ ဒီချုံထဲမှာနေ၊ ဒီချုံထဲမှာ

သေကြရတယ်ပေါ့။ ဘ၀ဟာ ဒီအတိုင်းပဲဆိုတာ ပစ္စေကဗုဒ္ဓါ ၂-ပါးက ဘုရင်ကြီးကို တရားပြကြတယ်။

အဲဒီအခြေအနေမျိုးက လွတ်အောင် ဘာလုပ်ရမလဲ။ “**ဧကော စရေ ခဂ္ဂ ဝိသာဏ ကပ္ပေါ**- ကြံ့ချိုလို တစ်ယောက်တည်း နေစမ်းပါ။ နှောင်ကြိုးမဲ့တဲ့, လွတ်လပ်တဲ့ဘ၀မျိုး နေကြည့်စမ်းပါ” လို့ ဘုရင်ကြီးကို တရားဟောကြတယ်။

တရားဟောပြီး ဘုရင်ကြီးရှေ့မှာပဲ ဈာန်အဘိညာဉ်ဖြင့် ကောင်းကင်ပျံတက် သွားကြတယ်။ ဘုရင်ကြီးက မော့ကြည့်ပြီး ကျန်ရစ်တယ်။ ဘုရင်ကြီးက တွေးမိတယ်၊ “ဟာ- ထူးဆန်းလှချည်လားပေါ့။ သူ့လို ဆင်တွေ၊ မြင်းတွေ စီးစရာမလိုဘဲ ကောင်းကင်ခရီး ပျံတက်ပြီး ကြွသွားလိုက်တာ။”

အဲဒီအချိန်မှာ ဘုရင်ကြီး သံဝေဂတွေရတယ်။ “ဟုတ်တယ် ငါ့ဘ၀က ဝဲရုံကြီးလိုပဲ။ အခက်အလက်တွေနဲ့ ရှုပ်ယှက်ခတ်ပြီး ရုန်းထွက်ဖို့ အင်မတန်ခက်နေပြီ” လို့ သံဝေဂတွေ ဖြစ်တယ်။ သူတို့လို လွတ်လွတ်လပ်လပ် မသွားနိုင်ဘူး။ အတွယ်အတာတွေနဲ့ ဟိုစိတ်မချ၊ ဒီစိတ်မချနေဘ်။ ငါသွားလို့ ဖြစ်ပါ့မလားဆိုတဲ့ အတွေးတွေက ဖမ်းဆွဲတားတာ။

တကယ်တော့ သားသမီးက ကိုယ့်အပေါ် သံယောဇဉ် ရှိချင်မှရှိမှာ၊ မြေးကလည်း ကိုယ့်အပေါ် သံယောဇဉ် ရှိချင်မှ ရှိမှာ။ သူတို့က မရှိပေမယ့် မိမိကရှိနေလို့ ဖြစ်တာကိုး။ သူတို့က ဖမ်းဆွဲတာ မဟုတ်ဘူး။ ကိုယ်က ဖမ်းဆွဲနေတာ။ အဲဒီ ဆွဲနေတယ်ဆိုတဲ့ သံယောဇဉ်ကြိုးကို ဖြတ်ရမယ်လို့ ဘုရင်ကြီးက စဉ်းစားတယ်။

တွေးရင်း သတိသံဝေဂတွေဖြစ်ပြီး အတိတ်ဘဝတုန်းက ကျင့်ခဲ့တဲ့ တရားတွေအရှိန်နဲ့ တရားလမ်းကြောင်းတွေ့ပြီး ကျင့်လိုက်တာ မကြာခင်ပဲ ဘုရင်ကြီးက ပစ္စေကဗောဓိဉာဏ်ကို ရသွားတယ်။ ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။

အတိတ်ဘဝတုန်းက သူငယ်ချင်းဖြစ်ခဲ့တဲ့ ပစ္စေကဗုဒ္ဓါ (၂)ပါးလို သူလည်း အခြံအရံ၊ ပရိသတ်၊ မင်းစိုးရာဇ၊ မိဖုရား၊ မောင်းမမိဿံ၊ ရာထူးဌာနန္တရတွေအားလုံးစွန့်ပစ်ခဲ့ပြီး နှောင်ကြိုးမဲ့ ပုဂ္ဂိုလ်ဘဝနဲ့ ကောင်းကင်ကို ပျံတက်သွားတယ်။

သူကျင့်ခဲ့တဲ့တရားကို မေးတဲ့အခါကျတော့ သူငယ်ချင်း ပစ္စေကဗုဒ္ဓါ (၂)ပါး ဟောပြောတဲ့ တရားကိုပဲ ယခုလို ပြန်ဟောတယ်။

"**ဝိသာလော**- အကိုင်းတွေ, အခက်တွေနဲ့ စည်ပင်နေတဲ့၊ **ဝံသော**- ဝါးရုံကြီးသည်၊ **ဝိသတ္တော ယထာ**- တစ်ခုနဲ့တစ်ခု တွယ်ယှက်ပြီး စပ်ချုပ်ထားဘိသကဲ့သို့၊ **ပုတ္တေသု**- သားသမီးတို့ အပေါ်၌ရင်း၊ **ဒါရေသု**- ဇနီးမယားတို့ အပေါ်၌ရင်း၊ **ယာ အပေက္ခာ**- အကြင်ငဲ့ကွက် တွယ်တာမှု, သံယောဇဉ် ကြီးမားမှုသည်၊ (**ဥပ္ပဇ္ဇတိ**- ဖြစ်ပေါ်လာ၏။) (**သာအပေက္ခာ**တို့ ငဲ့ညှာမှု, တွယ်တာမှု, သံယောဇဉ်ကြီးမားမှုသည်၊) **ဝိသတ္တာ**- ကိုယ့်ကို ဖမ်းဆုပ်ထားပြီ"တဲ့။

ကိုယ့်ကို ထွက်မသွားနိုင်လောက်အောင် ချုပ်ထားတယ် ပေါ့။ အဲဒီလို အချုပ်ခံထားတဲ့ ဘဝမျိုးဟာ အလွန်စိတ်ပျက်စရာ ကောင်းတယ်တဲ့။ ဝါးရုံထဲမှာ ပေါက်နေတဲ့ ဝါးမျှစ်စို့ကလေးမှာ အခက်အလက်တွေမရှိသေးဘူး။ တွယ်ယှက်နေတာမရှိသေးဘူး။

“**ဝံသက္ကင္ဗီရောဝ**- ဝါးမျှစ်စို့ကလေးလို၊ **အသဇ္ဇမာနော**- ဘယ်အရာနဲ့မှ ဆက်စပ် ချုပ်တွယ်ထားခြင်း မရှိဘဲ။ **ခဂ္ဂဝိသာဏကပ္ပေါ**- တစ်ချောင်းတည်းသာရှိတဲ့ ကြံ့ချိုပမာ၊ **ဧကော စရေ**- တစ်ယောက်တည်းနေ, တစ်ယောက်တည်းထိုင်, တစ်ယောက်တည်းစား, တစ်ယောက်တည်းအိပ်, တစ်ယောက် တည်း တရားနှလုံးသွင်းပြီး ကျင့်ကြံကြိုးကုတ် အားထုတ်ရာ၏”။

သူ့ကျင့်စဉ်ကို သူပြန်ပြောတယ်။ သူအာရုံပြုတာ ဝါးမျှစ်စို့ ကလေးလို ဖြစ်အောင်လုပ်မယ်၊ ဝါးရုံကြီးထဲက ဝါးတွေလို ဖြစ်အောင် မလုပ်ဘူး။ အဲဒီဝါးတွေက တွယ်ယှက်နေတာ ဖြစ်တော့ လွတ်ဖို့မရှိဘူး။ ဝါးမျှစ်စို့ကလေးလို အတက်တွေ မပေါက်ခင် ရှန်းထွက်မှပဲလို့ စိတ်ထဲမှာအာရုံပြုပြီး တရားမှ ကျင့်တယ်။ တရားကျင့်တာကတော့ မဂ္ဂင်(၈)ပါးပဲ ကျင့်တာ ဖြစ်တယ်။ လောကကြီးကို ရှုမြင်သုံးသပ်ပုံကတော့ တစ်ပါးနဲ့ တစ်ပါး မတူကြဘူး။

သူငယ်ချင်း ပစ္စေကဗုဒ္ဓါ(၂)ပါးက လာရောက်ပြီးတော့ တရားဟောတဲ့ ဝါးရုံကြီးဥပမာလို သူဟာ အဖြည်ခက်တဲ့ ဝါးရုံကြီး အဖြစ်သို့ ရောက်နေတာ။ ဒါတွေကိုမရှင်းရင် မဖြစ်ဘူးဆိုပြီး ရှင်းလင်းဖို့ ကြိုးစားတယ်ပေါ့။ ဝါးမျှစ်စို့ကလေးလို လွတ်လွတ် လပ်လပ်ဖြစ်အောင် တစ်ယောက်တည်း ကျင့်ကြံကြိုးကုတ် အားထုတ်လိုက်လို့ ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။ ဒါက စတုတ္ထ မြောက် ပစ္စေကဗုဒ္ဓါတစ်ဆူရဲ့ အကြောင်းတရားဖြစ်တယ်။

## (၅) မိဂါ ရညာ ဂါထာအဓွင့်

ပဥ္စမမြောက် ပစ္စေကဗုဒ္ဓါ အကြောင်းကို နာယူမှတ်သား ကြရအောင်။ သူ့ရဲ့ဘဝ ဓမ္မအဖြစ်ကို ပြန်ပြောတဲ့အခါမှာ-

**"မိဂေါ အရညမှိ ယထာ အဗဒ္ဓေါ,**
**ယေနိစ္ဆကံ ဂစ္ဆတိ ဂေါစရာယ။**
**ဝိညူ နရော သေရိတံ ပေက္ခမာနော,**
**ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ"** တဲ့။

တောထဲက နှောင်ကြိုးမဲ့ သမင်ဟာ လွတ်လွတ်လပ်လပ် သွားနိုင်တယ်။ အဲဒီသမင်ရဲ့ လွတ်လပ်မှုမျိုး မြတ်နိုးပြီး စဉ်းစား ဉာဏ်ရှိတဲ့ လူသားတစ်ယောက်ဟာ တစ်ယောက်ထဲ နေထိုင် ကျင့်သုံးရမယ်။

လူတွေက ကိုယ့်ကိုကိုယ်ပိုင်တယ် ပြောကြတယ်။ ကိုယ် သွားချင်တဲ့ဆီ သွားလို့ရတယ်လို့ ထင်နေကြတာ။ သို့သော် ထင်တဲ့အတိုင်း မဟုတ်ဘူး။ ဟိုစိတ်မချ၊ ဒီစိတ်မချနဲ့ ဘယ်ကိုမှ မသွားနိုင်ကြဘူး။ တစ်ခုပြီးတစ်ခု စိတ်မချစရာတွေက ပေါ်လာ တယ်နော်။ ကိုယ့်ကိုဖမ်းဆုပ်ထားတာတွေရှိတယ်။ သံယောဇဉ် ကြိုးတွေနဲ့ ချည်နှောင်ထားတာ ခံနေရတယ်။ သွားချင်ရာရာ သွားလို့မရဘူး။

"ဝိညူ နရော- ပညာရှိတဲ့ လူသားတစ်ယောက်သည်၊ သေရိတံ- ကိုယ့်ဆန္ဒအတိုင်း သွားနိုင်လာနိုင်၊ လုပ်နိုင်ကိုင်နိုင်၊ ပြောနိုင်ဆိုနိုင်အောင်" တဲ့။

အဲဒီလို ကိုယ့်ဆန္ဒအတိုင်း ဖော်ထုတ်နိုင်တဲ့ အနေအထား ကို သေသေချာချာ အသိဉာဏ်ဖြင့် မြင်အောင်ရှုပြီး ကိုယ့်စိတ် တိုင်းကျ လွတ်လွတ်လပ်လပ်ကြီး နေနိုင်ဖို့ "**ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ**- တစ်ယောက်တည်း ကျင့်စမ်းပါ"တဲ့။

အကယ်၍ တစ်ယောက်တည်းမကျင့်ဘူးဆိုရင် ဟိုကြည့်ရ၊ ဒီကြည့်ရ၊ ဟိုငဲ့ရ၊ ဒိငဲ့ရနဲ့ ဒီလိုနဲ့ပဲ တစ်သက်လုံး နေသွားရမှာပဲ။ ပဠမမြောက် ပစ္စေကဗုဒ္ဓါက ဒီတရားကို ဟောခဲ့တာ။

## ဘဝဇာတ်ကြောင်း

ဒီ ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ ဇာတ်ကြောင်းက ဘဝ အင်မတန်မှစုံတယ်။

ကဿပဘုရားရဲ့ လက်ထက်တုန်းက သူက ရဟန်းတော် တစ်ပါးဖြစ်ပြီး အသွားအပြန် ကမ္မဋ္ဌာန်း လက်မလွတ်ဘဲ ဆွမ်းခံ သွားတယ်၊ ဆွမ်းခံပြန်တယ်။ နှစ်ပေါင်းများစွာ တရားမမှ ကျင့်ခဲ့ တယ်။ အဲဒီလို နှစ်ပေါင်းများစွာ ကျင့်သော်လည်း တရားထူး တရားမြတ် မရဘူး။

ခုခေတ် တရားကျင့်နေတဲ့ ပုဂ္ဂိုလ်တွေ တရားထူး မရဘူး ဆိုရင် စိတ်ပျက်စရာ မဟုတ်ဘူး။ မရင့်သေးရင်တော့ မရဘူး ပေါ့နော်။ မရင့်တာကို ရင့်အောင်တော့ စောင့်မနေဘဲ လုပ်နေ ရမယ်။ လုပ်နေမှ ရင့်မှာနော်။ ဒီအတိုင်း ထိုင်စောင့်လို့ကတော့ အနုပဲ ဖြစ်မှာပဲ။ အနုဆိုတာ ရင့်လာမှာ မဟုတ်ဘူး၊ ရှုံ့သွားမှာ နော်။

အဲဒါကြောင့်မို့လို့ ရင့်အောင် မစောင့်နဲ့၊ လုပ်စရာရှိတာ လုပ်နေ။ ရတာ မရတာ ကိုယ်နဲ့မဆိုင်ဘူး။ လုပ်တာ မလုပ်တာ သာ ကိုယ်နဲ့ဆိုင်တယ်။ တရားအားထုတ်၊ တရားနှလုံးသွင်း၊ အကုသိုလ် နည်းအောင်နေ၊ ကုသိုလ်တွေ များအောင်လုပ်၊ စိတ်ဖြူစင်အောင်ထား။

အခု ပစ္စေကဗုဒ္ဓါအလောင်းဟာလည်း ကြိုးစားလိုက်တာ၊ ကဿပ ဘုရားလက်ထက်မှာ ဝိပဿနာဉာဏ် အဆင့်ဆင့် တက်သော်လည်း မဂ် ဖိုလ် နိဗ္ဗာန် အထိအောင် မရောက်ဘူး။ အရိယာပုဂ္ဂိုလ်မဖြစ်ဘူး။ ဒါနဲ့ ဘဝတစ်ခု အဆုံးသတ်သွားတယ်။

ဘယ်ရောက်သွားတုန်းဆိုရင် ဗာရာဏသီပြည်မှာ အလွန် ချမ်းသာတဲ့ သူဌေးသားတစ်ယောက် သွားဖြစ်တယ်။ ရွှေငွေဥစ္စာ အင်မတန်မှပေါ၊ ရုပ်ကလည်းချော။

ဘဝတစ်ခုမှာ ကမ္မဋ္ဌာန်း အားထုတ်နေပေမယ့်လို့ ပတ်ဝန်းကျင် အခြေအနေတစ်ခုကြောင့် ပြောင်းလွဲသွားနိုင်တာ တွေကို သတိထားဖို့ လိုအပ်တယ်။ သံသရာမှာ ကိုယ့်ကိုယ်ကို အထင်ကြီးစရာ မရှိဘူး။ ခုခေတ်မှာ မိကောင်း၊ ဖကောင်း၊ ပတ်ဝန်းကျင်ကောင်းတွေနဲ့တွေ့လို့ သူတော်ကောင်း ဖြစ်နေပေ မယ့် မကောင်းတဲ့ ပတ်ဝန်းကျင်နဲ့တွေ့ရင် မုဆိုးဖြစ်ချင်ဖြစ်မှာပဲ၊ တံငါဖြစ်ချင် ဖြစ်မှာပဲ၊ သူခိုးဖြစ်ချင် ဖြစ်မှာပဲ။ အဲဒါကြောင့် ကိုယ့်ရဲ့စိတ်ဓါတ်တွေ ခိုင်မာလာအောင်၊ ရင့်သန်လာအောင်၊ စွဲစွဲမြဲမြဲ ကြိုးစားအားထုတ်ဖို့လိုတယ်။

ကဿပဘုရားလက်ထက် အနှစ်(၂)သောင်း သက်တမ်း ရှည်တဲ့ လူ့ဘဝမှာ တရားတွေကျင့်လာပေမယ့် တရားထူးမရဘဲ

သူဌေးသားဖြစ်ခဲ့ပြန်တယ်။ စည်းစိမ်ဥစ္စာက အလွန် ချမ်းသာတယ်၊ ပိုက်ဆံကို ရေလိုသုံးနိုင်တယ်၊ ရုပ်ကချောတယ်။ ဘာတွေ စိတ်ကူးပေါက်တုန်းဆိုရင် သူတစ်ပါး ဇနီးမယားတွေနဲ့ ပျော်ပါးချင်တဲ့စိတ် ဖြစ်သွားတယ်။ ပရဒါရိက ကံလို့ခေါ်တဲ့ သူတစ်ပါး သားမယားကို ကျူးလွန်တဲ့အလုပ်ကိုလုပ်တယ်။ ပိုက်ဆံပေးရင် ရတယ်ဆိုပြီး တခြားမိသားစုတွေထဲ ကျူးကျော်ပြီး ပျော်သလို နေလာလိုက်တယ်။ အဲဒီဘဝကသေတဲ့အခါကျတော့ ပရဒါရကံ လို့ဆိုတဲ့ သူတစ်ပါး သားမယားကို ပြစ်မှားတဲ့ကံကြောင့် ငရဲ ကျသွားပြန်တယ်။

စဉ်းစားကြည့်၊ ကဿပမြတ်စွာဘုရား လက်ထက်တုန်းက ဘုန်းကြီးတစ်ပါး ဖြစ်ခဲ့တယ်။ တရားတွေ အားထုတ်တယ်။ တော်စွာ လျော်စွာ ဘုန်းကြီးမဟုတ်ဘူး။ အဲဒီကနေ လူ့ပြည် သူဌေးသား ဖြစ်လာတဲ့အခါ ဆိုးလိုက်တာနော်။ ဘာဖြစ်လို့ သူဆိုးသွားတာတုန်းဆိုရင် သူဌေးသားဖြစ်ခြင်း၊ ငွေကို ရေလို သုံးနိုင်ခြင်း၊ ရုပ်အဆင်းလှပခြင်း၊ အမျိုးသမီးတွေရဲ့မျက်စိကျခြင်း ဆိုတာတွေလည်း ပါမှာပေါ့နော်။

အဲဒီလိုနဲ့ သူသည် အကျင့်စာရိတ္တပျက်ပြားပြီး မကောင်းမှုတွေကို တွင်တွင်လုပ်တဲ့အခါ သေဆုံးတဲ့နောက် ငရဲ ရောက်သွားတယ်။ တတိယမြောက် ဘဝမှာ ငရဲကျတယ်။ အဲဒီ ကံအရှိန် မကုန်သေးသမျှတော့ ငရဲမှာ ခံနေရတယ်။

ဘယ်အရာပဲဖြစ်ဖြစ် အရှိန်ဆိုတာ ကုန်သွားတာရှိတယ်။ rocket ဒုံးပျံတောင်မှ လောင်ချာနဲ့ ပစ်တင်လိုက်တဲ့အခါ အရှိန်ရှိသလောက်တော့ သွားနေမှာပဲ။ အရှိန်ကုန်ရင် ပြန်ကျတာပဲ။

ကံဆိုတာလည်း အကျိုးပေးပြီး အရှိန်ကုန်တဲ့အခါ ငရဲက သူ ပြန်လွတ်လာတယ်။ ပြန်လွတ်လာတဲ့အခါမှာ အရှိန်မပြင်းပေမယ့်လို့ လက်ကျန်လေးတွေက ရှိနေသေးတယ်တဲ့။ ဥပမာ- လူတွေက ပစ္စည်းဝယ်တဲ့အခါ အဆစ်တောင်းချင်ကြတာ။ အဲဒီလိုပဲ ကံကတော့ တောင်းစရာမလိုဘဲ အဆစ်ပေးလိမ့်မယ်။ ငရဲမှာ အကျိုးပေးပြီးနောက် လူ့ဘဝရောက်တဲ့အခါမှာ ယောက်ျားအဖြစ်နဲ့ မရောက်စေဘူး။ မိန်းကလေးဖြစ်အောင် လုပ်ပေးလိုက်တယ်။

ငရဲက တက်လာတဲ့သူဆိုတော့ သူ့ရဲ့ ခန္ဓာကိုယ်က အင်မတန်မှ ပူသတဲ့။ သူ့ကို ကိုယ်ဝန်ဆောင်ထားတဲ့အချိန်မှာ မိခင်မှာ ပူလောင်မှုကို ခံစားနေရတယ်တဲ့။ အဲဒီလို ကလေးမျိုးများတွေ့ရင် ငရဲက လာတယ်လို့သာ မှတ်ပေတော့။ အပူရှိန်က မပြီးသေးဘူး။ ခန္ဓာကိုယ်ကပူလို့ မိခင်မခံနိုင်ဘူး။

မွေးလာပြီး တစ်အိမ်လုံးက သူ့ကို ဝိုင်းချစ်ကြတယ် မထင်နဲ့။ မုန်းလိုက်ကြတာ၊ ကြည့်မရကြဘူးတဲ့။ အမေကလည်း မချစ်ဘူး၊ အဖေကလည်း မချစ်ဘူး၊ ညီအစ်ကို မောင်နှမတွေကလည်း မချစ်ဘူး။ ဒီကောင်မလေးကိုဝိုင်းမုန်းနေကြတာနော်။ ဘာကြောင့်မုန်းမသိဘူး။ သူ့မြင်တာနဲ့ကို မုန်းတာပဲ။ ဒါက သူလုပ်ခဲ့တဲ့ **ပရဒါရိက** ကံက လက်ဆောင်ပေးတာပဲဖြစ်တယ်။

မုန်းစရာအလုပ်တွေ လုပ်လာသည့်အတွက်ကြောင့် အမုန်းခံတွေ သူ့ထံ စုပြုံရောက်လာပြီး လူတကာရဲ့ ချဉ်ဖတ်ကြီးဖြစ်နေတယ်။ မိသားစုထဲမှာ ဘယ်သူကမှမချစ်လို့ သူ့ကို အိမ်ကနေထွက်သွားအောင် "နွားမုန်းခြံထုတ်" လုပ်ပြီး ငယ်ငယ်နဲ့

ယောက်ျားပေးစား ပစ်လိုက်ကြတယ်။ ယောက္ခမအိမ် ရောက် သွားတယ်။ အဲဒီအိမ်ကလည်း မုန်းလိုက်ကြတာ၊ တစ်ယောက် ကမှ သူ့ကိုမကြည်ဖြူကြဘူးတဲ့။ ယောက်ျားလုပ်တဲ့ သူကလည်း မကြင်နာဘူး၊ ပစ်ထားတယ်။

အဲဒီမှာ သူ ဘယ်လောက်ခံစားရတယ်ဆိုတာ စဉ်းစား ကြည့်။ သူက ခံပြင်းအောင် လုပ်ခဲ့တာလေ။ ကံတရားက သူ့ကို ဒဏ်ခတ်ခြင်းပဲ ဖြစ်တယ်။ သူက သူတစ်ပါး သားမယားတွေ သွားစော်ကားလို့ သူ့ကိုဝိုင်းမုန်းတယ်။ ယောက်ျားလုပ်တဲ့သူက ပစ်ထားတာခံရတယ်။ ကြာတော့ သူခံနိုင်ရည်မရှိတော့လို့ သူ့ ယောက်ျားကို ပြောတယ်။ အမျိုးသမီးဆိုတာ ယောက်ျားက ကြင်နာမှ ဘဝမှာပျော်ရွှင်နိုင်တာ။ အခုလို မကြင်မနာ ပစ်ထား တယ်ဆိုတဲ့အခါမှာ ဘယ်လောက် ခံစားရတယ်ဆိုတာ စဉ်းစား ကြည့်တဲ့။ "သူ့ကို ကွာလိုက်ပါ၊ သူ့မိဘအိမ်ပြန်နေမယ်"။

အဲဒီလိုကျတော့လည်း သူ့ကို ဆက်ပြီး စိတ်ဆင်းရဲအောင် လုပ်ဖို့ ကိုယ်တော်ချောက ကွာမပေးဘူး။ ကွာသာ မကွာဖေး တာ၊ ကြင်နာမှုကိုတော့ မပေးဘူး။ ဆက်ပြီးတော့ ဒုက္ခရောက်ရ တယ်။ ဒါကလည်း ကံက စီမံဖန်တီးပေးလိုက်တာ ဖြစ်တယ်။ အပြစ်ဒဏ် ခပ်လိုက်တယ်။ သူဖြစ်ချင်တာ တစ်ခုမှမဖြစ်ဘူး။

အဲဒီလိုနဲ့တစ်ရက်မှာ ပျော်ပွဲစားထွက်ကြဖို့ စီစဉ်ကြတယ်။ သူ့အမျိုးသားက "စားစရာ သောက်စရာတွေ စီမံ၊ မနက်ဖြန်ကျ ငါလာခေါ်မယ်"လို့ သူ့ကိုပြောတယ်။ သူကတော့ အဟုတ်ထင်ပြီး စားစရာ သောက်စရာတွေ ဖွယ်ဖွယ်ရာရာ အခြံအရံ ပရိသတ် တွေနဲ့ ချက်ပြုတ်ပြီး စောင့်နေတာ။ ဘယ်သူကမှ သူ့ကို လာမခေါ်

ဘူး။ အချိန်တန်တဲ့အခါ ဘယ်သူမှမခေါ်လည်း ကိုယ့်ဘာသာကိုယ် သွားကြရအောင်ဆိုပြီး ရထားစီးပြီး သူ့အခြံအရံပရိသတ်နဲ့ စားဖွယ်သောက်ဖွယ်တွေတင်ပြီး ဉယျာဉ်ဘက်ကို ပျော်ပွဲစားထွက်လာတယ်။

အဲဒီအချိန်မှာ ဂန္ဓမာဒနတောင်မှ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးက နိရောဓသမာပတ် ဝင်စားရာကထပြီး လောကကြီးကို ရှုစားတယ်။ နိရောဓသမာပတ်မှထတဲ့အခါ အစာအာဟာရက အရေးတကြီး လိုအပ်တယ်ပေါ့။ ခုနစ်ရက်လုံးလုံး အစာ မစားတဲ့အခါ ထမင်းအသက်(၇)ရက်ဆိုတဲ့အတိုင်း ဒီ့ထက် ပိုနေလို့ မဖြစ်ဘူး။ အဲဒီတော့ အစာအာဟာရ အရေးတကြီး လိုအပ်လို့ လှူနိုင်မယ့်ပုဂ္ဂိုလ် ကြည့်တယ်။ "ဗာရာဏသီက သူဌေးသမီးတစ်ဦး စားဖွယ်သောက်ဖွယ်တွေ မြင်းရထားပေါ်တင်ပြီး အခြံအရံတွေနဲ့ ဉယျာဉ်ထွက်လာတယ်။ သူ့ဆီ ဆွမ်းရပ်မယ်" ဆိုပြီး ပစ္စေကဗုဒ္ဓါက သပိတ်လေးပိုက်ပြီး ဘွားကနဲ ကြွရောက်လာတယ်။

ယောက်ျားကလာမခေါ်လို့ စိတ်ညစ်ပေမယ့် ပစ္စေကဗုဒ္ဓါ ကြွလာတဲ့အခါ အတော်လေး စိတ်ကြည်နူးမှုရလာတယ်။ "ငါ့ကံနှယ် ဆိုးလိုက်တာ။ အခု ပစ္စေကဗုဒ္ဓါနဲ့တွေ့တုန်း ကံကောင်းအောင် ငါလုပ်မှပဲ" ဆိုတဲ့ အတွေးလေးဝင်လာတယ်။ သဒ္ဓါတရားဖြစ်လာလို့ ပစ္စေကဗုဒ္ဓါထံမှ သပိတ်တောင်းပြီး ပါလာတဲ့ စားဖွယ်သောက်ဖွယ်တွေ မွှန်မွှန်မြတ်မြတ် သပိတ်ထဲထည့်တယ်။ ပါလာတဲ့ ကြာပန်းခိုင်က ကြာဖက်တွေကို သပိတ်အောက်ကထား၊ အပေါ်က ကြာဖက်ကြီးတစ်ခုဖုံးပြီး ကြာပန်းခိုင်ကြီးနှင့်တကွ သပိတ်ကိုယူသွားပြီး ပစ္စေကဗုဒ္ဓါကိုလှူတယ်။

စိတ်ထဲမှာ တခြားကိစ္စတွေနဲ့ စိတ်ညစ်နွမ်းနေရတဲ့အချိန် အခုဝမ်းသာစရာတစ်ခုကြုံရတာ။ စေတနာထက်ထက်သန်သန်နဲ့ လှူပြီး ဆုတောင်းလိုက်တယ်။ "တပည့်တော်မ ဒီ ကုသိုလ် ကောင်းမှုကြောင့် ဟောဒီကြာပန်းလေးလို ဖြစ်လေရာ ဘဝမှာ လူတကာမြတ်နိုးမှုကိုခံရတဲ့ပုဂ္ဂိုလ် ဖြစ်ရပါလို၏"တဲ့။

သူ့မှာ လူတကာရဲ့ အမုန်းခံနေရတာ မဟုတ်လား။ ဒါကြောင့်မို့ လူတကာက ချစ်ခင်တဲ့ပုဂ္ဂိုလ် ဖြစ်ရပါလို၏လို့ ဆုတောင်းတယ်။ မြန်မာတွေလည်း ဆုတောင်းကြတယ်လေ "မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေ" တဲ့။

မျက်နှာမြင် ချစ်ခင်ပါစေဆိုတာတော့ ဟုတ်ပါရဲ့၊ အသံ ကြား သနားပါစေဆိုတာ သူတောင်းစားအသံမှ မဟုတ်တာ။ အဲဒီလိုကြီးတော့ ဆုတောင်းလို့ မကောင်းဘူး ထင်တယ်နော်။ အခု သူဌေးသမီးကလည်း "ဟောဒီ ကြာပန်းကလေးကို လူ တကာ ချစ်ခင်ကြသလို၊ မြတ်နိုးကြသလို သူလည်း လူတကာ ရဲ့ ချစ်ခင်မှုကို ရရှိရပါလို၏"လို့ ဆုတောင်းတယ်။ ဒါက ပထမ ဆုတောင်းဖြစ်တယ်။

ဒုတိယဆုတောင်းကတော့ "အခုလို အောက်တန်းကျတဲ့၊ သူပြုမှနူရတဲ့ အမျိုးသမီးဘဝမျိုး ဘယ်တော့မှ မဖြစ်ပါရစေနဲ့" တဲ့။

ဟုတ်လား၊ မဟုတ်လားတော့ မသိဘူးနော်။ ဘယ်သူက ပြုလို့ ဘယ်သူက နူတာလဲဆိုတာတော့ မသိဘူးနော်။ အမျိုး သမီးဘဝ ဘယ်တော့မှ မဖြစ်ပါရစေနဲ့ဆိုတဲ့ ဒုတိယမြောက် ဆုတောင်းပြီး "အလွန်စက်ဆုပ်စရာကောင်းတဲ့ မိခင်ရဲ့ဝမ်းထဲ

မှာ သန္ဓေတည်ပြီး ဘယ်တော့မှ မမွေးဖွားရပါလို၏။ မွေးကြိုင်နေတဲ့ ကြာပန်းထဲမှာသာ သန္ဓေတည်ပြီး မွေးဖွားရပါလို၏" လို့ တတိယမြောက် ဆုတောင်းလိုက်တယ်။

စတုတ္ထမြောက်ကတော့ "အရှင်မြတ်သိတဲ့ တရားထူး တရားမြတ်ကို ကျွန်ုပ်သိပါရစေ"တဲ့။ နောက် ပန်းခိုင်ကြီးကိုလှူပြီး ဤကြာပန်းခိုင်ကြီးသည် အဆင်းလှ၊ အနံ့မွှေးသလို သူ့ရဲ့ ခန္ဓာကိုယ်ကလည်းပဲ လှပမွှေးကြိုင်နေတဲ့ပုဂ္ဂိုလ်မျိုး ဖြစ်ပါရစေဆိုပြီး ပဥ္စမမြောက် ဆုတောင်းလိုက်တယ်။ ငါးမျိုးတောင် တောင်းတာနော်။

အဲဒီလိုဆုတောင်းလိုက်တဲ့အခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ်က-

**ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု၊**

**သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ**" တဲ့။

"၁၅-ရက်နေ့မှာ လပြည့်ဝန်းကြီး ပြည့်ပြည့်ဖြိုးဖြိုး ရှိသလို သင့်ရဲ့အကြံအစည်တွေ လိုအင်ဆန္ဒတွေ မှန်သမျှ ပြည့်ဝပါစေ" လို့ ဆုပေးတယ်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်က ဆုပေးပြီး သူလှူလိုက်တဲ့ အာဟာရပါတဲ့ သပိတ်ကိုပွေ့ပြီး ကောင်းကင်ပျံတက်သွားတယ်။

သူဌေးသမီးလေးက ဝမ်းသာလိုက်တာတဲ့။ အဲဒီအချိန်မှာ သိပ်ဝမ်းသာပြီး ပီတိတွေဖြစ်တယ်။ အဲဒီ ပီတိရဲ့အရှိန်၊ ကုသိုလ်ကောင်းမှုရဲ့ အရှိန်ကြောင့် သူလုပ်ထားတဲ့ ကံဆိုးဟာ ကုန်သွားတယ်တဲ့။ ကုသိုလ်ကံရဲ့ အကျိုးဆိုတာ ဟိုဘဝကျမှ ဖြစ်တာ မဟုတ်ဘူး။ ဒီဘဝမှာလည်း အကျိုးပေးတယ်ဆိုတာ သတိထားရ

မယ်။ ဒီဘဝမှာတင်ပဲ အတိတ်ဘဝက လုပ်လာတဲ့ အကုသိုလ်ကံတွေ မြန်မြန်ကုန်သွားတယ်။

လူတကာ အမုန်းခံရတယ်၊ ယောကျာ်းလုပ်တဲ့သူရဲ့ အမုန်းခံရတယ်။ အားလုံးမိသားစုတွေနဲ့ အမုန်းခံရတယ်ဆိုတဲ့ ဆိုးကျိုးတွေ ကုန်သွားတယ်။ ပစ္စေကဗုဒ္ဓါအား လှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှုကြောင့် အကုသိုလ်ကံ ကုန်သွားတယ်။ ဒီဘဝမှာပဲ ကုသိုလ်ကံက အကျိုးပေးလိုက်ပြန်တယ်။ ပစ္စေကဗုဒ္ဓါကို ဆွမ်းလှူလိုက်လို့ ပီတိဖြစ်လိုက်တာနဲ့ ခန္ဓာကိုယ်ကြီးက ပူလောင်နေတာလည်း အေးမြသွားတယ်တဲ့။

အကုသိုလ်ကံတွေ ကုန်သွားတဲ့အခါ အားလုံးက သူ့ကို သတိရလာကြတယ်။ သူဌေးသမီးလေး ဘယ်မှာတုန်း၊ သူဌေးသမီး ဘယ်မှာတုန်းနဲ့ သတင်းမေးကြ၊ စုံစမ်းရှာဖွေကြတယ်။ သူ့ယောကျ်ားကလည်း ပြေးပြေးလွှားလွှား ရောက်လာပြီး ခေါ်တယ်။ လူတွေက လက်ဆောင်တွေယူလာပြီး ပေးကြ ကမ်းကြတယ်၊ ခေါ်ကြတယ်၊ အဖက်လုပ်ကြတယ်။ အရင်တုန်းက မျက်နှာသေကြီးနဲ့နေတဲ့သူတွေကလည်း ပြုံးလို့ပေါ့။ အကုသိုလ်ကံ အဆိုးတွေ ကုန်သွားပြီး ကောင်းတဲ့ကံတွေ ရောက်လာတဲ့အခါ သူ့ကို စကားပြောမယ့်ပုဂ္ဂိုလ်တွေ၊ ပြုံးပြမယ့် ပုဂ္ဂိုလ်တွေ၊ ယုယမယ့်ပုဂ္ဂိုလ်တွေ အများကြီး ရောက်လာကြတယ်တဲ့။ ဒီဘဝလုပ်တဲ့ကုသိုလ်ရဲ့အကျိုးကို ဒီဘဝမှာပဲရတယ်။

ဒါနကုသိုလ်ကို ကြိုးစားပြုလုပ်ရင် ဒီဘဝမှာပင်ရတယ်။ ဒီဘဝ ကျောင်းဆောက်လှူတဲ့ ပုဂ္ဂိုလ်တွေ ဒီဘဝမှာပဲ အိမ်ကောင်းကောင်းရတယ်။ ဒီဘဝ ကားလှူရတဲ့ပုဂ္ဂိုလ်တွေ ဒီဘဝ

မှာတင် ကားစီးရတယ်။ စေတနာ ထက်ထက်သန်သန်နဲ့ ကုသိုလ် ကောင်းမှုတွေလုပ်တဲ့ပုဂ္ဂိုလ်တွေဟာ ဒီဘဝမှာပဲ ကောင်းကျိုး ချမ်းသာတွေ ရတယ်လို့ဆိုတယ်။

အဲဒီလို ဒီသူဌေးသမီးမှာ အတိတ်က အနှောင့်အယှက် ဖြစ်နေတဲ့ အကုသိုလ်ကံတွေကုန်ပြီး ကုသိုလ်ကံရဲ့ အကျိုးတရား တွေ ဒီဘဝမှာပဲ ပေါ်လာပြီး အားလုံးရဲ့မေတ္တာကို ပြန်ရသွား တယ်။ အမျိုးသမီးဘဝမှာ ပျော်ပျော်ရွှင်ရွှင် ကုသိုလ်ကောင်းမှု တွေ ဆက်လုပ်ပြီး သေတဲ့အခါ တာဝတိံသာနတ်ပြည် ပဒုမ္မာ ကြာချပ်ကြီးရဲ့အလယ်မှာ ကိုယ်ထင်ရှားဖြစ်တယ်။

ပဒုမ္မာကြာချပ်ကြီးမှာ မွေးဖွားလို့ သူ့ကို **မဟာပဒုမ နတ်သား**လို့ ခေါ်တယ်။ သူ့ဗိမာန်မှာလည်းပဲ ပဒုမ္မာကြာပန်း တွေနဲ့ တန်ဆာဆင်ထားတယ်။ သူ ဘယ်နေရာသွားသွား သူ့ ခြေထောက်အောက်က ပဒုမ္မာကြာပွင့်တွေ လိုက်ခံနေတယ်တဲ့။ ပစ္စေကဗုဒ္ဓါကို ဆွမ်းလှူလိုက်တဲ့ စေတနာစွမ်းအားကြောင့် နတ်ပြည်မှာ အဆင့်မြင့်မြင့်ခံစား စံစားရပြန်တယ်။

အဲဒီအချိန်မှာ ဗာရာဏသီပြည် ဘုရင်ကြီးမှာ မောင်းမ မိဿံ နှစ်သောင်းလောက်ရှိတဲ့ထဲက ဘယ်သူမှ နန်းလျာမျိုးစေ့ မျိုးဆက်မရဘူး။ ဘုရင်ကြီးမရှိရင် နောက်ထပ် နန်းလျာဆက်ခံ မယ့် သားရအောင် ကြိုးစားနေတဲ့အချိန်မှာ နောက်ဆုံး ဘုရင့်ရဲ့ မိဖုရားခေါင်ကြီးက အိမ်မက်မက်တယ်။ ကိုယ်ဝန်လွယ်ရတဲ့ သားသမီးမျိုး ရမှာမဟုတ်ဘူး။ ဥယျာဉ်ထဲမှ ရေကန်ကြီးထဲ ဖူးပွင့် နေတဲ့ကြာငုံမှာ သားကလေးတစ်ယောက် ရတယ်လို့ အိမ်မက် မက်တာနဲ့ အခြွေအရံပရိသတ်တွေနဲ့ ဥယျာဉ်ထွက်ပြီး သွားကြည့် ကြတယ်။

ရေကန်ထဲမှ ကြာဖူးကြီးကလည်း အင်မတန်မှလှပတယ်။ မိဖုရားကြီးကိုယ်တိုင် ရေထဲဆင်းပြီး အဲဒီကြာဖူးကို ခူးလိုက်တဲ့အခါမှာ ရွှေရုပ်ကလေးလိုလှတဲ့ သားလေးတစ်ယောက်ကို တွေ့ရတယ်။ အဲဒီသားက တခြားမဟုတ်ဘူး၊ ခုနက မဟာပဒုမနတ်သား စုတေပြီး ကြာဖူးထဲမှာ သံသေဒဇ လူသား လာဖြစ်သူပဲ။ ဘာဖြစ်လို့ လူလာဖြစ်တုန်းဆိုရင် သိကြားမင်းကြီးက တိုက်တွန်းတယ်။ "ဗာရာဏသီမင်းကြီးမှာ ထီးနန်းဆက်ခံမယ့်သားလိုနေတယ်။ အဲဒါကြောင့် လူ့ပြည်ကိုသွားပြီး ပါရမီဖြည့်ပါ" တဲ့။

ဒီနေရာမှာ ဒီလိုလုပ်လို့ ရနိုင်သလားလို့ မေးစရာရှိတယ်။ ရနိုင်တယ်၊ သတ္တဝါတွေ စိတ်ညွတ်တဲ့နေရာမှာ ဖြစ်နိုင်တယ်။ အခုခေတ် ပြောကြတယ် မဟုတ်လား။ "သိုက်ကလာတယ်၊ သိုက်ကခေါ်တယ်" ဆိုတဲ့ စကား။ စဉ်းစားကြည့်မယ်ဆိုရင် လူဆိုတာ သူ့ကံနဲ့သူ သွားတာမို့ ခေါ်လို့ရော ရနိုင်သလားလို့ ဆိုရင် ရနိုင်တဲ့နည်း ရှိတယ်လေ။ သေခါနီး တွေဝေမိန်းမောနေတဲ့အချိန် လှပတဲ့ပစ္စည်းတွေကိုပြထားရင် လူဆိုတာ လိုချင်စိတ်က ပေါက်သွားတယ်။ လှပတဲ့အာရုံတစ်ခုကိုပြရင် မသေမီ အဲဒီဘက် စိတ်ညွတ်သွားတယ်။ အဲဒီလို စိတ်ညွတ်သွားအောင် လုပ်ခြင်းသည်ပင်လျှင် ခေါ်ယူတဲ့သဘောပဲဖြစ်တယ်။

အခုလည်း "လူ့ပြည်ကိုသွားပါ၊ အထက်နတ်ပြည် မသွားပါနဲ့၊ ပါရမီဖြည့်ရအောင် လူ့ပြည်ကို စိတ်ညွတ်လိုက်ပါ" လို့ သိကြားမင်းက တိုက်တွန်းတယ်။ စိတ်ညွတ်လိုက်တာနဲ့ လူ့ပြည်ရောက်တာပဲ။ စိတ်ညွတ်တာက အင်မတန်မှ စွမ်းရည်သတ္တိရှိတယ်။

ဗိမ္ဗိသာရဘုရင်ကြီး သောတာပန်ပဲ။ ဘုရားဒကာ၊ ကျောင်းဒကာဖြစ်ပြီး သေတဲ့အခါ ဇနဝသဘ ဆိုတဲ့ ဘီလူး သွားဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုရင် အဲဒီဘုံဘဝမှာ အကြိမ်ကြိမ် ဖြစ်ခဲ့တော့ သေခါနီးမှာ စိတ်က အဲဒီ့ညွတ်နေတယ်။ ကိုယ်က တမင်လုပ်တာ မဟုတ်ပေမယ့် စိတ်က အဲဒီဘက်ကို ညွတ်နေတာ။ ဒါကြောင့် တာဝတိံသာနတ်ပြည်တို့၊ တုသိတာနတ်ပြည်တို့မှာ မဖြစ်ဘဲ စတုမဟာရာဇ်နတ်ဘုံမှာ ဝေဿဝဏ် နတ်မင်းကြီးရဲ့ အခြံအရံ နတ်ဘီလူးကြီး သွားဖြစ်တာ။ အဲဒီလို စိတ်ညွတ်တာ၊ စွဲလမ်းတာကို စာပေကျမ်းဂန်မှာ **နိကန္တိ** လို့ခေါ်တယ်။

မြန်မာပြည်မှာ ဒုတိယကမ္ဘာစစ်တုန်းက လေယာဉ်ပျံပျက်ကျပြီးသေတဲ့ လူဖြူတွေ မြန်မာမိခင်ဝမ်း ဝင်စားပေမယ့် သူတို့ အတိတ်ဘဝတုန်းက အဖြူတွေချည်းပဲမြင်ပြီး အဖြူ အသိုင်းအဝိုင်းကို စိတ်ကစွဲနေတယ်။ ဒါကြောင့် မြန်မာမိဘကမွေးလာတဲ့ကလေးဖြစ်ပေမယ့် ငွေရောင်ဆံပင်နဲ့၊ ဥရောပ အသားအရောင်နဲ့ ဖြစ်နေတာတွေရှိတယ်လေ။ ဂျပန်သေပြီးတော့ ဝင်စားတဲ့လူက ဂျပန်နဲ့ ရုပ်တူနေတယ်။ ဘာဖြစ်လို့တုန်းဆိုရင် စိတ်စွဲနေလို့ပဲ။ အဲဒီလို **စိတ်စွဲကို နိကန္တိ** လို့ ခေါ်တာပဲ။

အဲဒီတော့ ဒီမင်းသားလည်းကြည့်၊ ပဒုမ္မာကြာပွင့်ထဲမှာ ဖြစ်တယ်။ မိဖုရားကြီးက အိမ်မက်အရ သွားကြည့်လိုက်တော့ ထူးခြားတဲ့ ကြာဖူးကြီးကို မြင်တယ်။ သူကိုယ်တိုင် ရေအိုင်ထဲဆင်းပြီး ကိုင်လိုက်တဲ့အချိန်မှာ ကြာဖူးကြီးက ပွင့်လာပြီး ရွှေရုပ်ကလေးလို လှပတဲ့ မင်းသားလေးကို တွေ့ရတယ်။ ဝမ်းသာအားရ “ငါ သားရပြီ” လို့ မိဖုရားကြီးက အော်လိုက်တယ်။ အဲဒါနဲ့

ဗာရာဏသီပြည်မှာ ထီးနန်းဆက်ခံမယ့် မင်းသားလေးတစ်ဦး ရလာတယ်ပေါ့။

ဘုရင်ကြီးက သားအဖြစ် မွေးစားပြီး နန်းတော်မှာ ယုယု ယယ ထားတယ်။ ယုယလွန်းအားကြီးတော့ အယုအယခံတဲ့ လူက စိတ်ဖျက်တတ်တယ်ပေါ့။ အစားအစာတွေ လာပေးလို့ မင်းသားလေးစားတယ်ဆိုရင် ဘုရင်ကြီးက အဲဒီလူကို အသပြာ တစ်ထောင် ဆုချတယ်တဲ့။ အဲဒီတော့ တိုင်းသူပြည်သားတွေက ကောင်းနိုးရာရာ အစားအသောက်မျိုးစုံလုပ်ပြီး မင်းသားလေးဆီ လာပို့ကြတယ်။ "ဒါလေးစားကြည့်ပါဦး၊ ဒါလေး သောက်ကြည့် ပါဦး" ပြောကြတယ်။။ အဲဒီလိုနဲ့ မင်းသားလေး ကြီးလာတယ်။

အစားအစာတွေ ယူလာပြီး "ဟိုဟာလေး စားပါဦး၊ ဒါလေး စားပါဦး"နဲ့ သူ့စိတ်တိုင်းကျ စားရတာ မဟုတ်ဘဲ သူများက ဝိုင်းအုံပြီးပြောတဲ့အခါ ကြာတော့ ဒီမင်းသားက စိတ်ညစ်လာ တယ်။ နန်းတော်ကနေ အပြင်ထွက်သွားတယ်။ အခြံအရံ ပရိသတ်တွေက နောက်ကလိုက်ကြတယ်။

အဲဒီအချိန်မှာ ပစ္စေကဗုဒ္ဓါတစ်ဆူက မင်းသားလေး ဘဝကို ကြည့်လိုက်တယ်။ မင်းသားလေးဟာ သာမန်မဟုတ်ဘဲ ပါရမီပြည့်နေတဲ့ မင်းသားဖြစ်လို့ သူ့ကို လမ်းခင်းပေးတဲ့အနေနဲ့ ပစ္စေကဗုဒ္ဓါက သူ့ရှေ့ရောက်လာတယ်။

ပစ္စေကဗုဒ္ဓါ ကြွလာတာ မြင်တဲ့အခါ မင်းသားက "ကိုယ်တော်, ဒီမလာနဲ့။ ဒီမလာနဲ့။ ဒီလာရင် ဟိုဟာစားပါဦး၊ ဒီဟာစားပါဦး ဝိုင်းအုံပြောလို့ ဒုက္ခရောက်လိမ့်မယ်"တဲ့။ အဲဒီလို ပြောလိုက်တဲ့အခါ ပစ္စေကဗုဒ္ဓါက နောက်ပြန်ဆုတ်ပြီး တောထဲ

ကြွသွားသတဲ့။ ပစ္စေကဗုဒ္ဓါကြွသွားတော့ သူက တွေးမိပြန်တယ်။ "ငါပြောလိုက်လို့များ စိတ်ဆိုးသွားသလား မသိဘူး။ ပစ္စေကဗုဒ္ဓါ နောက် တောင်းပန်ဖို့ လိုက်သွားမယ်ဆိုပြီး တောထဲ လိုက်သွား တယ်။

အဲဒီလိုနဲ့ မင်းသားလေးဟာ ဣသိပတန တောကြီးထဲ ရောက်သွားတယ်။ တောသမင်တွေ လွတ်လွတ်လပ်လပ်နဲ့ မြက် စားနေတာကို တွေ့ရတယ်။ "ဟန်ကျလိုက်တာ၊ သူတို့ စားချင် တာစား၊ မစားချင် ဒီအတိုင်းနေ၊ လွတ်လပ်လိုက်တာ။ သူတို့ကို လာပြီး ဒါလေးစားပါဦးလို့ လာပြောတဲ့လူ တစ်ယောက်မှမရှိဘူး။ လွတ်လပ်လိုက်တာ။ ငါ့မှာတော့ မလွတ်လပ်ဘူး။ ဒီသမင်တွေ ကိုယ်စားချင်တာ စားလို့ရတယ်" ဆိုတဲ့အတွေး ဝင်လာတယ်။

တောထဲ ရောက်တဲ့အခါ ပစ္စေကဗုဒ္ဓါ သီတင်းသုံးတဲ့ ကျောင်းလေးကို တွေ့ရတယ်။ ကျောင်းသခ်န်းထဲ ဝင်သွားတဲ့ ခြေရာတွေ့လို့ ပစ္စေကဗုဒ္ဓါ ရှိနိုးနဲ့ဝင်ကြည့်တယ်။ ပစ္စေကဗုဒ္ဓါကို မတွေ့ရဘူး။

"သြော်- ဒီအထဲက အင်မတန်မှ ငြိမ်းချမ်းတာပါလား။ ဒီကိုယ်တော် ဒီထဲနေတာဟာ အရောင်းအဝယ်လုပ်ဖို့ စီးပွားရေး ကိစ္စတွေတွေးဖို့နေတာ မဟုတ်လောက်ဘူး။ ကိုယ်ကျိုးစီးပွားကို နှလုံးသွင်းဆင်ခြင်ပြီး ကိုယ်အကျိုးရှိတဲ့ တရားကို အားထုတ်ဖို့ ဒီထဲနေတာ ဖြစ်ရမယ်။ ဒီလို အေးချမ်းတဲ့ နေရာလေးမှာ ဒီလို တရားမျိုးလေးတွေ နှလုံးသွင်းပြီးနေရင် ဘယ်လောက်ကောင်း မလဲ" လို့ဆိုပြီး ကျောင်းတွင်းမှာ ခဏထိုင်ရင်း တရားနှလုံးသွင်း လိုက်တာ ပစ္စေကဗုဒ္ဓါအဖြစ် ရောက်သွားတယ်။

ပစ္စေကဗုဒ္ဓါဖြစ်သွားတဲ့အခါ သူမြင်ခဲ့တဲ့ အာရုံတွေကို ထုတ်ဖော်ပြသတဲ့အနေနဲ့ ဒီဂါထာကိုရွတ်ဆိုပြီး တရားဟော တာပဲ။

**"မိဂေါ အရညမှိ ယထာ အဗဒ္ဓေါ,**
**ယေနိစ္ဆကံ ဂစ္ဆတိ ဂေါစရာယ။**
**ဝိညူ နရော သေရိတံ ပေက္ခမာနော,**
**ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ"** တဲ့။

"**အဗဒ္ဓေါ**- ချည်နှောင်ထားခြင်း မခံရတဲ့၊ **အရညမှိ မိဂေါ**- တောထဲက သမင်သည်၊ **ဂေါစရာယ**- အစာစားဖို့ရာ အတွက်၊ **ယေနိစ္ဆကံ**- မိမိအလိုရှိရာ အရပ်သို့ **ဂစ္ဆတိ ယထာ**- သွားနိုင်သလို" (ငါလည်း သွားချင်တယ်တဲ့။)

ဒါလေးစားပါဦး၊ ဟိုဟာလေးစားပါဦးနဲ့ သူများပြောတဲ့ နောက် လိုက်ပြီးတော့ မလုပ်ချင်ဘူးပေါ့နော်။

"**ဝိညူ နရော**- ပညာရှိတဲ့လူသားသည်၊ **သေရိတံ**- ကိုယ့် ဆန္ဒရှိရာ ကိုယ်လုပ်နိုင်တဲ့အနေအထားကို၊ **အပေက္ခမာနော**- ရှုမြင်သုံးသပ် အမြတ်တနိုးလိုလားခဲ့ပါလျှင် **ခဂ္ဂဝိသာဏကပ္ပေါ**- ကြံ့ချိုသည်တစ်ချောင်းတည်းသာရှိသလို၊ **ဧကော စရေ**- တစ်ဦး တစ်ယောက်တည်းသာ နေထိုင်ကျင့်သုံးရာ၏။"

ဒီ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ဟာ အလောင်းလျာဘဝမှာ အမှားတွေလုပ်ခဲ့မိသည့်အတွက် အမျိုးသမီးဘဝ ရောက်တယ်။ လူတွေ အမုန်းခံရတယ်။ နောက်မှပြန်ပြီး လမ်းကြောင်းတည့်လို့ ပစ္စေကဗုဒ္ဓါအဖြစ် ရောက်ရှိရတယ်။

ဘဝသံသရာဆိုတာ အင်မတန်မှ ကြောက်စရာကောင်းတယ်လို့ မှတ်သားနာယူ ကြပြီးတဲ့အခါမှာ ကိုယ်ဆန္ဒရှိရာလုပ်နိုင်ဖို့အတွက် အတွယ်အတာတွေ ကင်းပြတ်မှာသာ ဖြစ်နိုင်မယ်။ အတွယ်အတာတွေ မကင်းပြတ်သေးသမျှ ကိုယ်ဆန္ဒရှိရာလုပ်နိုင်ကြမှာ မဟုတ်ဘူး။ ဒါကြောင့်မို့ အတွယ်အတာ ကင်းရာကင်းကြောင်း အကျင့်တရားတွေကို တစ်ဦးတည်းနေပြီး ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမှာဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ သဘောကျပြီး ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

# ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဘဝနှင့် ဓမ္မအမြင်
# အပိုင်း (၅)

သာသနာတော်နှစ် ၂၅၅၆-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၄-ခုနှစ် ဝါခေါင်လပြည့်ကျော်(၆)ရက်၊ ၂၀၁၂-ခုနှစ်၊ စက်တင်ဘာလ(၇)ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ ကံမြင့်ကျောင်းတိုက် ဓမ္မာရုံအတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်းအနားဝယ် ဒဂုံမြို့နယ်၊ ယူနိုက်တက်ကွန်ဒို၊ အလံပြဘုရားလမ်း၊ အမှတ်(၃၉)နေ၊ ကိုဝင်းဌေး+မစန္ဒာ၊ သား- မြတ်ဘုန်းခန့်၊ သမီး- မြကြာဖြူ မိသားစုတို့၏ အမတဒါနဓမ္မဒါန အဖြစ်ဖြင့် ဟောကြားအပ်သော **"ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ ဘဝနှင့်ဓမ္မအမြင် အပိုင်း(၅)"** တရားဒေသနာတော်။

ဒီကနေ့ (၆)ပါးမြောက် ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ ဘဝနဲ့ ဓမ္မအမြင်မှ စတင်ဟောပါမယ်။

ပစ္စေကဗုဒ္ဓါ အလောင်းလျာတွေဟာ သာမာန်အားဖြင့် လူတွေထဲကလူပါပဲ။ သို့သော် စိတ်ဓါတ်ရေးရာ အင်မတန်မှ မြင့်မားတဲ့ပုဂ္ဂိုလ်တွေ ဖြစ်တယ်။ သာမန်ပုဂ္ဂိုလ်တွေ တွေးသလို မတွေးဘဲ အလွန်ကြည့်တတ် မြင်တတ်တဲ့ ပုဂ္ဂိုလ်မျိုးတွေ ဖြစ်တယ်။ ပါရမီရင့်သန်ပြီးသားဖြစ်လို့ သာမန်ကိစ္စလေးတစ်ခုကိုပင် ထူးခြားတဲ့အမြင်ဖြင့် ရှုမြင်သုံးသပ်ပြီး တရားထူး တရားမြတ် ရရှိသွားကြတယ်။

သာမန်ပုဂ္ဂိုလ်တွေအဖို့ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရတဲ့ အရာတွေဟာ ဘာမှမထူးသလို ဖြစ်နေကြတယ်။ ဘယ်သူမှ ထူးပြီးတော့ မမြင်တတ်ကြဘူး။ နေ့စဉ်နဲ့အမျှ မြင်တွေ့နေရတဲ့

အရာတွေအပေါ်မှာ ဆင်ခြင်သုံးသပ်မှုဆိုတာလည်း ထူးခြားမှု မရှိကြဘူး။ ဒါကြောင့် ထူးခြားတဲ့ ဉာဏ်အမြင်ဆိုတာလည်း ဖြစ်မလာဘူးပေါ့။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေကတော့ ကြည့်ပုံ မြင်ပုံ သူများနဲ့ မတူဘူး။ ထူးခြားတဲ့အမြင်တွေနဲ့ ကြည့်တတ်ပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်လို့ တရားထူး တရားမြတ်တွေ ရကြတယ်။ သို့သော် သာမန်နဲ့ရတာတော့ မဟုတ်ဘူး။ နှစ်သင်္ချေနဲ့ ကမ္ဘာ တစ်သိန်း ပါရမီဖြည့်ပြီးမှသာ ရကြတာဖြစ်တယ်။

## လေးအသင်္ချေ နှင့် ကမ္ဘာတစ်သိန်း

ဘုရားတစ်ဆူနဲ့ တစ်ဆူကြားမှာ ကမ္ဘာပေါင်း မည်မျှကြာတယ်ဆိုတာ မမှတ်သားနိုင်လောက်အောင် ကြာတယ်။ အဲဒီလို ကြာတဲ့အချိန်ပိုင်းကို တစ်အသင်္ချေလို့ ခေါ်တယ်။ ဥပမာ-ဂေါတမဘုရားအလောင်းနဲ့ ပြောမယ်ဆိုရင် ဒီပင်္ကရာမြတ်စွာဘုရားထံမှ နိယတဗျာဒိတ်ပန်း ဆင်မြန်းခဲ့တယ်။ အဲဒီနောက် ဘုရားအလောင်းတော်သည် ဒီပင်္ကရာ မြတ်စွာဘုရားနဲ့ ကောဏ္ဍည မြတ်စွာဘုရားရဲ့ အကြားမှာ မရေမတွက်နိုင်တဲ့ အသင်္ချေတစ်ခု လွန်မြောက်ခဲ့တယ်။

နောက်တစ်ခါ ကောဏ္ဍည ဘုရားနဲ့ မင်္ဂလ ဘုရားအကြားမှာလည်းပဲ မရေမတွက်နိုင်တဲ့ အသင်္ချေတစ်ခု လွန်မြောက်ခဲ့တယ်။ အဲဒါက ဒုတိယအသင်္ချေတစ်ခု။ အဲဒီလိုနည်းနဲ့ တွက်တာနော်။

အဲဒီတော့ အသင်္ချေကို တစ်ချို့က လေးဂဏန်းလည်း ပါသေးတယ်၊ အသင်္ချေလည်း ဆိုသေးတယ်လို့ ပြောကြတယ်။ အသင်္ချေဆိုတာ မရေမတွက်နိုင်ဘူး။ မရေမတွက်နိုင်တာ ဘာဖြစ်လို့ (၄)နဲ့ ပြောရသလဲဆိုရင် မရေမတွက်နိုင်တဲ့ အသင်္ချေ ကမ္ဘာပေါင်း (၄)ခါကြုံခဲ့တယ်လို့ဆိုလိုတာ။ ရေတွက်လို့ ရတာက တစ်သိန်းပေါ့။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေကျတော့ ရေတွက်လို့မရတဲ့ အသင်္ချေကမ္ဘာပေါင်းက (၂)ကြိမ် ကြုံခဲ့ပြီး ရေတွက်လို့ရတာ တစ်သိန်းဆိုတော့ "နှစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း" လို့ ဒီလို ဆိုတာပေါ့။

ရှင်သာရိပုတ္တရာတို့၊ ရှင်မဟာမောဂ္ဂလာန် တို့လို အဂ္ဂ သာဝကတွေကျတော့ "တစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း" ပါရမီ ဖြည့်ရတယ်။

ဗုဒ္ဓဘာသာမှာ ကျေနပ်စရာ ကောင်းတာက ဘုရား ဖြစ်တယ်ဆိုတာ အလွယ်တကူဖြစ်တာ မဟုတ်ဘူးနော်။ ပါရမီ တွေ ဖြည့်ခဲ့လို့ ဘုရားဖြစ်ရတာ။ ပစ္စေကဗုဒ္ဓါ ဖြစ်တယ် ဆိုတာ လည်း သာမန်နဲ့ဖြစ်တာ မဟုတ်ဘူး။ အဂ္ဂသာဝက ဖြစ်တယ် ဆိုတာလည်း သာမန်နဲ့ ဖြစ်တာမဟုတ်ဘူး။ အခုလို ထူးခြား မွန်မြတ်တဲ့ ပါရမီတွေကို ကမ္ဘာအသင်္ချေကြာအောင် ဖြည့်ကျင့်မှ ဖြစ်တယ်။ အကြောင်းနဲ့အကျိုး အင်မတန်မှ ဆီလျော်တယ်လို့ ဆိုရမယ်။

မြတ်စွာဘုရားဟောတဲ့တရားတွေဟာ အကြောင်းနဲ့အကျိုး တိတိကျကျဟောထားတာတွေချည်းပဲ။ သာမန်အားဖြင့် လက်ခံ

ရတဲ့ အရာမျိုးတွေ မဟုတ်ဘူး။ တကယ့်ကို လက်တွေ့ သိရှိပြီး ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်တယ်။ အဲဒီ ပါရမီလမ်းကြောင်း လျှောက်မယ်ဆိုရင် လူတိုင်း ဘုရားဖြစ်နိုင်တာပဲပေါ့။

မဟာယာန ကျမ်းစာတွေအရဆိုရင် ဗုဒ္ဓဗီဇလို့ဆိုတဲ့ ဘုရားမျိုးစေ့သည် လူတိုင်းမှာရှိတယ်။ လူတိုင်း ဘုရားဖြစ်ပြီးမှ နိဗ္ဗာန်ဝင်တယ်လို့ မဟာယာနတွေ အယူအဆရှိတယ်။ သူတို့မှာ ordination (၃)ခုရှိတယ်။ ပထမက Initial ordination ကိုရင်ဝတ်တယ်ပေါ့။ ဒုတိယက ဘိက္ခု ordination (သို့) Higher ordination ရဟန်းအဖြစ် ခံယူတယ်ပေါ့။ တတိယမြောက်က ဗောဓိသတ္တ ordination လို့ခေါ်တယ်။ ဘုရားအလောင်းအဖြစ် ခံယူတယ်တဲ့။ အဲဒါကတော့ ပိုမြင့်တယ်လို့ ပြောတယ်။

အဲဒီတော့ လူတိုင်း ဘုရားဖြစ်ရမယ်၊ ဘုရားအဖြစ်နဲ့သာ နိဗ္ဗာန်ကိုသွားရမယ်၊ ဗောဓိသတ္တယာနလို့ဆိုတဲ့ အမြတ်ဆုံးယာဉ်ကို စီးပြီးမှ ဘုရားအဖြစ်နဲ့သာ နိဗ္ဗာန်ကိုသွားတယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့ "မဟာယာန great vehicle" လို့ ခေါ်တာ။ ပကတိသာဝက သို့မဟုတ် မဟာသာဝက ဆိုတဲ့ တပည့်အနေနဲ့ နိဗ္ဗာန်ဝင်တဲ့ ပုဂ္ဂိုလ်တွေကိုတော့ ဟီနယာန လို့ သူတို့က နှိမ့်ချပြီး ခေါ်ထားတယ်။ အောက်တန်းကျတဲ့ယာနလို့ ဒီလိုပြောတာနော်။ တပည့်အဖြစ်နဲ့ နိဗ္ဗာန်ကိုဝင်တဲ့ပုဂ္ဂိုလ်တွေဟာ ဟီနယာန လမ်းကြောင်းက ဝင်တာဖြစ်တယ်။

မြတ်ဗုဒ္ဓရဲ့ အဆုံးအမအရ လူတိုင်း ဆန္ဒရှိမယ်ဆိုရင် ဘုရားဖြစ်ဖို့ အခွင့်အလမ်းတွေရှိတယ်။ ဘုရားအဖြစ်ကိုဆုပန်ပြီး ပါရမီတွေဖြည့်ကျင့်လို့ နိယတဗျာဒိတ်ပန်း ဆင်မြန်းဖို့ အကြောင်း

အကျိုး ညီညွတ်ပြီဆိုရင် နိယတဗျာဒိတ်ပန်း ဆင်မြန်းရမယ်။ နိယတဗျာဒိတ်ပန်း ဆင်မြန်းပြီးတဲ့နောက်ပိုင်းမှာတော့ လွဲချော်သွားတယ်ဆိုတာ မရှိတော့ဘူး။

ပစ္စေကဗုဒ္ဓါတို့၊ အဂ္ဂသာဝကတို့လို ဆုပန်ခဲ့တဲ့ပုဂ္ဂိုလ်တွေလည်း ဆုပန်ချက်အတိုင်း နောက်က ကုသိုလ်ကောင်းမှုတွေကို လုပ်ရင်းနဲ့ ပါရမီတွေ ပြည့်လာတဲ့အခါမှာ မိမိတို့ လိုအပ်တဲ့အဆင့်ကို ရရှိသွားကြတယ်။ ဒါက အင်မတန်မှ သဘာဝကျတယ်ပေါ့။ လုပ်လို့ရတာ၊ အချောင်ရတာ မဟုတ်ဘူးပေါ့။

အခု ဒီမှာလည်းပဲ ပစ္စေကဗုဒ္ဓါအလောင်း မှန်သမျှ ပါရမီပြည့်ပြီးသား ပုဂ္ဂိုလ်တွေချည်းပဲ။ ပါရမီပြည့်တဲ့အခါ အသိဉာဏ်ပွင့်လင်းဖို့ရာအတွက် သူတို့ဘဝမှာ အဖြစ်အပျက် တစ်ခုခုနဲ့ ကြုံရတယ်။ ဂေါတမဘုရားအလောင်း ကြည့်လေ- နိမိတ်ကြီးလေးပါးဆိုတဲ့ အဖြစ်အပျက်တစ်ခုနဲ့ ကြုံတယ်။ နိမိတ်ကြီးလေးပါးနဲ့ ကနေ့ခေတ်လူတွေ နေ့တိုင်းကြုံနေတာပဲ။ လူအို၊ လူနာ၊ လူသေ၊ ရဟန်း ဆိုတာ မမြင်ချင်အဆုံးပဲ။ ဘာဖြစ်လို့ တောမထွက်ကြတာလဲနော်။ နေ့တိုင်း နိမိတ်ကြီးလေးပါးတော့ တွေ့နေကြတာပဲ။

သို့သော် စဉ်းစားပုံ၊ တွေးပုံချင်းက ကွာခြားကြတယ်ပေါ့။ လူအိုတွေ့ရင် "သူသာအိုတာ၊ ငါမအိုဘူး"လို့ ထင်တာနော်။ လူနာတွေ့ရင်လည်း "ဒီလူ မတည့်တာတွေစားလို့ နေမကောင်းတာ၊" လူသေတွေ့ရင်လည်း "သူဘာတွေလုပ်လို့ သေမှန်းမှမသိဘဲနဲ့"လို့ ပြောပြန်တယ်။ အဲဒီတော့ စဉ်းစားပုံချင်းကလည်း မတူကြဘူးလေ။

ဘုရားအလောင်းတော်တွေကတော့ အဲဒီလို မစဉ်းစားဘူး။ လူအိုတွေ့ရင် "ငါလည်း အိုရဦးမှာပါလား"လို့ စဉ်းစားတာ။ လူနာတွေ့ရင်လည်း "ငါလည်း နာရဦးမှာပဲ၊" လူသေတွေ့ရင် "ငါလည်း သေရဦးမှာပဲ"ဆိုတဲ့ အတွေးတွေက သူတို့စိတ်ကို လွှမ်းမိုးထားပြီး မပျော်နိုင်မရွှင်နိုင် သံဝေဂ ဖြစ်တယ်တဲ့။

ဘုရားအလောင်း မဃဒေဝမင်း သံဝေဂဖြစ်တာ ကြည့်ပေါ့။ နှစ်ပေါင်းများစွာကြာအောင် ဆတ္တာသည်ကို မှာထားတာ၊ "ငါ့ခေါင်းမှာ ဆံပင်ဖြူလေးတစ်ချောင်းတွေ့ရင် ငါ့ကိုပြ၊ မင်းကို ငါဆုချမယ်" တဲ့။ အဲဒီ ဆံပင်ဖြူလေးတစ်ချောင်း တွေ့ဖို့ရာ အတွက် နှစ်ထောင်ချီ သောင်းချီ စောင့်ရတာနော်။ သက်တမ်းက ရှည်တာကိုး။

တစ်နေ့သ၌ ဆံပင်ဖြူလေးတစ်ချောင်း တွေ့တဲ့အခါ ဆတ္တာသည်က "အရှင်မင်းကြီး၊ ဆံပင်ဖြူလေးတစ်ချောင်းတော့ တွေ့ပြီ" ဆိုပြီး မွေးညှပ်နဲ့နှုတ်ပြီး ရှင်ဘုရင်ကြီးရဲ့လက်ထဲ ထည့်ပေးတယ်။ ဆံပင်ဖြူကြည့်လိုက်ပြီး မဃဒေဝမင်းကြီးက သံဝေဂ ဖြစ်ပြီး ဝတ်လဲတော်တွေကို ညစ်ယူရလောက်အောင် ချွေးထွက်သွားတယ်တဲ့။

ဆတ္တာသည်က "ဆံပင်ဖြူလိုက်ရှာနေတာ နှစ်ပေါင်းများစွာကြာပြီ။ ခုမှ တစ်ချောင်းတွေ့တယ်" ဆိုပြီး ဆုမျှော်တာ။ မဃဒေဝမင်းကတော့ "ငါအိုပြီ" ဆိုပြီး သံဝေဂ ဖြစ်သွားတာ။ ဆံပင်ဖြူလေးတစ်ချောင်းတွေ့လိုက်တာနဲ့ ချွေးပြိုက်ပြိုက် ကျရတာနော်။

အဲဒီနေရာမှာ ရှုမြင်သုံးသပ်ပုံခြင်း မတူတာလို့ ပြောရမယ်။ ဆံပင်ဖြူတယ်ဆိုတာ ဘာဆန်းလဲ။ ဆံပင်ဆေးဆိုးဆိုင်သွားပြီး ဆိုးလိုက်ရင်ဖြစ်တာပဲ။ ခုခေတ်တော့ အဲဒီလိုနည်းနဲ့ မေ့ပစ်လိုက်တာပဲလေ။ မေ့ပစ်လိုက်တော့ သံဝေဂဆိုတာ ဖြစ်စရာရှိမှမရှိဘဲ။ ဆံပင်ဖြူချင်သလောက်ဖြူ ကိစ္စမရှိဘူး။ ဆေးဆိုးလိုက်ရင် မဲသွားမှာပဲ။ နောက်က အငုတ်ကလေးတွေက ဖြူလာပြန်ရင် ထပ်ဆိုးမယ်နော်။ အဲဒီလိုနဲ့ ဖုံးထားတာ။ ဘယ်လိုလုပ်ပြီး သံဝေဂဖြစ်မတုန်း။ မဖြစ်နိုင်ဘူးပေါ့။

## ဘာဝ နှင့် စမ္မအမြင်

အခု (၆)ပါးမြောက် ပစ္စေကဗုဒ္ဓါ ဖြစ်လာတဲ့ပုဂ္ဂိုလ်ဟာ ဗာရာဏသီက အင်မတန်မှသဘောကောင်းတဲ့ ဘုရင်ကြီးတဲ့။ ဘုရင်ဆိုတာ သိပ်သဘောကောင်းလို့လည်း မဖြစ်ဘူး။ သဘောဆိုးလို့လည်း မဖြစ်ဘူး။ သူက သဘောသိပ်ကောင်းလွန်းအားကြီးတယ်။ သဘောကောင်းတော့ ဘာဖြစ်တုန်းဆိုရင် ဟိုအမတ်က လာ,ရာထူးတောင်း၊ ဒီအမတ်က လာ,ရာထူးတောင်း တဲ့။ တောင်းရင် ပေးလိုက်တာပဲ။

နောက်ပြီး "အရှင်မင်းကြီး၊ ပြောစရာရှိလို့" ဆိုရင် "အေးအေး လာခဲ့မယ်" ဆိုပြီး ပြောမယ့်သူနားကို သူကိုယ်တိုင်သွားတယ်။ လူတစ်ယောက်ရဲ့ စကားကို တစ်ယောက်ချင်းပဲ နားထောင်တယ်တဲ့။ နှစ်ကိုယ်ကြား တိုးတိုးပြောတာကိုကြိုက်တဲ့ ဘုရင်ကြီးနဲ့ တူပါတယ်။ နှစ်ကိုယ်ကြားပဲ ပြောချင်တယ်။ ဒါကြောင့်မို့ "အရှင်မင်းကြီး လျှောက်စရာရှိတယ်" ဆိုရင် "အေးအေး" ဆိုပြီး အဲဒီလူနား သွားတာပဲ။

နောက်တစ်ယောက်က လာပြန်ပြီ "အရှင်မင်းကြီးဆီ တောင်းစရာလေး တစ်ခုရှိလို့" "အေးအေး လာခဲ့မယ်" ဆိုပြီး အနားနားသွားတယ်တဲ့။ ဆင်စီးရင်းကတောင်မှပဲ "အရှင်မင်းကြီး ပြောစရာရှိပါတယ်" ဆိုရင် ဆင်ပေါ်ကဆင်းပြီး သွားနားထောင်သတဲ့။ အဲဒီလောက်ထိအောင် သဘောကောင်းတာ။

အဲဒီ ဘုရင်ဟာ ပစ္စေကဗုဒ္ဓါ အလောင်းနော်။ အင်မတန်ရိုးပြီးတော့ စိတ်နှလုံးက အင်မတန်မှ နူးညံ့တယ်။ လူတိုင်းကို အလိုလိုက်တယ်။ ဘယ်နေရာပဲဖြစ်ဖြစ် ထိုင်နေတုန်းလာတောင်းလည်း "အေး အေး အေး" ပဲ။ သွားနေတုန်းလည်း "အရှင်မင်းကြီး လျှောက်တင်စရာရှိတယ်၊ သံတော်ဦးတင်စရာ ရှိတယ်ဆိုရင် "အေး အေး အေး" ဆိုပြီး သွားနားထောင်တယ်။ ခရီးထွက်နေတုန်းလည်း "အေး အေး အေး" ဆိုပြီး သွားနားထောင်လိုက်တယ်။ လူတွေရဲ့အလိုဆန္ဒကို အကုန်လိုက်တယ်။

နောက်ဆုံးကျတော့ လူတွေက ဘယ်လောက်ထိအောင် ကမ်းတက်လာကြတုန်းဆိုရင် ဘုရင်ကြီးကို သူတို့လိုချင်တာတွေ တောင်းကြတယ်။ တောင်းတိုင်း ဘုရင်ကြီးကလည်း ပေးတယ်။ ဘယ်မြို့ အပိုင်စားပေးပါ။ ဘယ်ရွာဘယ်နယ် အပိုင်စားပေးပါဆို ပေးလိုက်တယ်။ နောက်ကျတော့ ကိုယ့်ရှိတာနဲ့ မကျေနပ်ကြဘူး။ သူရတဲ့နယ်က အခွန်အတုပ်နည်းတယ်။ ထွက်ကုန်ပစ္စည်းသိပ်မရှိဘူး၊ ဟိုတစ်ဖက်ကနယ်က သယံဇာတတွေ ပေါတယ်။ ထွက်ကုန်တွေ များတယ်၊ အခွန်တွေ များတယ်၊ အရှင်မင်းကြီး အဲဒီနယ်ကိုကျွန်ုပ်ပေးပါလို့ဆိုရင် "သူ့ပေးပြီးသား မဖြစ်ဘူး"လို့ ဘုရင်ကြီးကပြောလည်းမရဘူး။ "ကျွန်ုပ်က အဲဒီနေရာကို လိုချင်

တာပါ" ဆိုပြီး ဟိုလူနဲ့ ရန်သွားဖြစ်တယ်။ "ဘုရင်ကြီးကပေးတယ်" လို့ လိမ်ပြောတော့ တစ်ဦးနဲ့တစ်ဦး ရန်တွေဖြစ်ပြီး ဘုရင်ကြီးဆီ ရောက်။ ဘုရင်ကြီးက ကြာတော့စိတ်ညစ်လာတယ်။

တိုင်းပြည်အုပ်ချုပ်တဲ့မင်းက အဲဒီလောက် သဘောကောင်းရင် အလုပ်မဖြစ်ဘူး။ ဒါကြောင့်မို့လို့ ငါးရာ့ငါးဆယ် ဇာတ်ထဲမှာ ဆုံးမဩဝါဒ ပေးထားတာရှိတယ်။ တိုင်းပြည် အုပ်ချုပ်တဲ့ မင်းဆိုတာ-

"**နေကန္တ မုဒုနာ သက္ကာ** - လုံးဝ ပျော့ပြောင်းလွန်းအားကြီးရင်လည်း ကြီးပွားအောင် မလုပ်နိုင်ဘူးတဲ့။ **ဧကန္တတိခိဏေန ဝါ** - သိပ်ထက်လွန်းအားကြီးရင်လည်း ကြီးပွားအောင် မလုပ်နိုင်ဘူးတဲ့။ ဒါကြောင့်မို့ မထက်လွန်း မပျော့လွန်း၊ မလျော့လွန်း မတင်းလွန်း လုပ်ရတယ်" တဲ့။

ဒါဖြင့် ပျော့လွန်းရင် ဘာဖြစ်လဲဆိုရင် "**ပရိဘူတော မုဒု ဟောတိ** တဲ့။ ပျော့ပြောင်းလွန်း၊ သဘောကောင်းလွန်းအားကြီးရင် အလွှမ်းမိုးခံရတယ်တဲ့။" အခု ဒီဘုရင်ကြီးကိုကြည့်၊ အမတ်တွေရဲ့ လွှမ်းမိုးမှုကို ခံလာရတယ်။ ပျော့လွန်းအားကြီးတော့ ဘုရင်ကို မလေးစားကြတော့ဘူး။ **အတိတိက္ခော စ ဝေရဝါ** သိပ်ပြီး ထက်လွန်းအားကြီးရင်လည်း ရန်များတယ်၊ မုန်းတဲ့သူတွေ များတတ်တယ်တဲ့။ "**ဧတဉ္စ ဥဘယံ ဉတွာ** သိပ်ပျော့ရင် အလွှမ်းမိုးခံရလိမ့်မယ်၊ သိပ်ထက်ရင် ရန်သူများလိမ့်မယ်။ အဲဒီ(၂)ခုကို နားလည်ပြီး "**အနုမဇ္ဈံ သမာစရေ**" အလယ်အလတ်ကျင့်ပါ" တဲ့။

ဒါက ဘုရင်တွေကို ဆုံးမတဲ့ ဩဝါဒတစ်ခုပဲပေါ့။ ဘုရင်တင်လားဆိုတော့ မဟုတ်ဘူး။ မိဘတွေလည်း သားသမီးနဲ့ ဆက်ဆံတဲ့အခါမှာ သိပ်ပျော့လွန်းအားကြီးရင် မရဘူး၊ သိပ်တင်းလွန်းရင်လည်း မရဘူး။ ဆရာသမားတွေလည်း တပည့်နဲ့ ဆက်ဆံတဲ့အခါမှာ သိပ်ပျော့ရင်လည်း မရဘူး၊ သိပ်တင်းရင်လည်း မရဘူး။ အသင်းအဖွဲ့တွေ အုပ်ချုပ်တဲ့အခါမှာလည်း သိပ်ပျော့ရင် မရဘူး၊ သိပ်တင်းရင်လည်းမရဘူးလို့ဆိုတဲ့ ဒီသင်ခန်းစာတစ်ခုကို ပေးတာပေါ့။ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် မလျော့မတင်း လုပ်ကိုင်သင့်တယ်တဲ့။ အဲဒါမှ အောင်မြင်ကြီးပွားနိုင်တယ်လို့ ငါးရာ့ငါးဆယ် **မဟာပဒုမဇာတ်**မှာ ဆိုထားတာနော်။ ဒါလည်း မှတ်သားစရာကောင်းတာပဲ။

အဲဒီ ဗာရာဏသီဘုရင်ကြီးကို **ကေဝဋ္ဋိက** လို့ခေါ်တယ်။ **ကေဝဋ္ဋိက** ဆိုတာ တစ်ယောက်ချင်းပြောတာ။ ဘယ်သူနဲ့ ပြောပြော တစ်ယောက်ချင်းပဲပြောမယ်။ တစ်ယောက်ချင်းပဲ တိုင်ပင်ပြောဆိုတဲ့ ဖြဟ္မဒတ်မင်းတဲ့။ နှစ်ဦးမပြောဘဲ တစ်ဦးချင်းပဲ ပြောတယ်။

တစ်ဖက်သားရဲ့ဆန္ဒကို လိုက်လျောတတ်တဲ့ အဲဒီ ဘုရင်ကြီးဟာ နောက်ဆုံးမှာ ပြဿနာတွေတက်ပြီး နိုင်အောင် မအုပ်ချုပ်နိုင်တော့ဘူး။ နိုင်အောင် မအုပ်ချုပ်နိုင်တော့ စိတ်ပျက်တာပေါ့။ "ဘုရင်လုပ်ရတာ မကောင်းပါဘူး။ ဘယ်သူမှ မကြိုက်တဲ့ လမ်းကို ငါလျှောက်မှပဲ" တွေးသတဲ့။

ဘယ်သူမှမကြိုက်တဲ့လမ်းဆိုတာ ဘုန်းကြီးဘဝပဲ။ "သူတို့တတွေ လောဘကြီးလိုက်ကြတာ။ လောဘနောက်က ဒေါသ

ပါလာတယ်။ တစ်ယောက်နဲ့တစ်ယောက် သူကသာချင် ငါက သာချင်ဖြစ်ကြတယ်။ ပေးလို့လည်း မဆုံးဘူး၊ ပြောလို့လည်း မဆုံးဘူး။ လောဘဟာ အင်မတန်မှ ကြောက်စရာကောင်းတာ ပဲ။ အဲဒီတော့ ဘယ်သူမှ မလိုချင်တဲ့ဘဝမျိုး ငါသွားတော့မယ်" ဆိုပြီး ဘုရင်ကြီးက ရသေ့ရဟန်းဝတ်လိုက်တယ်။

လောဘရဲ့အပြစ်ကို သံဝေဂယူပြီး ဝိပဿနာကျင့်စဉ်ကို ကျင့်လိုက်တဲ့အခါ ပစ္စေကဗုဒ္ဓါဖြစ်သွားတယ်တဲ့။ ကဲ-ဒီပရိသတ် ထဲမှာကြည့်၊ သားက ပြောမကောင်းဘူး၊ သမီးက ပြောမကောင်း ဘူးဆိုရင် ဘုန်းကြီးဝတ်၊ သီလရှင်ဝတ်ကြပေါ့။ ပြောမကောင်း ဘူးဆိုရင် အဲဒီနည်းပဲ ရွေးရမှာပဲနော်။

## (၆) အာမန္တနာ ဂါထာအဖွင့်

အဲဒီတော့ ပစ္စေကဗုဒ္ဓါအရှင်မြတ်က သူ့ဘဝအကြောင်း ကို ပြန်ပြီးပြောပြတယ်။

**"အာမန္တနာ ဟောတိ သဟာယမဇ္ဈေ၊**
**ဝါသေ ဌာနေ ဂမနေ စာရိကာယ၊**
**အနဘိဇ္ဈိတံ သေရိတံ ပေက္ခမာနော၊**
**ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ"**။

များသောအားဖြင့် သဟာယ ကို သူငယ်ချင်း၊ လုပ်ဖော် ကိုင်ဖက် colleague လို့ခေါ်တယ်။ သဟ- အတူတကွ၊ အယ- ဖြစ်ခြင်း။ အတူတကွ လုပ်ဖော်ကိုင်ဖက်တွေကို သဟာယလို့

ခေါ်တယ်။ တိုင်းပြည်အုပ်ချုပ်တဲ့ အခါမှာလည်းပဲ အမတ်တွေ ဟာ အတူတကွ လုပ်ဖော်ကိုင်ဖက်တွေပဲ။

"**သဟာယမဇ္ဈေ** - လုပ်ဖော်ကိုင်ဖက်တွေရဲ့ ကြားထဲမှာ၊ **ဝါသေ**- နန်းတော်မှာ နေတဲ့အခါဖြစ်စေ၊ **ဌာနေ**- ရပ်နေတဲ့ အခါမှာဖြစ်စေ၊ **ဂမနေ**- ခရီးသွားနေတဲ့ အခါမှာဖြစ်စေ၊ **စာရိကာယ**- တိုင်းခန်းလှည့်လည်နေတဲ့ အချိန်အခါမှာဖြစ်စေ၊ **အာမန္တနာ**- တိုင်ကြားပြောဆိုမှု၊ လိုချင်တာ လာတောင်းမှု ဆိုတာ။ **ဟောတိ** -ဖြစ်လာ၏" တဲ့။

ဘုရင်ကို လာလာတောင်းကြတယ်တဲ့။ ဘုရင်ကြီး ဘယ် သွားသွား၊ ဘာလုပ်လုပ် ခရီးသွားရင်လည်း လာတောင်းတယ်၊ ရပ်နေရင်လည်း လာတောင်းတယ်၊ ထိုင်နေရင်လည်း လာ တောင်းတယ်၊ အိပ်နေရင်လည်း လာတောင်းတယ်၊ တိုင်းခန်း လှည့်လည်နေတဲ့ အချိန်မှာလည်း လာတောင်းတယ်၊ ပြောစရာ တွေ လာပြောကြတယ်။ အပေါင်းအဖော်တွေ၊ အတူတကွ လုပ်ဖော်ကိုင်ဖက်တွေဟာ အဲဒီလို လာလာပြီးတောင်းကြတာတဲ့။

အဲဒီလို လာတောင်းတယ်ဆိုတာ"သူတို့ လိုချင်တာတွေ က ငါ့ဆီမှာ ရှိနေလို့ပဲ။ သူတို့ လိုချင်တာတွေ ငါ့ဆီမှာ မရှိမှ ဖြစ်မယ်။

**အနဘိဇ္ဈိတံ သေရိတံ ပေက္ခမာနော** သူတို့မလိုချင်တဲ့ ဘဝ ငါသွားမယ်တဲ့။ အမတ်ဆိုတာ တစ်ယောက်မှ ဘုန်းကြီး ဝတ်နိုင်မှာ မဟုတ်ဘူး။ အဲဒီတော့ ကတုံးတုံးပြီး ဖန်ရည်စွန်းတဲ့ အဝတ်ကိုဝတ်တဲ့ ဘဝဟာ ဘယ်သူမှမလိုချင်တဲ့ ဘဝပဲ။ **သေရိတံ**- ကိုယ်စိုး ကိုယ်ပိုင် လွတ်လပ်တယ်။ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ် နေလို့ရတယ်။

လူ့ဘဝဆိုတာ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် နေလို့ရတာမှ မဟုတ်ပဲ။ ကိုယ်သွားချင်တာက တစ်နေရာ၊ နေရတာက တစ်နေရာနော်။ ပြောချင်တာက တစ်ခြား၊ လုပ်ရတာက တစ်ခြား။ မိသားစုဘဝမှာနေတဲ့သူတွေ ပိုသိတာပေါ့။ မနေချင်လည်း နေရတာပဲ။

အသက်အရွယ်ကြီးလာလို့ အေးအေးဆေးဆေးများ နေရမလား။ မဟုတ်ဘူးနော်။ သမီးက ရုံးသွားလို့၊ အိမ်မှာ ဘယ်သူမှ မရှိလို့ ကလေးထိန်းရဆိုတာမျိုးလည်း ရှိသေးတယ်။ ဘယ်သူမှ မရှိလို့ မြေးအတွက် ထမင်းချက်ပေးရ။ ဒါကြောင့်မို့ "ပုတီးချမြေးမ" လို့ပြောကြတာ။

အဲဒီလို သူများလိုအပ်ချက်တွေကို ဖြည့်ပေးနေရတဲ့အခါ ဘယ်လိုလုပ်ပြီး **သေရိတ**- ကိုယ်ကြိုက်တာ လုပ်လို့ရမှာတုန်း၊ ဘယ်လိုလုပ်ပြီး လွတ်လွတ်လပ်လပ် ရှိမှာတုန်း။ ဘယ်သူက မအားလို့၊ ဘယ်ဝါကမအားလို့ဆိုတာတွေနဲ့ သွားချင်တဲ့စိတ်ရှိဦး မသွားနိုင်ဘူး။ တရားပွဲတော့ သွားချင်ပါရဲ့၊ အိမ်မှာ ဘယ်သူမှ မရှိဘူး။ **သေရိတ**- မဖြစ်ဘူးပေါ့နော်။ **သေရိတ** ဆိုတာ ကိုယ့်ဆန္ဒအတိုင်း ကိုယ်လုပ်နိုင်တာ။ ကိုယ်သွားချင်ရင် ထသွားလိုက်မယ်၊ မသွားချင်ဘူးဆို နေလိုက်မယ်။

**အနဘိဇ္ဈိတံ သေရိတံ ပေက္ခမာနော**- ရဟန်းဘဝဆိုတာ ဘယ်သူမှ မလိုချင်တဲ့ဘဝ၊ သို့သော် ကိုယ်စိုး ကိုယ်ပိုင်ဖြစ်တယ်၊ ကိုယ်လုပ်ချင်တာ လုပ်လို့ရတယ်၊ လွတ်လပ်တယ်။ အဲဒီဘဝမျိုးကို ချမ်းသာလိုက်တာလို့ ရှုမြင်သုံးသပ်ပြီး ဘုရင်ကြီးသည် ရဟန်းဘဝ ကူးပြောင်းလိုက်တယ်။ အဲဒီဘဝမှာ တရားထူး

တရားမြတ်ရပြီး ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေ ကိုလည်း တိုက်တွန်းတယ်။ **ကောဝ စရေ ခဂ္ဂဝိသာဏကပ္ပေါ-** ကြံ့ချိုပမာ တစ်ဦးတည်းကျင့်စမ်းပါ။

လူတွေက ကိုယ့်ကိုယ်ကို ပိုင်တယ်သာ ပြောကြတယ်။ ကိုယ့်ဆန္ဒအတိုင်းဖြစ်တာ အင်မတန်မှ နည်းတာပဲ။ တကယ် တော့ မပိုင်ကြဘူး။ ကိုယ်လုပ်ချင်တာ လုပ်လို့မရတာတွေ အများကြီး ရှိတယ်ပေါ့။ အဲဒါကို ဒီ ပစ္စေကဗုဒ္ဓါအရှင်မြတ်က သူ့ဘဝနဲ့ ဆက်စပ်ပြီး သူ့ရဲ့မေ့အမြင်ကို ဟောကြားထားတာ ဖြစ်ပါတယ်။ ဒါက (၆)ပါးမြောက် ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ ဘဝနဲ့ မေ့အမြင်ပဲပေါ့။

**သတ္တမ ပစ္စေကဗုဒ္ဓ**

နောက် (၇)ပါးမြောက် ပစ္စေကဗုဒ္ဓါ လောင်းကလည်း ဗာရာဏသီပြည်က ဗြဟ္မဒတ်မင်းပဲ။ သားတစ်ယောက်တည်း ထွန်းကားတယ်။ ဒီသားလေးကို ဘုရင်ကြီးက အင်မတန်မှ ချစ်တယ်။ တိုင်းရေးပြည်ရေးကိစ္စတွေ ဆောင်ရွက်တဲ့အချိန်မှာ တောင် သားလေးကို ပွေ့ချီထားတယ်။ သားလေးနဲ့နေရရင် သူက ကျေနပ်နေတယ်။

## သား ၄-မျိုး

သားဆိုတာ (၁) **အတြဇ-** မိမိကိုအစွဲပြုပြီး ဖြစ်ပေါ်လာတဲ့ သားအရင်းက တစ်မျိုးပေါ့။ (၂) **ခေတ္တဇ-** ကိုယ့်နယ်ထဲမှာ ဖြစ်ပေါ်လာတဲ့သား။ (၃) **ဒိန္နက-** သူတပါးပေးလို့ရတဲ့သား။ (၄) **အန္တေဝါသိက-** ကိုယ့်ရဲ့တပည့်၊ သားတပည့်။

အခု ဒီနေရာမှာ ဘုရင်ကြီးရဲ့သားက အတြဇ- သား အရင်းပေါ့။ အဲဒီသားလေးကို အင်မတန်မှချစ်တယ်။ လက်က မချဘူး။ သို့သော် သားလေးက အင်မတန်မှ ငယ်သေးတယ်။ ဘုရင်ဆိုတော့ တစ်ခါတစ်ခါ ဥယျာဉ်သွားတယ်၊ ပျော်ပွဲစား ထွက်တယ်ပေါ့။ အခြံအရံတွေနဲ့၊ လက်နက်တွေနဲ့ တောထဲ သွားကြတယ်။

အပေါင်းအသင်းတွေနဲ့ လွတ်လွတ်လပ်လပ် ဥယျာဉ်မှာ သွားပြီး သောက်စားမူးယစ်တယ်။ အဲဒီလို ဥယျာဉ်လည်တဲ့ နေ့မျိုးမှာ သားလေးကို သတိမရဘူး။ သားလေးက နန်းတော်မှာ ကျန်ရစ်တယ်။ တစ်နေ့သောအခါ ကံမကောင်း အကြောင်းမလှ တော့ ဘုရင်ကြီး ဥယျာဉ်ထွက်သွားတဲ့ အချိန်ကစပြီး ဒီကလေး လေးမှာ အဖျားဝင်လာတယ်။ အဖျားက ကျမသွားဘဲ တဖြည်း ဖြည်း တိုးလာပြီး ဘုရင်ကြီး ဥယျာဉ်ကပြန်မလာခင် ကံကုန် သွားတယ်တဲ့။

ဘုရင်ကြီးက သားလေးကို အင်မတန်မှချစ်တာဆိုတော့ ရုတ်တရက် မပြောရဲကြဘူး။ ဘုရင်ကြီးဆီ အကြောင်းမကြားဘဲ နေ့ချင်းပြီး အလောင်းကို မီးသင်္ဂြိုဟ်လိုက်ကြတယ်။

ဘုရင်ကြီးက အရက်သေစာ သောက်စားမူးယစ်ပြီး နန်းတော် ပြန်ရောက်လာတယ်။ ခါတိုင်းဆိုရင် နန်းတော် ရောက်တာနဲ့ ကလေးကို အရင်မေးတယ်။ အဲဒီနေ့မှာတော့ မူးနေလို့ မမေးဘူး။ နောက်တစ်ရက် နံနက်ပိုင်း စားတော်ခေါ်၊ သောက်တော်ခေါ်ပြီးတဲ့ အချိန်ကျတော့မှ ကလေးကို သတိရ လာတယ်။ "ဘယ်မလဲ ငါ့သားလေး၊ ခေါ်ခဲ့ကြစမ်း" ဆိုတဲ့အခါ

ဘုရင်ကြီးကို ညင်ညင်သာသာနဲ့ သောကမဖြစ်အောင် လျှောက်ကြရတာပေါ့နော်။

အဲဒီအခါကျတော့ သားအပေါ်မှာ အင်မတန်မှချစ်တဲ့ ဘုရင်ကြီး ယူကြုံးမရဖြစ်သွားတယ်။ သို့သော် သာမန်ပုဂ္ဂိုလ်ဆိုရင် ယူကြုံးမရဖြစ်ပြီး ဟိုလူ့အပြစ်တင် ဒီလူ့အပြစ်တင် လုပ်မှာပဲ။ သို့သော် ဘုရင်က ပစ္စေကဗုဒ္ဓါအလောင်းဆိုတော့ အသိဉာဏ်ရှိတယ်။ ဒီသောကဟာ ဘာကြောင့်ဖြစ်တာလဲ။ ချစ်ခင်မှုကြောင့် ဖြစ်တာပဲ။ **ပိယဇာတိကာ ပိယပ္ပဘဝါ**။ **ပိယဇာတိကာ**- ချစ်ခင်မှုကို အခြေခံပြီးတော့ သောကဆိုတာ ဖြစ်ရတာပါလား။ ဒီချစ်ခင်မှု ရှိနေသေးသမျှ ကာလပတ်လုံး သောက ဖြစ်နေမှာပဲ။ ချစ်ခင်မှုမရှိမှ စိတ်သောကဆိုတာ မဖြစ်မှာ။ ကြောင်းကျိုးဆက်စပ် ဆင်ခြင်စဉ်းစားရင်း ပဋိစ္စသမုပ္ပါဒ် ဉာဏ်အမြင် ဖြစ်လာတယ်။

ပဋိစ္စသမုပ္ပါဒ်ဉာဏ် ဖြစ်လာတယ်ဆိုတာ စိုးရိမ်ခြင်းဆိုတဲ့ သောကသည် ချစ်ခင်မှုရှိလို့ ဖြစ်တာ။ အကယ်၍ ချစ်ခင်တဲ့ သတ္တဝါ၊ ချစ်ခင်တဲ့ ပစ္စည်းဝတ္ထု မရှိဘူးဆိုရင် အဲဒီသတ္တဝါကို အကြောင်းပြု၊ အဲဒီပစ္စည်းကိုအကြောင်းပြုပြီး ဘယ်သူမှ သောက ဖြစ်မှာ မဟုတ်ဘူး။ သောကပရိဒေဝဆိုတာ ချစ်ခင်မှုက အရင်းခံ လာတာလို့ ဆိုလိုတယ်။ သူကဒါကို သဘောပေါက်လာတယ်။

"ငါ့သန္တာန်မှာဖြစ်တဲ့ သောကနဲ့ ပရိဒေဝသည် တခြားကြောင့် ဖြစ်တာမဟုတ်ဘူး။ ဟောဒီ ပိယဆိုတဲ့ ချစ်ခင်မှုကြောင့် ဖြစ်တာ။ ချစ်ခင်မှုသည် ကောင်းကျိုးမပေးဘူး။ ဒါကို ဖယ်ရှားနိုင်မှဖြစ်မယ်။ အကယ်၍ မဖယ်ရှားနိုင်ဘူးဆိုရင် သောကတွေ

လာနေမှာပဲ။ ဒါရှိနေသမျှ ဒါဖြစ်နေဦးမှာပဲ”လို့ အကြောင်းနဲ့ အကျိုး ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်သုံးသပ်မိသွားတယ်။

အဲဒီလို ဆင်ခြင်သုံးသပ်ရာက ဝိပဿနာဉာဏ်အဆင့်ဆင့် တက်သွားပြီး ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။ သာမန်ကိစ္စလေးကို အခြေခံပြီး ပါရမီရင့်သန်လို့ ပစ္စေကဗောဓိဉာဏ်ကို ရသွားတယ်။

## (၇) ခိဍ္ဍာရတိဂါထာအဖွင့်

ပစ္စေကဗုဒ္ဓ ဖြစ်ပြီး သူ့ဘဝဇာတ်ကြောင်းကို ပြန်ပြီး ဟောပြောတဲ့အခါမှာ-

**ခိဍ္ဍာ ရတီ ဟောတိ သဟာယမဇ္ဈေ၊**
**ပုတ္တေသု စ ဝိပုလံ ဟောတိ ပေမံ၊**
**ပိယဝိပ္ပယောဂံ ဝိဇိဂုစ္ဆမာနော၊**
**ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။**

**ခိဍ္ဍာ ရတီ ဟောတိ သဟာယမဇ္ဈေ**- သူဟာ အပေါင်း အသင်းတို့ရဲ့ အလယ်မှာ ပျော်ခဲ့တယ်တဲ့။ ခါးခုတ်, လုံထိုး အမျိုးမျိုး စစ်ရေးကစားပြတာ၊ ဆင်စီးအတတ်တွေ, မြင်းစီး အတတ်တွေနဲ့ တစ်ဦးနဲ့တစ်ဦး ခါးချင်းယှဉ်ပြိုင်တာတွေလုပ်ပြီး ပျော်ခဲ့တယ်တဲ့။ ကျေနပ်ခဲ့တယ်တဲ့။ ခုခေတ်တော့ အားကစား လို့ ခေါ်တာပေါ့နော်။

ဒါတင်မကဘူး **ပုတ္တေသု စ ဝိပုလံ ဟောတိ ပေမံ**- သားလေးအပေါ်လည်း ချစ်လိုက်တာ လွန်နေတာပဲတဲ့။ **ဝိပုလံ**

**ပေမံ-** သူများချစ်တာထက်ပိုပြီး လွန်လွန်ကဲကဲ ချစ်ခဲ့တယ်ပေါ့။ ဒါ သူ့ဘဝကို ပြန်ပြောပြတာနော်။

**ပိယ ဝိပ္ပယောဂံ ဝိဇိဂုစ္ဆမာနော-** ချစ်ခင်မြတ်နိုးသူနဲ့ ခွဲခွါရတာကို အလွန်မုန်းတယ်။ ပိယဆိုတာ သက်ရှိ သတ္တဝါနဲ့ သက်မဲ့ ပစ္စည်းဝတ္ထုလို့ (၂)မျိုးခွဲရတယ်။ ခင်မင်စရာ သက်ရှိ သတ္တဝါကလည်း ပိယပဲ။ မြတ်နိုးစရာပစ္စည်းဥစ္စာကလည်း ပိယပဲ။ ကိုယ်မြတ်နိုးတဲ့ ပစ္စည်း၊ ကိုယ်မြတ်နိုးတဲ့သူ (၂)ခုစလုံးကို ဆိုလို တာပဲ။ အဲဒီတော့ သက်ရှိသတ္တဝါကို မြတ်နိုးတဲ့ ပုဂ္ဂိုလ်တွေ ကလည်း ဒီသက်ရှိ သတ္တဝါကို လက်လွတ်ဆုံးရှုံးသွားပြီဆိုရင် သောကဖြစ်တာပဲလေ။ ကိုယ်မြတ်နိုးတဲ့ပစ္စည်းလေးတစ်ခု ပျောက် သွားရင်လည်း စိတ်ဆင်းရဲတာပဲ။ ဒါကြောင့်မို့ ပိယကို သတ္တ သင်္ခါရလို့ ပြောတာ။

သတ္တဝါဆိုတာ လူတွင် မကဘူး မွေးထားတဲ့ ခွေးလေး ကြောင်လေးတွေ ပါသေးတယ်။ သက်မဲ့ပစ္စည်းဝတ္ထုတွေကိုတော့ သင်္ခါရလို့ ပြောတာ။ ကိုယ်ချစ်အပ်တဲ့ သတ္တဝါ သင်္ခါရတွေ လက်လွတ်ဆုံးရှုံးပြီး ကိုယ်နဲ့ ကင်းကွာသွားပြီဆိုရင် သောက ဖြစ်တယ်တဲ့။

အခု ဒီဘုရင်ကြီးလည်း အင်မတန် ချစ်လှပါတယ်ဆိုတဲ့ သားနဲ့ ကွေကွင်းသွားရတယ်။ ကွေကွင်းမှုဆိုတာ ချမ်းသာတာမှ မဟုတ်တာ။ ဆင်းရဲတာပေါ့။ ဒါကြောင့်မို့ အဲဒီ ဆင်းရဲမှုကို ရွံ့မုန်းတယ်တဲ့။ နောက်ထပ် ဒါမျိုးမဖြစ်ချင်ဘူး။ မဖြစ်ချင်လို့ ရမလားဆိုရင် မရဘူး။

တစ်ချို့က "ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းရပါစေသား"ဆိုတာလုပ်သေးတယ်နော်။ **ပိယ ဝိပ္ပယောဂ** ဆိုတာ အချိန်မရွေး ဖြစ်လာနိုင်တယ်။ **ဝိပ္ပယောဂ** ဖြစ်တဲ့အချိန်မှာ ဒုက္ခဖြစ်မှာ အသေအချာပဲ။

"**ပိယဝိပ္ပယောဂံ ဝိဇိဂုစ္ဆမာနော** - ကိုယ်နှစ်သက်တဲ့၊ ကိုယ်ချစ်ခင်တဲ့ သက်ရှိသတ္တဝါ၊ ကိုယ်ချစ်ခင်တဲ့၊ ကိုယ်မြတ်နိုးတဲ့ ပစ္စည်းဝတ္ထုနဲ့ ကွဲကွာသွားရပြီဆိုတဲ့ ဒုက္ခမျိုးသည် အင်မတန်မှ ရွံ့မုန်းစရာ ကောင်းတယ်"တဲ့။

အဲဒါမျိုး မဖြစ်ရအောင် ချစ်ခင်မှုတွေကို လျှော့ချဖို့ ဝိပဿနာကျင့်စဉ်တစ်ခုကို တစ်ယောက်တည်း ကျင့်စမ်းပါ။ **ဧကော စရေ ခဂ္ဂဝိသာဏ ကပ္ပေါ**- အဲဒါတွေနဲ့ လွတ်ကင်းဖို့ ဆိုရင် တစ်ယောက်တည်း ကျင့်ပါတဲ့။

တစ်ယောက်တည်းဆိုတာ ဝိပဿနာကျင့်စဉ်ကို ကျင့်ခိုင်းတာပဲ။ ဝိပဿနာကျင့်စဉ်ဆိုတာ နှစ်ယောက်ကျင့်လို့မှမရတာ။ Group Maditation ဆိုတာလည်း ကိုယ့်ဘာသာကို လုပ်ရတာပဲလေ။ ထိုင်တာ အတူတူထိုင်ပေမယ့် ကိုယ့်စိတ်ကိုယ် ထိန်းရတာဆိုတော့ တစ်ယောက်တည်း ကျင့်တာပဲ။ အဲဒီလို ကျင့်ဖို့ဆိုပြီး (၇)ပါးမြောက် ပစ္စေကဗုဒ္ဓါအရှင်မြတ်က သူ့ရဲ့ ဘဝဇာတ်လမ်းကို ပြန်ပြီး ဟောပြတာဖြစ်တယ်။

**အဋ္ဌမ ပစ္စေကဗုဒ္ဓ**

(၈)ပါးမြောက် ပစ္စေကဗုဒ္ဓါဇာတ်လမ်းမှာ သူငယ်ချင်း (၅)ယောက် ရှိသတဲ့။ သူငယ်ချင်း (၅)ယောက်လုံး ပစ္စေကဗုဒ္ဓါ

ဖြစ်ဖို့ ဆုပန်လာခဲ့ကြတယ်။ ဗျာဒိတ်တွေ ရထားပြီး နောက်ဆုံး ဘဝ ရောက်တဲ့အခါ အဲဒီသူငယ်ချင်း (၅)ယောက်ထဲမှ အကြီးဆုံး က ဗာရာဏသီမှာ ဘုရင်ဖြစ်တယ်။ ကျန်တဲ့ (၄)ယောက်က တိုင်းငယ် ပြည်ငယ်လေးတွေမှာ အသီးသီး ဘုရင်တွေဖြစ်ကြ တယ်။ သို့သော် အဲဒီ(၄)ယောက်က စောစောစီးစီး ကမ္မဋ္ဌာန်း တရား အားထုတ်ရင်း ပစ္စေကဗုဒ္ဓါတွေ ဖြစ်သွားကြတယ်တဲ့။ ပစ္စေကဗုဒ္ဓါ(၄)ပါးလုံးသည် ဟိမဝန္တာ ဂန္ဓမာဒနတောင် နန္ဒမူ လိုဏ်ဂူမှာ သီတင်းသုံးနေကြတယ်။

သူငယ်ချင်း (၄)ယောက် ဆုံမိကြတဲ့အခါမှာ သူတို့ ဘာ ကုသိုလ်တွေ လုပ်ခဲ့ကြသလဲ၊ ဘယ်သူတွေနဲ့ လက်တွဲခဲ့ကြသလဲ လို့ အတိတ်ကို ပြန်ကြည့်ကြတယ်။ သူတို့မှာ သူငယ်ချင်း (၅)ယောက်ရှိတယ်။ အတိတ်ဘဝတုန်းက အတူတူ တရားကျင့် ခဲ့တဲ့ ပုဂ္ဂိုလ်တွေပဲ ဆိုတာကို ပြန်မြင်ကြတယ်။ သူတို့လုပ်ခဲ့တဲ့ အတိတ်က ကုသိုလ်ကောင်းမှုတွေကို ပြန်ပြီးအမှတ်ရကြတယ်။ အဲဒီလို အမှတ်ရတဲ့အခါ သူတို့ထဲက အကြီးဆုံး ဘယ်ရောက် နေသလဲဆိုပြီး ကြည့်လိုက်တဲ့အခါ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ် မင်းကြီး ဖြစ်နေတာကို တွေ့ကြတယ်။

"ဒို့ကတော့ အကျွတ်တရားရနေပြီ။ ဘုရင်ကြီးကို တစ်နည်းနည်းနဲ့ ပြောမှပဲ"လို့ ပစ္စေကဗုဒ္ဓါလေးပါးက တိုင်ပင်ကြ တယ်၊ အဲဒီအချိန်မှာ ဗာရာဏသီဘုရင်ကြီးမှာ ညအိမ်မက် ဆိုးတွေ မက်တယ်။ ဘုရင်ကြီးက ကယောင်ကတန်းထပြီး မင်းရင်ပြင်မှာ ဟိုပြေးဒီပြေးပြေးတယ်။ ကြောက်လန့်တုန်လှုပ်ပြီး ရူးသွားသလို ဖြစ်တယ်ပေါ့။

မနက်မိုးလင်းတဲ့အခါ ပုရောဟိတ်ပုဏ္ဏားကြီးက "အရှင်မင်းကြီး၊ ညက ချမ်းချမ်းသာသာ အိပ်ရရဲ့လား" ဆိုတော့ ညက သူ့အိမ်မက်ဆိုးတွေ မက်တဲ့အကြောင်း ပြောပြတယ်။

ပုရောဟိတ်ပုဏ္ဏားကြီးက ပြုံးတယ်။ အိမ်မက်ဆိုးကို ယတြာချေမှုဖြစ်မယ်တဲ့။ သူတို့ကလည်း ဒီအကွက် ချောင်းနေတာ။ ယတြာချေမှု ပိုက်ဆံရမှာကိုး။ "ဒီအိမ်မက်က တော်တော်ဆိုးတယ်။ အသက်အန္တရာယ် ဖြစ်နိုင်တယ်။ ရာထူးအာဏာအတွက်လည်း အန္တရာယ်ဖြစ်နိုင်တယ်" ဘုရင်ကြီးက ပိုကြောက်သွားတယ်။ သူတို့ကလည်းကြောက်အောင် အဆင်းကို ဘီးတပ်ပေးလိုက်တာနော်။

သူတို့ခေတ်က ယတြာဆိုတာ ယဇ်ပူဇော်တာ။ ယဇ်ပူဇော်တယ်ဆိုတာ အလွယ်လေး မအောက်မေ့လေနဲ့။ အလွန်အကုန်အကျများတယ်။ ဘုရင်တွေဆိုရင် တတ်နိုင်သမျှ သဗ္ဗသတက ယဇ် မှာ ဆိတ်အကောင် (၁၀၀)၊ နွားအကောင် (၁၀၀)၊ ကျွဲအကောင် (၁၀၀)၊ လူပါ,ပါသေးတယ် အကောင် (၁၀၀)ပေါ့နော်။ ရွှေတွေ၊ ငွေတွေ မြောက်များစွာနဲ့ သက်ရှိတွေကို သတ်ဖြတ်ပြီး ယဇ်ပူဇော်ပွဲလုပ်ရတယ်။

ကောသလမင်းကြီး အိမ်မက်တွေ ကယောက်ကယက် လျှောက်မက်ပြီး အဲဒီလိုယတြာချေဖို့ ကြိုးစားသေးတာပဲလေ။ မြတ်စွာဘုရားနဲ့တွေ့လို့သာ မလုပ်ဖြစ်တာကိုး။

အခုလည်း ပုရောဟိတ် အကြံပေးတွေက သူတို့ ရွှေတွေငွေတွေရဖို့အတွက် သားကောင်တွေကို သတ်ပြီးတော့ ယဇ်ပူဇော်ဖို့ အကြံပေးကြတယ်။ ဘုရင်ကြီးက သဘောတူလိုက်

တယ်။ အဲဒီမှာ သက်ရှိသတ္တဝါတွေ အကုန်လုံး ဖမ်းထားပြီး ယဇ်ပလ္လင်မှာ ကြိုးတွေနဲ့ချည်ထားတယ်။ တဖြည်းဖြည်း ယဇ်ပူဇော်တဲ့အချိန် နီးလာတယ်ပေါ့။

ပစ္စေကဗုဒ္ဓါတွေက အာရုံပြုပြီး ကြည့်လိုက်တဲ့အခါ "ဘုရင်ကြီးက ယဇ်ပူဇော်ပွဲ လုပ်တော့မှာပါလား။ မှားမှားယွင်းယွင်းတွေ လုပ်မိရင် ဒီအကုသိုလ်ကံ သူခံရတော့မယ်။ ဒို့သွားပြီး သတိပေးမှပဲ" ဆိုကာ ပစ္စေကဗုဒ္ဓါတွေက ကောင်းကင်ကနေ ပျံကြွလာပြီး နန်းရင်ပြင်မှာ ဆင်းကြတယ်။ (၄)ပါးတန်းစီပြီး နန်းရင်ပြင်သို့ ဆွမ်းခံဝင်ကြတယ်။ ဘုရင်ကြီးကလည်း စိတ်ညစ်နေလို့ လေသာတံခါး ဖွင့်ကြည့်လိုက်တဲ့အခါ နန်းရင်ပြင်မှာ ပစ္စေကဗုဒ္ဓါသူတော်စင်ပုဂ္ဂိုလ်(၄)ပါးကို တွေ့တယ်။ သူ့လူတွေကို အပင့်ခိုင်းပြီး ဆွမ်းကပ်လှူပြီး မေးလျှောက်တယ်။ "အရှင်ဘုရားတို့က ဘယ်သူတွေလဲ၊ ဘယ်ကလာကြတာလဲ၊"

ပစ္စေကဗုဒ္ဓါတွေက ဖြေကြတယ်-

"မင်းကြီး, ဒို့ဟာ ဘယ်သွားသွား ဘာအန္တရာယ်မှမရှိတဲ့ လွတ်လွတ်လပ်လပ် သွားလာနိုင်တဲ့ပုဂ္ဂိုလ်တွေပါ။" ဘုရင်ကြီးက ထပ်မေးတယ် "ကိုယ်တော်တို့က ဘာဖြစ်လို့ ဘေးကင်းတာလဲ" "ဒို့က သတ္တဝါတွေအားလုံးအပေါ်မှာ မေတ္တာထားတယ်၊ ကရုဏာထားတယ်၊ မုဒိတာပွားတယ်၊ ဥပေက္ခာထားတယ်။ ဒါကြောင့် တို့မှာ ဘေးရန်အန္တရာယ်ဆိုတာ မရှိဘူး။ ဘယ်အရပ်သွားသွား ကြောက်စရာဆိုတာလည်း မရှိဘူး။ အန္တရာယ်ဆိုတာလည်း မရှိဘူး။ အမြဲတမ်း မေတ္တာဘာဝနာပွားနေလို့ အရပ်(၄)မျက်နှာသည် တို့အတွက် အန္တရာယ်ကင်းနေတယ်" ပစ္စေကဗုဒ္ဓါ

အရှင်မြတ်တွေက ဤစကားကို မိန့်ကြားပြီး သူ့ရှေ့မှာပဲ ပြန်ကြွသွားကြတယ်။

ဘုရင်ကြီးတစ်ပါးတည်း စဉ်းစားကျန်ရစ်တယ်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေက ပြောသွားတယ် "မေတ္တာထားလို့ သတ္တဝါတွေအားလုံးရဲ့ အကျိုးစီးပွားကို လိုလားလို့ သတ္တဝါတွေ အပေါ်မှာ သနားလို့ သတ္တဝါတွေရဲ့ ပျော်ရွှင်နေမှုကို ဝမ်းသာနိုင်လို့ ဥပေက္ခာထားနိုင်လို့ သူတို့တွေ ဘေးရန်ကင်းတယ်လို့ပြောတယ်။ အခု ပုဏ္ဏားတွေက ငါ ဘေးရန်အန္တရာယ်တွေက လွတ်ဖို့ရာအတွက် သတ္တဝါတွေကို သတ်ခိုင်းနေတယ်။ ငါ့အလုပ်နဲ့ ဆန့်ကျင်နေတယ်" ဆိုပြီး စဉ်းစားတယ်။

နောက်ထပ် စဉ်းစားပြန်တယ် "သူတို့က မေတ္တာပွားရုံနဲ့ ဘေးရန်ကင်းတယ်ဆိုတော့ သတ္တဝါတွေကိုသတ်ပြီး ငါဘေးရန်ကင်းအောင်ကြိုးစားတဲ့နည်းက ဘာနဲ့တူတုန်းဆိုရင် မစင်ကြယ်တဲ့အရာကို မစင်ကြယ်တဲ့အရာနဲ့ ဆေးသလို ဖြစ်နေတယ်။ အကုသိုလ်ကို အကုသိုလ်နဲ့ ပြန်ဆေးသလို ဖြစ်နေပြီ။"

ပစ္စေကဗုဒ္ဓါတွေက အကုသိုလ်ကို ကုသိုလ်နဲ့ ဆေးတာ။ ဘေးရန်အန္တရာယ်ကို မေတ္တာပွားပြီး ကာကွယ်တယ်၊ ကရုဏာထားပြီး ကာကွယ်တယ်၊ မုဒိတာပွားပြီး ကာကွယ်တယ်၊ ဥပေက္ခာထားပြီး ကာကွယ်တယ်။ အဲဒါက သဘာဝကျတယ်။

ပုဏ္ဏားဆရာတွေပြောတဲ့ သတ္တဝါတွေကိုသတ်ပြီး ယဇ်ပူဇော်တယ်ဆိုတာ သတ္တဝါတွေကို ဒုက္ခပေးတာပဲ ဖြစ်တယ်။ သူများကို ဒုက္ခပေးခြင်းဖြင့် ဘေးရန်အန္တရာယ် ကင်းလွတ်တယ်ဆိုတာ မဖြစ်နိုင်ဘူး။ ကြောင်းကျိုး မဆီလျော်ဘူး။ ကိုယ်သေမှာ

ကြောက်လို့ သူများကိုသတ်ပြီး ဘေးအန္တရာယ်ကလွတ်တယ် ဆိုတဲ့နည်းဟာ မဟုတ်ဘူးလို့ စဉ်းစားတယ်။

အဲဒီလို စဉ်းစားပြီး သတ္တဝါတွေအပေါ်မှာ မေတ္တာပွား လိုက်တဲ့အခါ စိတ်ချမ်းသာမှုတွေ ရသွားတယ်။ ဖမ်းထားတဲ့ သတ္တဝါတွေ အကုန်ပြန်လွှတ်ဖို့ ဆုံးဖြတ်လိုက်ပြီး တိရစ္ဆာန်တွေ ရေကြည်ရေအေး သောက်ကြပါစေ၊ မြက်တွေ စားကြပါစေ၊ လွတ်လွတ်လပ်လပ် သွားကြပါစေ။ ဖမ်းထားတဲ့ လူသူ၊ သား ငှက်၊ တိရစ္ဆာန်တွေ အကုန်ပြန်လွှတ်ဖို့ ချက်ခြင်း အမိန့်ထုတ် လိုက်တယ်တဲ့။

အဲဒီလို ယဇ်ပွဲကြီးကို ဖျက်သိမ်းပြီး သတ္တဝါတွေအပေါ် မေတ္တာထားတယ်။ မေတ္တာဘာဝနာပွားရင်းကနေ ဝိပဿနာရှုပြီး နောက်ဆုံးမှာ ပစ္စေကဗောဓိဉာဏ်ရပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ် ဖြစ်သွားတယ်တဲ့။

သူ့ဘဝဇာတ်ကြောင်းကို ယခုလိုပြန်လည်ပြောပြခဲ့တယ်-

## (၈) စာတုဒ္ဒိသ ဂါထာအဖွင့်

**"စာတုဒ္ဒိသော အပ္ပဋိဃော စ ဟောတိ,**
**သန္တုဿမာနော ဣတရီတရေန**
**ပရိဿယာနံ သဟိတာ အဆမ္ဘီ၊**
**ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။**

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေက **စာတုဒ္ဒိသော-** ဘယ် အရပ်သွားသွား လွတ်လပ်တယ်၊ အန္တရာယ်မရှိဘူး၊ ကြောက် စရာ မရှိဘူးတဲ့။ အရပ်ဆယ်မျက်နှာ မေတ္တာပို့ထားတဲ့ ပုဂ္ဂိုလ်

တွေဆိုတော့ ဘယ်အရပ်သွားသွား ဘေးရန်အန္တရာယ်တွေ မရှိဘူးတဲ့။ **အပ္ပဋိဃော-** ဘယ်သတ္တဝါအပေါ်မှ နစ်နာစေလိုမှု တွေ မရှိဘူး၊ အားလုံးအပေါ်မှာ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ထားတယ်။ ဘယ်သူ့ကိုမှ ထိခိုက်နစ်နာအောင် မလုပ်ဘူးပေါ့။ **သန္တုဿမာနော ဣတရီတရေန-** ရှိတာလေးနဲ့ ကျေနပ်ပြီး နေကြတယ်တဲ့။ ကျေနပ်မှုတွေနဲ့ နေကြထိုင်ကြတဲ့ အကျင့်သည် အင်မတန်မှ ချမ်းသာတာပဲ။ **ပရိဿယာနံ သဟိတာ အဆမ္ဘီ-** အဲဒီပုဂ္ဂိုလ်တွေဟာ ဘေးရန်အန္တရာယ် မှန်သမျှကို သည်းခံနိုင်စွမ်းရှိတယ်၊ ကြောက်လန့်မှု မရှိဘူးတဲ့။

လူတွေက ကြောက်လို့လျှောက်လုပ်တာကိုး။ တစ်စုံတစ်ခု ဖြစ်လာပြီဆိုရင် ဗေဒင်ဆရာဆီပြေး၊ ယတြာချေနော်။ အိမ်မက် မကောင်းလို့ ကြောက်လို့ ယတြာချေတာ ရှိတယ်နော်။ ပစ္စည်း ဥစ္စာ ရချင်လို့ ယတြာချေတာလည်း ရှိတယ်။ ကြောက်လို့က ပိုပြီးတော့ ယတြာချေကြတယ်။

ပြင်ပက အန္တရာယ်ကို ပရိဿယ လို့ခေါ်တယ်။ ရောဂါ ဝေဒနာကိုလည်း ပရိဿယ လို့ခေါ်တယ်။ ရောဂါဖြစ်လို့လည်း ကြောက်ပြီး ယတြာချေကြတယ်။ အဲဒါကို အပြင်ဘက်က အန္တရာယ်တွေလို့ ပြောတာ။ နောက် အတွင်းအန္တရာယ်တွေ ကျတော့ သိပ်မကြောက်ကြပါဘူး။ အတွင်းအန္တရာယ်ဆိုတာ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ ဖြစ်တယ်။ အဲဒီ အန္တရာယ် တွေကို သည်းခံနိုင်စွမ်းရှိရမယ်။ သည်းခံတယ်ဆိုတာ လွှမ်းမိုး နိုင်စွမ်း ရှိရမယ်ပေါ့။ မလွှမ်းမိုးနိုင်ဘူးဆိုရင် ကိုယ်က အရှုံးပေး နေရာ ရောက်တယ်ပေါ့။

ပရိသာယာနံ သဟိတာ အဆမ္ဘိ- ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်လာတဲ့ ရောဂါဝေဒနာဆိုတဲ့ ဘေးရန်၊ အကုသိုလ်ဆိုတဲ့ ဘေးရန်တွေကို ကြံ့ကြံ့ခံနိုင်ရမယ်လို့ ဆိုလိုတာပေါ့။ ကြံ့ကြံ့ခံ တွန်းလှန်ပြီး ကြောက်ရွံ့တုန်လှုပ်မှု မရှိစေရဘူးဆိုတဲ့ လမ်းမှန် ပေါ် ဘုရင်ကြီး ရောက်သွားပြီး နောက်ဆုံးကျတော့ ပစ္စေက ဗောဓိဉာဏ်ရပြီး ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။

ဒီကျင့်စဉ်အတိုင်း ပစ္စေကဗုဒ္ဓါ အရှင်မြတ်က ပြန်ဟော တာ။ "အရပ်လေးမျက်နှာမှာ ဘေးကင်းအောင်နေ၊ ဘယ်သူ့ကို မှ အထိအခိုက်မလုပ်နဲ့၊ ရတာလေးနဲ့ ကျေနပ်ရောင့်ရဲ၊ ဘေးရန် အန္တရာယ်တွေ မှန်သမျှ ကြံ့ကြံ့ခံ သည်းခံနိုင်စွမ်း ရှိရမယ်၊ ဘာ ကိုမှ ကြောက်ရွံ့တုန်လှုပ်စရာ မရှိဘူး"တဲ့။

အဲဒီအနေအထားမျိုး ရောက်အောင် ဝိပဿနာကျင့်စဉ် တစ်ခုကို ကြံ့ချိုပမာ တစ်ယောက်တည်းကျင့်ပါလို့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်က သူ့ရဲ့ဘဝနဲ့စပ်ဟပ်ပြီးတော့ မေ့အမြင်ကိုဟောကြား ခဲ့တာ ဖြစ်ပါတယ်။

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ ပစ္စေက ဗုဒ္ဓါအရှင်မြတ်တို့ရဲ့ **ဘဝနဲ့မေ့အမြင်** ကို နာယူမှတ်သားကြပြီး တဲ့အခါမှာ ဒို့တတွေလည်း ဒို့ဘဝနဲ့မေ့ စပ်ဟပ်ကြည့်တတ်ပြီး ကောင်းတဲ့ဘက်ကို ဦးဆောင်ကျင့်သုံးဖို့ လိုအပ်တယ်လို့ ကိုယ်စီ ကိုယ်စီ သတိတရားရပြီး ကောင်းမြတ်တဲ့ အကျင့်တရားတွေကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

# ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဘဝနှင့် ဓမ္မအမြင်
# အပိုင်း (၆)

သာသနာတော်နှစ် ၂၅၅၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၇) ရက်၊ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ (၈)ရက် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးအတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်းအနားဝယ် ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၁၀၇/၁၀၉ ကိုကျော်ဌေး+မတင်တင်မော်၊ သမီး မဌေးအိန္ဒြာလှိုင်၊ မအေးချမ်းပိုပို သုမေဓာသက်နှင်းတိုက်မိသားစုတို့၏ အမတဒါန ဓမ္မဒါန အဖြစ်ဖြင့် ဟောကြားအပ်သော **"ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဘဝနှင့် ဓမ္မအမြင် အပိုင်း(၆)"** တရားဒေသနာတော်။

## ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ

သမ္မာသမ္ဗုဒ္ဓ ဘုရားပြီးလျှင် ပညာဉာဏ်အထက်မြက်ဆုံး၊ ပါရမီအရင့်သန်ဆုံး ပုဂ္ဂိုလ်တွေဟာ ပစ္စေကဗုဒ္ဓါပဲ ဖြစ်တယ်။ သမ္မာသမ္ဗုဒ္ဓဘုရား မပွင့်တဲ့ အချိန်ကာလတွေမှာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေ ပွင့်ပေါ်လာတတ်တယ်။ ပစ္စေကဗုဒ္ဓါတွေ ပွင့်လာတဲ့အခါ လောကသားတွေ ကုသိုလ်ကောင်းမှု ပြုခွင့်ရကြလို့ ထူးခြားတဲ့ဘုံဘဝတွေမှာ ဖြစ်ကြရတယ်။ နောက်ဆုံးမှာ ပါရမီ ကုသိုလ်တွေကြောင့် သံသရာဝဋ်က လွတ်ခွင့်ရကြတယ်ပေါ့။

သို့သော် ပစ္စေကဗုဒ္ဓါတွေနဲ့တွေ့ပြီး ပြစ်မှားမိလို့ သံသရာဝဋ်ဆင်းရဲထဲမှာ နစ်မြုပ်သွားတဲ့ ပုဂ္ဂိုလ်တွေလည်းရှိတာပဲ။ ဒါက ပစ္စေကဗုဒ္ဓါတွေရဲ့ အပြစ်မဟုတ်ဘူး။ လုပ်တဲ့ပုဂ္ဂိုလ်တွေရဲ့ အပြစ်သာဖြစ်တယ်လို့ ပြောရမှာပဲနော်။ ကျောက်တောင်ကြီးဆိုတာ သူ့ဘာသာသူနေတာ။ အဲဒီ ကျောက်တောင်ကြီးကို ခေါင်းနဲ့ သွားတိုက်လို့ ခေါင်းကွဲသေတယ်ဆိုရင် ကျောက်တောင်ရဲ့အပြစ် မဟုတ်ဘူး။ လုပ်သူရဲ့အပြစ်သာ ဖြစ်တယ်။

ပစ္စေကဗုဒ္ဓါဆိုတဲ့ ပုဂ္ဂိုလ်တွေသည် လောကထဲမှာ မွေးဖွားတာ ဖြစ်ပေမယ့်လို့ လောကအပြစ်ကို ရှုမြင်ပြီး လောကမှ လွတ်မြောက်အောင် သူတို့ကိုယ်တိုင် ကြိုးစားသွားနိုင်တဲ့ ပုဂ္ဂိုလ်တွေပဲ။ ဘယ်သူကမှ Guide Line မပေးပေမယ့် လောကမှာ မိမိတို့မြင်တဲ့အရာကို သင်ခန်းစာယူပြီး ဘဝက လွတ်မြောက်အောင် လုပ်နိုင်တဲ့ပုဂ္ဂိုလ်မျိုးတွေဖြစ်တယ်။ အင်မတန်မှ ထူးခြားပြီး အတိတ်ဘဝတုန်းက ပါရမီကုသိုလ်တွေကို ပြည့်စုံအောင် ဆည်းပူးအားထုတ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေမို့ ပစ္စေကဗုဒ္ဓါဆိုတာ ဖြစ်ရတာကိုး။

ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေနဲ့ ပတ်သက်ပြီး ခဂ္ဂဝိသာဏသုတ်ကို ဟောလာခဲ့တာ ဒီကနေ့ ကိုးဂါထာမြောက် ရောက်ပြီ။ နံပါတ်(၉)ဂါထာမှာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးရဲ့ ဘဝနဲ့ မွေအမြင်ကို ပြထားတာဖြစ်တယ်။

## (၉) ဒုသာဂ်ဟာ ဂါထာအဖွင့်

**"ဒုသာဂ်ဟာ ပဗ္ဗဇိတာပိ ဝေတော၊**
**အဏော ဂဟဏာ ဃရမာဝသန္တာ၊**
**အပ္ပေါဿသုက္ကော ပရပုတ္တေသု ဟုတွာ၊**
**ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ။"**

ဒီပစ္စေကဗုဒ္ဓါအရှင်မြတ်သည် သာမန်ပုဂ္ဂိုလ်မျိုး မဟုတ်ဘူး။ အတိတ်ဘဝတွေမှာ ပါရမီဖြည့်ကျင့်လာလို့ ပါရမီ အရင့်အသန်နဲ့ ဗာရာဏသီပြည်မှာ တိုင်းပြည်အုပ်ချုပ်တဲ့ မင်းတစ်ပါး ဖြစ်တယ်ပေါ့။

အဲဒီ ဘုရင်မင်းကြီးမှာ အင်မတန်မှအားကိုးရတဲ့ မိဖုရားကြီးက ငယ်ငယ်ရွယ်ရွယ်နဲ့ နတ်ရွာစံ ကံတော်ကုန်သွားတယ်။ ဒါကြောင့် သောကဖိစီးပြီး တိုင်းရေးပြည်ရေးကိစ္စတွေ မလုပ်နိုင်၊ မကိုင်နိုင် ဖြစ်ခဲ့တယ်။ မိဖုရားဆိုတာ သာမန် ကြင်ယာတော် မဟုတ်ဘူး။ တိုင်းပြည်မှာ တာဝန်ရှိတာတွေကို လုပ်ရသေးတယ် ပေါ့။

သူတို့ခေတ် အုပ်ချုပ်ပုံအရ မိဖုရားက မိဖုရားတာဝန် ဆောင်ရွက်ရတာတွေ ရှိတယ်ပေါ့။ မိဖုရားကြီး ကံတော်ကုန် သွားတဲ့အခါ မိဖုရားကြီး ဆောင်ရွက်ရမယ့်ကိစ္စတွေ လစ်ဟင်း နေတယ်။ ဒါကြောင့်မို့ အကြံပေး အမတ်ကြီးတွေက "အရှင် မင်းကြီး၊ အမျိုးတစ်ဦးဦးကို အဂ္ဂမဟေသီရာထူးပေးမှ ဖြစ်မယ်။ မိဖုရားကြီး လုပ်ရမယ့် တာဝန်ဝတ္တရားတွေ ခေါင်းဆောင်ပြီး တော့ လုပ်မယ့်ပုဂ္ဂိုလ် မရှိဘူး" လို့ သံတော်ဦးတင်ကြတယ်။

မြန်မာပြည်မှာ မင်းတုန်းမင်းကြီးက သူ့ရဲ့အစ်မတော်ကို မိဖုရားကြီးရာထူး ပေးထားတယ်။ အဲဒီ အစ်မတော်ကြီးကို သူကိုယ်တိုင် လေးစားတယ်။ မင်းတုန်းမင်းကြီးနဲ့ အဖေတူ အမေကွဲ မောင်နှမ တော်တယ်ပေါ့။ အဲဒီ မိဖုရားကြီးက ဗေဒင် အင်မတန်မှ တတ်ကျွမ်းတယ်။ မင်းတုန်းမင်းကြီးကို တစ်ဖက် တစ်လမ်း အကြံဉာဏ်တွေပေးတယ်။ တိုင်းရေးပြည်ရေး အုပ်ချုပ် ရေးမှာ အကူအညီတွေ အများကြီးပေးတယ်လို့ပြောတယ်။

ဘုရင်တွေမှာ အဂ္ဂမဟေသီဆိုတဲ့ ရာထူးသည် ထူးခြားတဲ့ ရာထူးတစ်ခုဖြစ်တယ်။ တိုင်းရေး ပြည်ရေး အုပ်ချုပ်ရေးမှာ ပါဝင်ပတ်သက်မှုတွေ ရှိတယ်ပေါ့။ သာမန် ကြင်ယာအနေနဲ့ မဟုတ်ဘဲ တိုင်းရေးပြည်ရေးကိစ္စတွေမှာ ပါဝင်ဆောင်ရွက်ရတာမို့ မိဖုရားလစ်လပ်တဲ့အခါ ဒီရာထူးအတွက် သင့်တော်တဲ့ပုဂ္ဂိုလ် ရှာရ မယ်ပေါ့။ ဒါကလည်း လုပ်ထုံးလုပ်နည်းတွေ သူတို့ခေတ်မှာ ရှိတယ်။ လုပ်ထုံးလုပ်နည်း မကျွမ်းကျင်တဲ့ပုဂ္ဂိုလ်ကို မိဖုရား မြှောက်လို့လည်း မရဘူးတဲ့နော်။ မိဖုရားတွေ တတ်အပ်တဲ့ အတတ်ပညာတွေတတ်မှ ဒီရာထူးက ပေးလို့ရတာတဲ့။

ဘုရင်ကြီးက မိဖုရားအသစ်ရှာဖို့ အမတ်ကြီးတွေကို "မင်းတို့စိတ်ကြိုက်ရှာကြ" အမိန့်ချလို့ လိုက်ရှာကြတယ်။ မိဖုရား တာဝန်ဝတ္တရားကို ဆောင်ရွက်နိုင်တဲ့ မိဖုရားလောင်းကို ရှာတဲ့ အခါ ဗာရာဏသီပြည်နဲ့ ပြည်နီးချင်း ဘုရင်တစ်ပါးရှိတယ်။ အဲဒီ ဘုရင်ကြီးက မကြာခင်ကပဲ နတ်ရွာစံသွားတော့ မိဖုရားကြီး ကိုယ်တိုင် တိုင်းပြည် အုပ်ချုပ်နေတယ်။ အဲဒီ မိဖုရားကြီးက အုပ်ချုပ်ရေးမှာ ကျွမ်းကျင်လိမ္မာလို့ အဲဒီ မိဖုရားကြီးကိုပဲ အဆိုပြု ကြတယ်။

ဒါကြောင့် အဲဒီ မိဖုရားကြီးကိုသွားပြီး တောင်းရမ်းကြတဲ့ အခါ မိဖုရားကြီးက ဘာပြောတုန်းဆိုရင် သူ့မှာ ကိုယ်လေး လက်ဝန် ဖြစ်နေသေးတယ်။ သားဖွားပြီးမှပဲ ရာထူးလက်ခံမယ် လို့ ပြောတယ်။ သို့သော် ဗာရာဏသီမင်းကြီးက "ကိစ္စမရှိဘူး၊ လာသာလာခဲ့" ဆိုပြီး ခေါ်ယူလိုက်တဲ့အခါ သူ့ရဲ့ အခြံအရံ ပရိသတ်နဲ့တကွ ဗာရာဏသီနန်းတော်ကို ရောက်လာခဲ့တယ်။ မိဖုရားရာထူးကို လက်ခံတယ်။ ဗာရာဏသီမင်းကြီးက လိုအပ် တာတွေ အကုန်လုံးပေးတယ်၊ သူ့နောက်ကလိုက်လာတဲ့ ပုဂ္ဂိုလ် တွေကိုလည်း လိုလေသေးမရှိအောင် ချီးမြှောက်ထားတယ်။

မိဖုရားကြီး သားကလေး မွေးဖွားလာတယ်။ ဘုရင်ကြီး က သူ့သားမဟုတ်မှန်း သိပေမယ့်လို့ သူမြှောက်စားထားတဲ့ မိဖုရားကြီးရဲ့သားဆိုပြီး သားအရင်းလို အင်မတန်မှချစ်တယ်။ သူ့ရင်ခွင်ထဲက မချဘူး။ သားလေးကို အမြဲတမ်း ချီပွေ့ပြီးထား တယ်။ မိဖုရားကြီးနဲ့ပတ်သက်တဲ့သူတွေကိုလည်း ဦးစားပေး တယ်။ သို့သော် မင်းသားလေး ၃-၄ နှစ်သား နားလည်တဲ့ အရွယ်ရောက်တဲ့အခါ မနာလိုတဲ့အမတ်တွေက မင်းသားလေးကို ကွယ်ရာမှာ ပြောကြတယ် "မင်းသား၊ ဒီဘုရင်က မင်းသားရဲ့ အဖေအရင်း မဟုတ်ဘူး။"

ကလေးဆိုတော့ အမတ်ကြီးတွေ ပြောတဲ့စကား နားယောင်ပြီး ဘုရင်ကြီးက ခေါ်လို့မရတော့ဘူး။ ဘုရင်ကြီးက ဘယ်လို ပွေ့ခေါ်ခေါ် မလိုက်တော့ဘူး။ အဲဒီလို ဖြစ်တဲ့အခါ ဘုရင်ကြီးက စိတ်မကောင်းဖြစ်တယ်။ "ငါက သူတို့ကို သွေးမခွဲ ဘဲနဲ့ သာတူညီမျှ စိတ်ထားပြီး ချီးမြှောက်လျက်နဲ့ ငါ့အပေါ်မှာ

သူတို့က ဒီလိုဆက်ဆံကြတယ်။ သားနဲ့ဂုံးတိုက်ကြတယ်။ လုပ်ရက်ကြတယ်။ လူတွေဆိုတာ အင်မတန်မှ ဆိုးတာပါလား” လို့ သံဝေဂစိတ်တွေ ဖြစ်သွားတယ်။

ဘုရင်ကြီးက “ဒီလူတွေနဲ့ ဆက်ဆံရတာ မကောင်းဘူး။ နောက်လူတွေလည်း ဒါမျိုးပဲဖြစ်မှာပါ။ ဘယ်လောက် ချီးမြှောက် ချီးမြှောက် လူတွေဟာ ကျေးဇူးမတင်တတ်ကြပါလား၊ ကိုယ့်ကိုယ်ကို ကောင်းအောင်လုပ်တာ ကောင်းတယ်။ ကိုယ့်ဘဝကိုယ် ကြိုးစားအားထုတ်မှ ဖြစ်တော့မယ်” ဆုံးဖြတ်ပြီး နောက်ဆုံး သင်္ကန်းဝတ်သွားလိုက်သတဲ့။

ဘုရင်ကြီး သင်္ကန်းဝတ်သွားတဲ့အခါ သူ့ရဲ့အခြံအရံတွေကလည်း လိုက်ပြီး သင်္ကန်းဝတ်ကြတယ်။ သာသနာပမှာ သင်္ကန်းဝတ်တယ်ဆိုတာ ဒီကနေ့ ဘုန်းကြီးမျိုးတော့ မဟုတ်ဘူးပေါ့နော်။ ဘုရင်ကြီးနဲ့ နောက်လိုက်နောက်ပါ အခြံအရံတွေကို လူတွေက ကြည်ညိုကြတယ်၊ လှူကြတယ်။

မွန်မြတ်ပေ့ဆိုတဲ့ အစာအဟာရတွေလှူတဲ့အခါ ဘုရင်ကြီးက နောက်လိုက်နောက်ပါ အခြံအရံတွေကို ကြီးစဉ်ငယ်လိုက် မျှမျှတတ ခွဲပေးတယ်။ သို့သော် “သူ့ကျတော့ ကောင်းတာပေးတယ်၊ ငါ့ကျတော့ ညံ့တာပေးတယ်။ သူ့ကိုတော့ ပိုကောင်းတာပေးတယ်၊ ငါ့ကျတော့ ညံ့တယ်။ သူ့ကို ပိုပေးတယ်၊ ငါ့ကျတော့ နည်းတယ်”။ ဘုရင်ကြီးရဲ့ နောက်လိုက်နောက်ပါ ပုဂ္ဂိုလ်တွေက အဲဒီလိုတွေးကြပြီး ဘုရင်ကြီးကို ကျေးဇူးမတင်ကြဘူး။

ဒါ့ကြောင့် ဘုရင်ကြီးက “ငါ့တပည့်တွေနဲ့လည်း တူတူနေလို့မဖြစ်ဘူး” ဆိုပြီး တိတ်တဆိတ် တောထဲထွက်သွားတယ်။

လောကကြီးအပေါ်မှာ သံဝေဂရပြီး ဝိပဿနာကျင့်စဉ်အတိုင်း မှန်ကန်တဲ့ အမြင်တွေနဲ့ ရှုမြင်တယ်။ သင်္ခါရတရားဆိုတာ ဘယ်အရာမှ မမြဲဘူး။ အားလုံး ဖြစ်ပြီးပျက်သွားတာပဲ။ ဖြစ်ပြီး ပျက်နေတဲ့ အရာတွေက နှိပ်စက်နေလို့ အားလုံးသည် ကျေနပ်စရာမကောင်းဘူး။ အဲဒီ ကျေနပ်စရာမကောင်းတဲ့ အရာတွေကို ကိုယ်ဘာမှ မတတ်နိုင်ဘူး။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘာဝရှုထောင့် (၃)မျိုးကနေပြီး လောကကြီးကို ဆင်ခြင်သုံးသပ်မိတဲ့အခါမှာ ပစ္စေကဗောဓိဉာဏ်ရရှိပြီး ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။

အဲဒီလို ပစ္စေကဗုဒ္ဓါ ဖြစ်သွားတဲ့အခါမှာ သူ့ဘဝ အတွေ့အကြုံကို ပြန်ပြီးတော့ဟောတာ။ သူ့ဘဝနဲ့ မဓမ္မအမြင်က ဘယ်လိုလဲဆိုတော့-

**ဒုဿသင်္ဂဟာ ပဗ္ဗဇိတာပိ ဧကေ** - ဘုန်းကြီးဝတ်နေပေမယ့် တစ်ချို့က ချီးမြှောက်ဖို့အတော်ခက်တယ်၊ ကျေးဇူး မတင်ဘူးတဲ့။ ရဟန်းအချင်းချင်း၊ သံဃာအချင်းချင်း သပိတ် သင်္ကန်းတွေပေး၊ ကျောင်းတွေပေး၊ စာတွေသင်ပေး ဘယ်လောက်ပဲ ချီးမြှောက်ချီးမြှောက် လူတွေရဲ့ သဘာဝသည် ကျေးဇူးကန်းတတ်တယ်တဲ့။

ဒုဿင်္ဂဟ- သူတို့ကို ချီးမြှောက်ထောက်ပံ့ဖို့ အလွန်ခက်တယ်တဲ့။ သားသမီးတွေကလည်း "အမေက ဘက်လိုက်တယ်၊ မျက်နှာလိုက်တယ်။ အဖေက မျက်နှာလိုက်တယ်။ ဟိုသားတော့၊ ဟိုသမီးတော့ ပိုချစ်တယ်"လို့ ပြောကြတယ်နော်။

မကျေနပ်မှုဆိုတာ ရှိတာပဲနော်။ မိသားစုထဲမှာလည်း ရှိတာပဲ၊ ဆရာတပည့်ထဲမှာလည်း ရှိတာပဲ၊ အသင်းအပင်းတွေ့၊

အသင်းအဖွဲ့တွေကြားထဲမှာလည်း ရှိတာပဲ၊ တိုင်းပြည်အုပ်ချုပ်နေတဲ့ထဲမှာလည်း ရှိမှာပဲ။ အဲဒါကို ဒီပစ္စေကဗုဒ္ဓါအရှင်မြတ်က သူ့ဘဝ၊ သူ့ဇာတ်လမ်း၊ သူ့ရဲ့အမြင်ကို ပြန်ပြီးတော့ပြောပြတယ်။

**အထော ဂဟဋ္ဌာ ဃရမာဝသန္တာ**- ရဟန်းဝတ်နေတဲ့ ပုဂ္ဂိုလ်တွေတင် မဟုတ်ဘူး၊ အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေကြတဲ့ ပုဂ္ဂိုလ်တွေလည်း ဒီအတိုင်းပါပဲတဲ့။ "ဟိုလူ့ မျက်နှာလိုက်တယ်၊ ဒီလူ့ မျက်နှာလိုက်တယ်၊ ဟိုလူ့ Favour ပေးတယ်၊ ဒီလူ့ Favour ပေးတယ်၊" နဲ့ ကျေနပ်တယ်လို့ သိပ်မရှိကြဘူးတဲ့။

အဲဒီတော့ သူ့ဘဝအတွက် သူကဆုံးဖြတ်တယ်၊ **အပ္ပေါ-ဿုက္ကော ပရပုတ္တေသု**။ 'ပရပုတ္တ' ဆိုတဲ့ အဓိပ္ပါယ်က ဒီနေရာမှာတော့ ကိုယ့်မှတစ်ပါး ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်လို့ ဆိုလိုတယ်။ ကိုယ့်သားပဲဖြစ်ဖြစ်၊ ကိုယ့်သမီးပဲဖြစ်ဖြစ်၊ ကိုယ့်အမျိုးပဲဖြစ်ဖြစ်၊ အားလုံး ဘယ်သူ့အပေါ်မှ ကြောင့်ကြမစိုက်တော့ဘဲနဲ့ ကိုယ့်တရား ကိုယ်လုပ်တာ ကောင်းတယ်လို့ ပစ္စေကဗုဒ္ဓါအရှင်မြတ်က ဆုံးဖြတ်ချက်ချခဲ့တယ်။ **ပရပုတ္တေသု**- တစ်ပါးပုဂ္ဂိုလ်တို့အပေါ်မှာ၊ **အပ္ပေါ ဿုက္ကော**- ကြောင့်ကြမစိုက်နဲ့တဲ့။

မိဘတွေကလည်း သားသမီး အရွယ်ရောက်ရင် လိုက်ပြီးတော့ ပူမနေနဲ့။ သူ့ဘာသာသူ ရပ်တည်လိမ့်မယ်။ နိုင်ငံခြားက သားသမီးတွေက (၁၈)နှစ် ဟိုဘက်ဆိုရင် မိဘတွေက သိပ်မပူကြတော့ဘူး။ တကယ် မပူဘူးလားတော့ မသိဘူးနော်။ သူတို့အနားမှာ တစ်ယောက်မှမရှိတော့ဘူး။ သေသေချာချာမေးကြည့်တဲ့အခါ သူတို့လည်း မကြိုက်တော့ မကြိုက်ဘူး။ သားသမီးကိုယ့်အနားရှိတာကြိုက်တဲ့ပုဂ္ဂိုလ်လည်း ရှိတယ်။

သို့သော် သူတို့ရဲ့ Society က အဲဒီလို ဖြစ်သွားတယ်။ (၁၈)နှစ် အရွယ်ရောက်တာနဲ့ တစ်ပြိုင်နက် ကိုယ့်ဘာသာကိုယ် ပျော်သလိုနေကြတာ။ flat တို့ ဘာတို့ငှားပြီး သွားနေကြတယ်။ အဲဒီမှာ မိတ်ဆွေတွေ၊ အပေါင်းအသင်းတွေနဲ့နေ၊ Boy friend တွေ၊ Girl friend တွေပေါ့။ မိဘဆီကို New Year လေး ဘာလေး ဆိုရင်တော့ Happy New Year ဆိုတာမျိုး ကဒ်ကလေးတော့ ပို့လိုက်တာပေါ့။ Christmas နေ့တွေဆိုလည်း Happy Christmas ဆိုတာလေးတော့ ပို့မှာပေါ့။ သူတို့ Society က ဒါလောက်ပဲ ရှိတာ။

မြန်မာရဲ့ Society က အဲဒီလို မဟုတ်ဘူး။ မိဘတွေက သားသမီးအပေါ်မှာ မြေးရသည်အထိတောင် မကဘူး တီ၊ တွတ် ထိအောင်လိုက်ပြီး ကြောင့်ကြစိုက်နေတာတွေ ရှိတယ်လေ။ မြေး၊ မြစ်၊ တီ၊ တွတ် အထိလိုက်ပြီး ကြောင့်ကြစိုက်ကြတယ်။

"**ခဂ္ဂဝိသာဏကပ္ပေါ-** ကြံ့ချိုပမာ၊ **ဧကော စရေ-** တစ်ယောက်တည်း တရားဘာဝနာ ပွားများပြီး သံသရာဝဋ်က လွတ်ရေးအတွက် ကြိုးစားသင့်တယ်" လို့ ပစ္စေကဗုဒ္ဓါက အဆုံးအမ ပေးသွားတာနော်။ သူကိုယ်တိုင် သူ့ဘဝ ခံစားရတာကို လက်တွေ့ပြပြီး ဟောတာ။ ဒါက ဒီ ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ ဘဝနဲ့ ဓမ္မအမြင်ပဲ ဖြစ်တယ်ပေါ့။

## (၁၀) ဘဝဇာတ်ကြောင်း

နောက်တစ်ခါ ဆယ်ဂါထာမြောက်ဟောတဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်လည်း ဘုရင်ဘဝက လာတာလဲဖြစ်တယ်။ အဲဒီ ဘုရင်

မင်းကြီး နန်းရင်ပြင်ကနေဆင်းပြီး အခြံအရံ ပရိသတ်တွေနဲ့ တောထဲ သစ်ပင်အောက်မှာ နေတတ်တယ်။ ဥယျာဉ်ထဲမှာ ဆိုတော့ လေကောင်းလေသန့် ရတယ်ပေါ့။ နန်းတော်ထဲမှာ မနေဘဲ မကြာခဏ ဥယျာဉ်ထဲထွက်ထွက်ပြီး သွားနေတယ်။

ပင်လယ်ကသစ်ပင်ဆိုတာ မြန်မာပြည်မှာ ဘယ်အပင် ခေါ်တယ်တော့ မသိဘူး။ ပါဠိမှာတော့ 'ကောဝိဠာရ' လို့ သုံးတယ်။ တာဝတိံသာ နတ်ပြည်ရဲ့ အထိမ်းအမှတ် သစ်ပင်ကလည်း ပင်လယ်ကသစ်ပင်ပဲ။ အဲဒီ ပင်လယ်ကသစ်ပင်ရင်းမှာ ရှိတဲ့ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာမှာ ထိုင်ပြီးတော့ မြတ်စွာဘုရားက အဘိဓမ္မာကျမ်းကို ဟောခဲ့တယ်။

ဘုရင်ကြီးက နွေရာသီ ပထမဆုံးလမှာ ဥယျာဉ်ထဲ တောလည်ထွက်တယ်။ နွေရဲ့ ပထမလဆိုတော့ အင်္ဂလိပ်လနဲ့ ဆိုရင် April လပေါ့ April ပတ်ဝန်းကျင်သည် နွေရာသီနော်။ မြန်မာဆိုရင်တော့ တန်ခူးလပေါ့။ အင်္ဂလိပ်တွေပြောတဲ့ မြန်မာပြည်မှာတော့ Summer နွေရာသီပေါ့။ အနောက်တိုင်းတို့ကြတော့ Spring နွေဦးရာသီခေါ်တာ။ နွယ်လေးတွေ၊ အညွန့်လေးတွေ ထွက်တဲ့ရာသီမို့ Spring ရာသီလို့ခေါ်တယ်။

အဲဒီ နွေဦးရာသီမှာ ပင်လယ်ကသစ်ပင်က အရွက်တွေ အုပ်အုပ်ဆိုင်းဆိုင်းနဲ့ဆိုတော့ ဘုရင်ကြီးက သူ နေ့လယ်ချိန် နားနေဖို့အတွက် အိပ်ရာသလွန်ကို အဲဒီ သစ်ပင်အောက်မှာ ခင်းခိုင်းတယ်။ အဲဒီ ပင်လယ်ကသစ်ပင်ရဲ့အရိပ်မှာ တစ်နေကုန် နေပြီး ညနေချမ်းရောက်မှ နန်းတော်ပြန်တယ်။

နွေလအလယ်ပိုင်းရောက်လာတဲ့အခါမှာ ပင်လယ်ကသစ်ပွင့်လေးတွေ ဖူးပွင့်လာတယ်။ နွေရာသီမှာပွင့်တဲ့ အပင်မျိုးပေါ့။ အဲဒီအခါမှာလည်းပဲ အပွင့်လေးတွေ၊ ဝတ်မှုန်လေးတွေ အောက်ကို ကြွေကျလာတယ်။ ဘုရင်ကြီးက အဲဒီအောက်မှာပဲ သလွန်ခင်းပြီး နားနေတယ်။ ပန်းပွင့်လေးတွေ၊ ဝတ်မှုံလေးတွေ သူအိပ်တဲ့ပေါ်မှာ ကြွေကျလာကြတယ်ပေါ့။ ဒါလေးကို သူသဘောကျလာတယ်။

နွေရဲ့ နောက်ဆုံးလ မြန်မာပြည်အနေနဲ့ ပြောမယ်ဆိုရင် ဝါဆိုလပေါ့။ မြန်မာရာသီဥတုနဲ့ တစ်ချို့လည်း တူချင်တူမှာပေါ့နော်။ အဲဒီရာသီရောက်တဲ့အခါကျတော့ ပင်လယ်ကသစ်ပင်က အရွက်တွေလဲပြီ။ မြန်မာပြည်မှာတော့ တပေါင်းလ ဆောင်းအကုန်လောက်မှာ အရွက်တွေလဲတယ်။ တန်ခူးလမှာ ရွက်သစ်တွေ ထိုးတယ်ပေါ့။ အခု ပင်လယ်ကသစ်ပင်ကတော့ နွေနောက်ဆုံးလမှာ အရွက်တွေကြွေကျပြီး တစ်ပင်လုံး အကိုင်းတွေချည်းပဲ ကျန်တယ်။

အဲဒီအချိန်မှာ ဘုရင်ကြီးက သစ်ပင်ကို မော့မကြည့်ဘဲ "ခါတိုင်းနေရာမှာ သလွန်ခင်းလိုက်ကြ"ဆိုတော့ အမတ်ကြီးတွေကလည်း သူခိုင်းတဲ့နေရာ သွားခင်းထားလိုက်တယ်။ ဘုရင်ကြီးက သလွန်ပေါ်မှာ လျောင်းစက်ရင်း အပေါ်မော့ကြည့်လိုက်တဲ့အခါ ပင်လယ်ကသစ်ပင်ကြီးမှာ အရွက်တစ်ရွက်မှမရှိဘူး၊ အပွင့်လည်း မရှိဘူးတဲ့။ အရင်တုန်းကတော့ အင်မတန်မှ လှပတဲ့အပွင့်တွေ၊ ဝတ်မှုန်တွေ ကြွေကျတယ်။ အရွက်တွေ ရှိတုန်းကလည်းပဲ အင်မတန်မှ စိမ်းစိမ်းစိုစို အရိပ်ကောင်းတယ်။ အခု နေပြောက်

ထိုးတော့မှ သူမော့ကြည့်လိုက်တဲ့အခါကျတော့ အရွက်လည်း တစ်ရွက်မှ မရှိဘူး။ သစ်ကိုင်းခြောက်ကြီးလို အပင်က ရိုးတံကြီး တွေ အပြည့်ဖြစ်နေတယ်တဲ့။

ဒါဟာ သာမန်အဖြစ် အပျက်တစ်ခုပဲပေ့ါ။ ဘုရင်ကြီးက တော့ သာမန်အဖြစ်အပျက်ထက် ကျော်လွန်ပြီး တွေးတယ်။ သလွန်ညောင်စောင်းပေါ်မှာ လျောင်းစက်ရင်း "အလွန်လှတဲ့ ဒီသစ်ပင်ကြီးသည် အခု ရိုးတံပဲကျန်ပါတော့လား။ ဒီသစ်ပင်သာ အဲဒီလိုဖြစ်တာလား။ ငါ့ခန္ဓာကိုယ်ရော ဒီလိုမဖြစ်ပေဘူးလား" လို့ သူက ဆင်ခြင်စဉ်းစားလာတယ်။

ဗဟိဒ္ဓကို အာရုံပြုပြီး အဇ္ဈတ္တဘက် ဦးလှည့်တယ်လို့ ပြောတာပေ့ါ။ ကိုယ့်ဘက်ကို လှည့်ကြည့်လာတယ်။ လူတွေ လည်း တဖြည်းဖြည်း သွေးသားတွေ ခန်းခြောက်လာတဲ့အခါ အရိုးချည်းပဲလေ။ သွားတွေ ကြွေသွားတဲ့အခါကျတော့ ပါးရိုး ကြီးတွေပေါ်လာပြီး မေးတွေ ရှေ့ထိုးကုန်တာပဲနော်။ သွားကျိုး၊ မေးတွေရှေ့ထိုး၊ နှာခေါင်းကြီးချွန်၊ အရုပ်ဆိုး အကျည်းတန် ဖြစ်လာတယ်။

အဲဒီတော့ ဘုရင်ကြီးက စဉ်းစားတယ်လေ- "ဒီ သစ်ပင် ကြီးလိုပဲ သက်ရှိသတ္တဝါတွေဟာလည်း ဘယ်အရာမှ မမြဲပါလား။ သက်မဲ့အရာ မမြဲသလို သက်ရှိတွေလည်း မမြဲဘူး။ တစ်နေ့ကျ တော့ ဒီသစ်ပင်ကြီးလို မမြဲတဲ့သဘောတရားသည် ဖြစ်လာမှာပဲ" လို့ အိပ်ရာညောင်စောင်းမှာ လျောင်းစက်ရင်းနဲ့ ဝိပဿနာ ဉာဏ်စဉ်တွေ တက်သွားတာနော်။

ဒီ ပစ္စေကဗုဒ္ဓါအလောင်းဟာ သလွန်ပေါ် အိပ်စက်ရင်း အထက်ကို မော့ကြည့်လိုက်ရာမှ သစ်ပင်ပေါ်မှာ သစ်ပင်ကြီး

အရွက်တွေ မရှိတာ၊ အကိုင်းကြီးတွေချည်း, ရိုးတံချည်း ကျန်တာကိုကြည့်ပြီး "ဩော်-ငါ့ခန္ဓာကိုယ်လည်း ဒီလိုဖြစ်မှာပဲ။ သက်ရှိသတ္တဝါတွေ အားလုံးသည် ဘယ်အရာမှမမြဲဘူး။ သက်မဲ့တွေလည်း အားလုံးမမြဲဘူး" လို့ ဝိပဿနာဉာဏ်နဲ့ ရှုမြင်သုံးသပ်တယ်တဲ့။ အဲဒီလို ရှုမြင်သုံးသပ်ရင်းပဲ ပစ္စေကဗောဓိဉာဏ်ရပြီး ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်တဲ့။

ဘုရင်ကြီး ပစ္စေကဗုဒ္ဓါဖြစ်သွားပြီး ညနေချိန်ရောက်တော့ အမတ်တွေက "အရှင်မင်းကြီး နန်းတော်ပြန်ဖို့ အချိန်တန်ပါပြီ" ဆိုတော့ "ငါ အရှင်မင်းကြီး မဟုတ်ဘူး။ ပစ္စေကဗုဒ္ဓါ ဖြစ်နေပြီ"တဲ့။ "အရှင်မင်းကြီး ပစ္စေကဗုဒ္ဓါဆိုတာ ဒီလိုမဟုတ်ဘူး"လို့ ပြောကြတဲ့အခါ သူ့ကိုယ်သူ ခေါင်းကို သုံးသပ်လိုက်တယ်။ တကယ့် လူအသွင်ပျောက်ပြီး ရဟန်းအသွင် ရောက်သွားတယ်တဲ့။ အဲဒီအခါမှာ လူတွေကို တရားဟောပြီး ကောင်းကင်ကနေ ပျံတက်သွားတယ်နော်။

## (၁၀) ဩရောပယိတွာ ဂါထာအဖွင့်

ပစ္စေကဗုဒ္ဓါအရှင်မြတ်က သူ့ဘဝနဲ့ ဆက်စပ်ပြီး ပြန်ပြောတယ်။

**ဩရောပယိတွာ ဂိဟိဗျဉ္ဇနာနိ၊**
**သဉ္ဆိန္နပတ္တော ယထာ ကောဝိဠာရော၊**
**ဆေတွာန ဝီရော ဂိဟိဗန္ဓနာနိ၊**
**ဧကော စရေ ခဂ္ဂဝိသာဏကပ္ပော။**

"ပင်လယ်က သစ်ပင်ကြီးသည် အရွက်တွေ အကုန်ခြွေချ လိုက်သလို ငါသည် လူ့အသွင်သဏ္ဍာန်များ အကုန်ဖယ်ပစ် လိုက်ပြီတဲ့။"

လူ့အသွင်သဏ္ဍာန်တွေဆိုတာ လူဝတ် လူစားနော်။ အိမ်ထောင်ရှိတာတွေ၊ သားသမီး ရှိတာတွေ၊ ပိုင်ဆိုင်တာတွေ အကုန်လုံး ဖယ်ပစ်လိုက်တယ်လို့ ဆိုလိုတယ်နော်။ နန်းတော် ကြီးလည်း စွန့်လွှတ်လိုက်တယ်၊ မင်းဝတ်, မင်းစား, မင်းမြှောက် တန်ဆာ ငါးပါးတွေ စွန့်လွှတ်လိုက်တယ်၊ အခြံအရံပရိသတ်တွေ အားလုံး စွန့်လွှတ်လိုက်တယ်၊ ရွှေတွေငွေတွေ အကုန်လုံး စွန့်လွှတ် လိုက်တယ်၊ ပိုင်ဆိုင်တဲ့ ဆင်မြင်းတွေ အကုန်စွန့်လွှတ်လိုက်တယ်။ ပင်လယ်ကသစ်ပင်ကြီးဟာ အရွက်တွေ ခြွေချလိုက်လို့ ရိုးတံချည့် ကျန်သလိုပဲ သူလည်း လူတွေရဲ့ အသွင်သဏ္ဍာန်၊ လူလို့ပြောပြ စရာ အကြောင်းအရာတွေ အားလုံးကို စွန့်လွှတ်လိုက်တယ်တဲ့။

ကာမဂုဏ် အာရုံတွေအပေါ် တွယ်တာမှုသည် လူရဲ့ အနှောင်အဖွဲ့ပဲတဲ့။ လောကလူသားတွေ နေ့စဉ်နဲ့အမျှ အလုပ် လုပ်နေကြတာ ဘာအတွက် အလုပ်လုပ်တာတုန်းမေးရင် နှစ်သက်စရာ အာရုံတွေရဖို့အတွက် အလုပ်လုပ်နေကြတာတဲ့။ မျက်စိက လှတာပတာကြည့်ပြီးတော့ ကျေနပ်ဖို့ နားက သာယာ တဲ့ အသံတွေ နားထောင်ပြီး ကျေနပ်ဖို့ နှာခေါင်းက မွှေးကြိုင်တဲ့ အနံ့တွေနဲ့ ကျေနပ်ဖို့ လျှာက ကောင်းတာလေးစားပြီး ကျေနပ်ဖို့ ခန္ဓာကိုယ်က အထိအတွေ့လေးနဲ့ ကျေနပ်ဖို့ဆိုတဲ့ ကျေနပ်စရာ အာရုံတွေပေါ်မှာတွယ်တာနေတဲ့ကာမတဏှာသည်၊ **ဂိဟိဗန္ဓန-** လူတွေရဲ့ နှောင်ကြိုးပဲတဲ့။

လူတွေဟာ သက်စွန့်ဆံဖျား ပစ္စည်းတွေ ရှာကြရတယ်။ ပင်လယ်ခရီး ဖြတ်သန်းပြီး ငွေရှာကြတယ်။ ကောင်းကင်က လေယာဉ်ပျံနဲ့သွားပြီး ရှာကြတယ်။ ဟိုနိုင်ငံ ဒီနိုင်ငံသွားပြီး ရှာကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီတဏှာအနှောင်အဖွဲ့ကြောင့် ရှာနေကြတာတဲ့။ အဲဒီအနှောင်အဖွဲ့တွေကို ရဲရဲတောက်တောက် အကုန်ဖြတ်လိုက်ပြီတဲ့။

အဲဒီလို ဖြတ်ပစ်ပြီး **ကော စရေ ခဂ္ဂဝိသာဏကပ္ပေါ**- ကြံ့ချိုပမာ ဝိပဿနာကျင့်စဉ်ကို တစ်ယောက်တည်း ကျင့်ကြပါလို့ သူ့ဘဝနဲ့ဆက်စပ်ပြီး ဟောလိုက်တဲ့တရားပဲ။

ပစ္စေကဗုဒ္ဓါအရှင်မြတ်ဟာ သူကိုယ်တိုင်ကလည်း လူ့ အနှောင်အဖွဲ့တွေကို ဖယ်ရှားလိုက်တယ်။ ပင်လယ်ကသစ်ပင်ကြီး အရွက်တွေ ခြွေချပြီး ရိုးတံကြီး ဖြစ်နေတာကို သူမြင်တာကိုး။ အဲဒီလိုပဲ လူ့ရဲ့အသုံးအဆောင်၊ လူ့ပစ္စည်း၊ လူနဲ့ သက်ဆိုင်တာတွေမှန်သမျှ အကုန်စွန့်တာ။ သူ့ကိုယ်သူ ရိုးတံချည်း ကျန်အောင် လုပ်တယ်ဆိုတဲ့ သဘောပေါ့။ လူ့ရဲ့ အနှောင်အဖွဲ့ဆိုတဲ့ အတွယ်အတာတွေ အကုန်လုံး ဖြတ်တောက်ပြီး ဝိပဿနာကျင့်စဉ်ကို ကျင့်ပါလို့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်က သူ့ဘဝနဲ့ မမှအမြင်ကို ဟောကြားသွားတာ ဖြစ်ပါတယ်။

## (၁၁) ဘဝဇာတ်ကြောင်း

နောက်နံပါတ် ၁၁-ဂါထာမှာ ပစ္စေကဗုဒ္ဓါအလောင်းသူငယ်ချင်း ၂-ယောက်က ကဿပဘုရား လက်ထက်တုန်းက ရဟန်းပြုပြီး တရားကျင့်ခဲ့ကြတယ်။ အဲဒီဘဝမှာ တရားကျင့်သော်လည်း တရားထူး တရားမြတ် မရကြဘူး။

အဲဒီလိုနဲ့ ကဿပမြတ်စွာဘုရား သာသနာကွယ်သွားပြီးနောက် ဂေါတမမြတ်စွာဘုရား မပွင့်မီစပ်ကြားမှာ တစ်နေ့တည်း တစ်ရက်တည်း ဗာရာဏသီပြည်မှာ လူလာဖြစ်ကြတယ်။ တစ်ယောက်က ဘုရင့်သား၊ တစ်ယောက်က ပုရောဟိတ်ရဲ့သား ဖြစ်တယ်။ နှစ်ဦးစလုံး တစ်နေ့တည်း မွေးကြတယ်။ ဖွားဖက်တော် နှစ်ယောက် အရွယ်ရောက်လာတဲ့အခါမှာလည်း ခင်မင်ရင်းနှီးကြတယ်။

ပုရောဟိတ်သားက ပညာရှိတယ်၊ စဉ်းစားတတ်တယ်။ သူက အကြံပေးတယ် "မင်းသား၊ တိုင်းပြည်မှာအုပ်ချုပ် မင်းလုပ်မယ်ဆိုရင် ကျွန်ုပ်လည်း ပုရောဟိတ် ဖြစ်မှာပဲ။ သို့သော် ကျွန်ုပ်တို့ ဘာပညာမှမတတ်ရင် တိုင်းပြည်အုပ်ချုပ်လို့ ရမှာမဟုတ်ဘူး။ ပညာသင်ကြရအောင်။ မင်းသားနဲ့တူတူ ပညာသင်ကြမယ်"လို့ အကြံပေးပြီး အတူတကွ ပညာသင်ထွက်လာခဲ့ကြတယ်။

တောနယ် ဇနပုဒ် ရောက်တဲ့အခါ ပစ္စေကဗုဒ္ဓါတွေ ဆွမ်းခံကြွလာတာနဲ့ဆုံကြတယ်။ တစ်ရွာလုံး အုံးအုံးကျွတ်ကျွတ် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေကိုပင့်ပြီး တရိုတသေ လှူကြတန်းကြတယ်၊ ရှိခိုးကြတယ်။

သို့သော် သူတို့ကို ဘုရင့်သားနဲ့ ပုရောဟိတ်ပုဏ္ဏားသား ဖြစ်ပေမယ့်လို့ လူတွေက ပစ္စေကဗုဒ္ဓါကို ရိုသေသလောက် အရိုအသေ မပေးကြဘူးတဲ့။

သူတို့က စဉ်းစားကြတယ်။ "ဒီ ပုဂ္ဂိုလ်ကြီးတွေဟာ ပညာတတ်လို့နေမှာပဲ။ သူတို့တတ်တဲ့ပညာကို ဒို့သင်ရအောင်"။ လူတွေ

ပြန်သွားတဲ့အခါမှာ ပစ္စေကဗုဒ္ဓါတွေဆီချဉ်းကပ်ပြီး သူတို့တတ်တဲ့ အတတ်ပညာကို သင်ပေးပါလို့ တောင်းဆိုကြတယ်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေက "ဒီလိုအဝတ်ဝတ်မှ သင်ပေးမှာ" ဆိုတော့ သူတို့နှစ်ယောက် ပစ္စေကဗုဒ္ဓါတွေထံမှာ သင်္ကန်းဝတ်လိုက်ကြတယ်။

သင်္ကန်းဝတ်ပြီးတဲ့အခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေက "ဒီပညာကို သင်တဲ့အခါမှာ နှစ်ယောက်နေလို့ မရဘူး။ မင်းတို့ သစ်ရွက်မိုးကျောင်းမှာ နှစ်ယောက်တူတူ မနေနဲ့၊ တစ်ယောက် စီပဲ နေရမယ်" ဆိုပြီး ကမ္မဋ္ဌာန်းတရား ဟောကြတယ်။

ပစ္စေကဗုဒ္ဓါက တရားမဟောဘူး ဆိုတာလည်း မဟုတ်ဘူး နော်။ အချို့က ပစ္စေကဗုဒ္ဓါကို Silent Buddha တိတ်တိတ်နေတဲ့ ဘုရားဆိုပြီး ဘာသာပြန်ကြတယ်။ ဘယ်ဟုတ်မှာတုန်း။ သူတို့ လည်း တရားဟောတယ်။ ဟောပေမယ့်လို့ အကျွတ်တရား ရအောင်တော့ မဟောနိုင်ဘူးလို့ ဆိုလိုတာနော်။ သူတို့သိတဲ့ တရားအတိုင်း ပြန်ဟောပေးတယ်။

အဲဒီတော့ လမ်းစဉ်တစ်ခုကို ပစ္စေကဗုဒ္ဓါတွေက ချပေး တယ်။ ပုရောဟိတ်ပုဏ္ဏားသားနဲ့ မင်းသားတို့က သစ်ရွက်မိုး ကျောင်းတစ်ကျောင်းစီနေပြီး ပစ္စေကဗုဒ္ဓါတွေခိုင်းတဲ့ ကျင့်စဉ် အတိုင်း ကျင့်ကြတယ်။ ပုရောဟိတ်ပုဏ္ဏားရဲ့ သားကတော့ သစ်ရွက်မိုးကျောင်းထဲဝင်ပြီး တရားထိုင်လိုက်တာ တစ်ခဏ တည်းပဲ သမာဓိဖြစ်ပြီး ဈာန်တွေရလာတယ်။ မင်းသားကတော့ တောင်တွေး မြောက်တွေးနဲ့ သမာဓိမရဘူး။ ပျင်းလာတယ်။ "ဘာမှန်းလဲမသိဘူး။ ဒီတဲအတွင်းမှာ ငုတ်တုတ်ကြီးထိုင်နေရတာ။

သူငယ်ချင်း ဘာလုပ်နေတုန်းသွားကြည့်ဦးမယ်”ဆိုပြီး ပုရောဟိတ်သားနေတဲ့ ကျောင်းဆောင်ကူးတာပေ့ါ။

သူငယ်ချင်းထံသွားပြီးစကားပြောတဲ့အခါ ပုရောဟိတ်သားရဟန်းမှာ အလုပ်ပျက်တာပေ့ါနော်။ မင်းသားက “သူငယ်ချင်း၊ ငါ သမာဓိလည်း မရဘူး။ ငုတ်တုတ်ကြီး ထိုင်နေရတာ ပျင်းစရာကြီး”လို့ ပြောတယ်။ ပုရောဟိတ်သားက “အဲဒါဆိုရင် မင်းသား ဒီမှာထိုင်”ဆိုပြီး ထိုင်ခိုင်းတယ်။ တရားဆိုတာ တစ်ယောက်တည်းလုပ်ရမှာ။ နှစ်ယောက်လုပ်လို့တော့မရဘူးဆိုတော့ မင်းသားက တစ်ခါ သူ့ကျောင်းသူပြန်သွားပြန်တယ်။

ခဏနေတော့ ပျင်းလို့တဲ့ တစ်ခါလာပြန်ပြီ။ တစ်နေ့ကို လေးခါလောက်လာတယ်။ ပုရောဟိတ်ရဲ့သားကတော့ သမာဓိတွေ တော်တော်ရနေပြီ။ မင်းသား ခဏခဏလာနေတော့ သူ စိတ်ပျက်လာတယ်။ အဲဒီတော့ မင်းသား မတွေ့အောင်ဆိုပြီး မင်းသားပြန်သွားတဲ့အချိန်မှာ တောထဲထွက်သွားပြီး ပုန်းနေလိုက်တယ်။

မင်းသားက လာပြီး သစ်ရွက်မိုးကျောင်းထဲ ကြည့်လိုက်တဲ့အခါ ပုရောဟိတ်သားကို ရှာမတွေ့ဘူး။ ဟိုကြည့် ဒီကြည့် ကြည့်တယ်။ ရှာမတွေ့တော့ တွေးမိတယ်။ “ဩော်၊ မြို့တော်မှာ နေတုန်းက ငါ့ကိုတွေ့ချင်လို့ လက်ဆောင်ပဏ္ဏာတွေနဲ့ စောင့်တာတောင် တစ်ချို့ တွေ့ခွင့်မရကြဘူး။ တွေ့ခွင့်တောင်းတဲ့ သူတိုင်းကို ငါက တွေ့ခွင့်မပေးဘူး၊ အခု ငါက တွေ့ချင်လို့ လာတာတောင် ငါ့ကို ရှောင်တိမ်းသွားတယ်။”

"ငါ့ဘဝဟာ ရှက်စရာကောင်းနေပါလား၊ သူတောင် နေနိုင်သေးတာ။ ငါကဘာလို့ မနေနိုင်ရမှာလဲ။ ငါ့စိတ်ကို ငါမနိုင်လို့ ဒီလိုဖြစ်နေတာ။ ငါ့စိတ်ကို ငါဆုံးမမယ်" ဆိုပြီး သူ့ကျောင်းသူ ပြန်ပြီး တရားအားထုတ်တယ်။ "ပစ္စေကဗုဒ္ဓါတွေက ပြောတယ်။ ဒီအလုပ်က တစ်ယောက်တည်း လုပ်ရမယ့်အလုပ်တဲ့။ ငါ တစ်ယောက်တည်း မရ,ရအောင်လုပ်မယ်" ဆိုပြီး စိတ်ကို ဖိနှိပ်ကြိုးစားတယ်။ ဝိပဿနာကျင့်စဉ်အတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်ရင်း မင်းသားဟာ ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။

ပုရောဟိတ်သားကလည်း မင်းသားကို ခြေရာဖျောက်ပြီး တရားကျင့်လိုက်တာ သူလည်း ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်တဲ့။ နှစ်ဦးစလုံး ပစ္စေကဗုဒ္ဓါ ဖြစ်သွားကြတယ်။ ပစ္စေကဗုဒ္ဓါဖြစ်တော့ ပစ္စေကဗုဒ္ဓါတွေ သီတင်းသုံးရာ ဂန္ဓမာဒနတောင် ကြွသွားကြတယ်။ ဂန္ဓမာဒနတောင်မှာ ပြန်ဆုံတယ်။ ပြန်ဆုံတဲ့အခါကျမှ အသီးသီးသူတို့ရဲ့ ဘဝသင်ခန်းစာနဲ့ ဓမ္မအမြင်တွေကို ပြန်ပြီးတော့ ပြောကြတယ်။

## (၁၁) သစေ လဘေထ ဂါထာအဖွင့်

အဲဒီလို ပြန်ပြောတဲ့အခါမှာ ပစ္စေကဗုဒ္ဓါတစ်ပါးက ဘယ်လို ပြောတုန်းဆိုတော့ -

**"သစေ လဘေထ နိပကံ သဟာယံ,**
**သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ၊**
**အဘိဘုယျ သဗ္ဗာနိ ပရိဿယာနိ,**
**စရေယျ တေနတ္တမနော သတီမာ။"**

"သတိကောင်းပြီး ရင့်ကျက်တဲ့ ပညာထက်မြက်တဲ့ အဖော်ကောင်း ရမယ်ဆိုရင် ကောင်းကျိုးချမ်းသာတွေကို ဖြစ်ပွားစေတတ်တဲ့ အနေအထိုင်မျိုးနဲ့ အဲဒီပုဂ္ဂိုလ်နဲ့ အတူနေပါတဲ့။ အဖော်ကောင်းရမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်မျိုးနဲ့ အတူနေပါ"။

ကောင်းကျိုးချမ်းသာ ဖြစ်ထွန်းနိုင်တဲ့ အနေအထားမျိုးမှာ အသိဉာဏ်ထက်မြက်ပြီး ခိုင်မာတဲ့စိတ်ဓာတ်ရှိတဲ့ပုဂ္ဂိုလ်နဲ့ အတူတကွ ကျင့်ကြံနေထိုင်ပါတဲ့။ တစ်ခါ "ဘေးရန်အန္တရာယ် အားလုံးကို ကျော်လွှားနိုင်အောင် အဲဒီပုဂ္ဂိုလ်နဲ့ အတူတကွ ဝမ်းမြောက်ဝမ်းသာ ကျင့်ကြံကြိုးကုတ် အားထုတ်ပါ"တဲ့။

ဆိုလိုတာကတော့ ကောင်းမြတ်တဲ့အဖော် ရှိရင်တော့ အဖော်ကောင်းနဲ့နေလို့ ပြောတာနော်။ ကိုယ့်ကို အကျိုးပြုမယ်၊ တရားစကားပြောမယ်၊ မှားနေရင် လမ်းညွှန်မယ်၊ အကြံကောင်း ဉာဏ်ကောင်းတွေပေးမယ်။ အဲဒီလို ရင့်ကျက် ထက်မြက်တဲ့ ပညာရှိတဲ့ အဖော်ကောင်းဆိုရင် သူနဲ့ အတူတကွ ကျင့်ကြံကြိုးကုတ်အားထုတ်ပါ။ အခက်အခဲ မှန်သမျှကို ကျော်လွှားပါ။ သူနဲ့ပဲ အတူနေပါလို့ ပစ္စေကဗုဒ္ဓါတစ်ပါးက ဓမ္မအမြင်ကို ပြောပြတယ်။

## (၁၂) နော စေ လဘေထ ဂါထာအဖွင့်

ပထမတစ်ပါးက အဖော်ကောင်းရမယ်ဆိုရင် သူနဲ့အတူကျင့်၊ အခက်အခဲတွေအားလုံးကိုကျော်လွှား၊ ဝမ်းမြောက်ဝမ်းသာ သူနဲ့အတူတကွနေတဲ့။ မရရင် ဘာလုပ်သင့်တယ်ဆိုတာ နောက်တစ်ပါးက ဆက်ပြောတယ်။

**နော စေ လဘေထ နိပကံသဟာယံ၊**
**သဒ္ဓိံစရံ သာဓုဝိဟာရိ ဓီရံ၊**
**ရာဇာဝ ရဋ္ဌံ ဝိဇိတံ ပဟာယ၊**
**ဧကော စရေ မာတင်္ဂ ရညေဝ နာဂေါ။**

"အဲဒီလို ရင့်ကျက်ထက်မြက်တဲ့, သတိပညာရှိတဲ့ပုဂ္ဂိုလ်မျိုး မရဘူးဆိုရင် ဘုရင်သည် ကိုယ်အောင်မြင်ထားတဲ့ အောင်မြေကို စွန့်လွှတ်ပြီး တစ်ယောက်တည်းကျင့်သလို ကျင့်ပါ"တဲ့။

နှစ်ပါးဟောသည့် တရားကို ပေါင်းစပ်လိုက်တဲ့အခါမှာ "ကောင်းမြတ်တဲ့ အဖော်ကိုရမယ်ဆိုရင် အတူကျင့်၊ ဘေးရန်ခပ်သိမ်းကို, အခက်အခဲတွေအားလုံးကို လက်တွဲပြီးကျော်လွှား။ အဲဒီလို အဖော်ကောင်းမရဘူးဆိုရင် တစ်ယောက်တည်း နေရမယ်"လို့ ဆိုလိုတယ်။ ဒီလို ပစ္စေကဗုဒ္ဓါ အရှင်မြတ်နှစ်ပါးက သူတို့ရဲ့ဘဝနဲ့ ဓမ္မအမြင်ကို ဟောကြားတာဖြစ်ပါတယ်။

တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့၊ **ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ရဲ့ ဘဝနဲ့ဓမ္မအမြင်**ကို ကြားနာကြရသဖြင့် မိမိတို့ရဲ့ဘဝမှာလည်း ဓမ္မနဲ့ရှုမြင်သုံးသပ်ပြီး မိမိတို့ဘဝ တိုးတက်ရာ တိုးတက်ကြောင်း နောက်ဆုံးမှာ သံသရာဝဋ်ဆင်းရဲက လွတ်ရာလွတ်ကြောင်း ကုသိုလ်တရားတွေကို ဖြစ်ပွားအောင် ကြိုးစားကြရမှာ ဖြစ်တယ်လို့ ကိုယ်စီကိုယ်စီသဘောကျပြီး ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

Final edition copy by-
**Htet Naing San (I-D-E)**

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဓမ္မ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄၊ ၀၉-၅၅၀၀၈၃၅

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
မိုးကောင်းဘုရားဝင်းအတွင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

၅။ **ပုရပိုက်ဓမ္မဖြန့်ချိရေး**
တိုက်(၄)၊ အခန်း(၅)၊ ရွှေဂုံတိုင်လမ်းမကြီး၊
တာမွေ Ocean Super Center နှင့် ရွှေဂုံတိုင်ဆေးရုံကြား။ ဗဟန်း။
ဖုန်း ၀၉-၂၅၈၂၇၂၇၁၁၊ ၀၉-၇၆၄၆၇၆၄၆၀

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး မှစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသ တဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓာသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝင့်ကြွေးများ
၅၂။ အထင်များ အမြင်များ
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘေသဇ္ဇဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝဇာဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

၆၃။ နိုင်သူနှင့်ရှုံးသူ

၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ

၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း

၆၆။ တရားထူးရနိုင်သူ

၆၇။ ကျေးဇူးသိခြင်း

၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်

၆၉။ ကာလာမသုတ် အနှစ်ချုပ်

၇၀။ ခုခံစွမ်းအား

၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်

၇၂။ အခွင့်ကောင်းကို ရအောင်ယူ

၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း

၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ

၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်

၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ

၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း

၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ

၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်

၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား

၈၁။ နိယျာနိကသာသနာ

၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်

၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၁၀၁။ အာနာပါနသသတိသုတ်အနှစ်ချုပ်
၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၁၀၅။ မေ့သံဝေဂနှင့် ဘဝဆည်းဆာ

၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စဒေသနာ ဓမ္မစကြာ
၁၂၀။ အားကိုးခြင်း
၁၂၁။ သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်
၁၂၂။ အတ္တဟိတ နှင့် ပရဟိတ
၁၂၃။ အသက်ရှည်လေ ပိုကောင်းလေ
၁၂၄။ မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ
၁၂၅။ အများအတွက် သံဃာတော်တို့၏ဆောင်ရွက်ချက်
၁၂၆။ သလ္လေခသုတ်အနှစ်ချုပ်

၁၂၇။ ကောသလဒေဝီမက်နှင့်ယနေ့ကမ္ဘာ
၁၂၈။ ဝိယတော ဇာယတေ သောကော
၁၂၉။ ဆရာမြတ်ကို ဆည်းကပ်ရမည့်အခါ
၁၃၀။ မေ့တာဝန်
၁၃၁။ ဥပုသ်သည်တို့၏ စကားဝိုင်း
၁၃၂။ ရှင်ပြုအလှူတော်မင်္ဂလာ အနုမောဒနာ
၁၃၃။ ပါရာယနဒေသနာ
၁၃၄။ နဂ္ဂတိဘုံသားတို့၏ အမှာစကား
၁၃၅။ မြတ်ဗုဒ္ဓသာသနာ နှင့်
သီတင်းကျွတ်လပြည့်နေ့အမှတ်တရများ
၁၃၆။ ဝိဝါဒမူလ(၆)ပါးနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမစကား
၁၃၇။ ကိုယ့်ဘဝ ကိုယ်ပြင်
၁၃၈။ ဝိပဿနာရှုဖွယ် တောလေးဆယ်
၁၃၉။ နယ်လှည့်ပောကြား မြတ်တရား အတွဲ(၁)
၁၄၀။ ပတ်ဝန်းကျင်ကိုရှုမြင်၍ မိမိဘဝကို ပြုပြင်ခြင်း
၁၄၁။ သူတော်ကောင်းသည် အားလုံးအတွက်ဖြစ်သည်
၁၄၂။ သူတော်ကောင်းတို့ တောင်းသောဆု
၁၄၃။ ဒုစရိုက်အကျိုး အဆိုးပုံရိပ်များ
၁၄၄။ အောင်မြင်ကြီးပွား စက်လေးပါး
၁၄၅။ စေတနာကောင်းလျှင် ကံကောင်းသည်
၁၄၆။ စိတ်ကောင်းရှိဖို့က ပထမ
၁၄၇။ တမလွန်ဘဝက ဆွေမျိုးများအရေး

၁၄၈။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၂)

၁၄၉။ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ကိုးပါး

၁၅၀။ မကျန်းမာသူများအတွက် အထူးနလုံးသွင်းတရား

၁၅၁။ မင်္ဂလာတရားနှင့်အညီ နိုင်ငံသစ်တည်

၁၅၂။ မာလုကျပုတ္တရဟန်းအတွက် အလုပ်ပေးတရား

၁၅၃။ အပြစ်တင်ခြင်းနှင့် ကဲ့ရဲ့ခြင်း

၁၅၄။ အတွေးများကို ဖယ်ရှားနိုင်ရမည်

၁၅၅။ မိလိန္ဒပဉှာ(ပထမတွဲ)

မိလိန္ဒမင်းနှင့် ရှင်နာဂသေနတို့၏ ဗုဒ္ဓဝါဒရေးရာ အမေးအဖြေပြောဆိုချက်များ

၁၅၆။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ ဘဝနှင့် မွေအမြင်(ပထမတွဲ)